# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ်ဖြင့် ဖြစ်ပြီး ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်၊ ကြာသပတေးနေ့။ Thursday, 12 September 2019 ၉၇၇၀


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘရူနိုင်းသံအမတ်ကြီးနှင့် ဇနီးတို့အား နှုတ်ဆက်နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် သံတမန်များအဖွဲ့နာယကဖြစ်သူ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ သံအမတ်ကြီး Mr. Pehin Orang Kaya Seri Pahlawan Colonel(R) Dato Paduka Haji Abdu’r Rahmani bin Dato Paduka Haji Basir နှင့် ဇနီးတို့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ နေအိမ်၌ လက်ခံတွေ့ဆုံ၍ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာစားပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဇနီးတို့ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဘရူနိုင်း သံအမတ်ကြီးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဇနီးတို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုမှ ယခုဘဏ္ဍာနှစ်အတွင်း ပြည်တွင်းလုပ်သား ၁၆၀၀၀၀ ကျော်ကို အလုပ်အကိုင်ဖန်တီးပေးနိုင်

**ရန်ကုန် စက်တင်ဘာ ၁၁**

ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုမှ ယခုဘဏ္ဍာနှစ်အတွင်း ပြည်တွင်းလုပ်သား ၁၆၀၀၀၀ ကျော်ကို အလုပ်အကိုင်ဖန်တီးပေးနိုင်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့်အရ ယခုဘဏ္ဍာနှစ် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် ဩဂုတ် ၃၀ ရက်အထိ ၁၁ လအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအရေအတွက် ၁၅၂ ခုမှ ပြည်တွင်းလုပ်သား ၁၇၀၀၀ ကျော်ကို အလုပ်အကိုင် ဖန်တီးပေးနိုင်ကြောင်း၊ ယခင်ခွင့်ပြုပြီးလုပ်ငန်းများမှလည်း လုပ်သားအင်အားတိုးမြှင့်ခြင်းကြောင့် ပြည်တွင်းလုပ်သား ၄၀ ကျော်ကို အလုပ်အကိုင် ဖန်တီးပေးနိုင်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ထို့ပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့်အရ ယခုဘဏ္ဍာနှစ် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် ဩဂုတ် ၃၀ ရက်အထိ ၁၁ လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအရေအတွက် ၂၅၂ ခုမှ ပြည်တွင်းလုပ်သား ၁၃၅၀၀၀ ကျော်ကို အလုပ်အကိုင် ဖန်တီးပေးနိုင်ကြောင်း၊ ယခင်ခွင့်ပြုပြီးလုပ်ငန်းများမှလည်း လုပ်သားအင်အားတိုးမြှင့်ခြင်းကြောင့် ပြည်တွင်းလုပ်သား ၁၃၀၀၀ ကျော်ကို အလုပ်အကိုင် ဖန်တီးပေးနိုင်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရ သိရသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ○**

**ကြေးမုံ ယနေ့ဖတ်စရာ**


ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ စနစ်တကျ သုံးစွဲတတ်အောင် လေ့ကျင့်သင်ကြားပေးရန်နှင့် အပြင်းစားဆေးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းကို စိစစ်ကြပ်မတ်တားဆီးပေးပါရန် တိုက်တွန်းကြောင်းအဆို ဆွေးနွေး စာမျက်နှာ » ၅

အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များအတွက် ဖွဲ့စည်းပုံရာထူးနှင့် ဘဏ္ဍာငွေသတ်မှတ်ချက်ရရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ပေးမည် စာမျက်နှာ » ၆




# ကြေးမုံ

## အသိဉာဏ်ပညာ ဟန်ချက်ညီတိုးပွား

အများပြည်သူ ဆည်းပူးလေ့လာမှတ်သားရာ အသိဉာဏ်ပညာဆိုင်ရာဌာန နှစ်မျိုးရှိသည်။ တစ်မျိုးမှာ လူအများအားလုံး လွတ်လပ်စွာဝင်ရောက်ဖတ်ရှုလေ့လာနိုင်သော စာကြည့်တိုက်နှင့် တစ်မျိုးမှာ အထူးကိစ္စရပ်အတွက် ကန့်သတ်ချက်ဖြင့် သီးသန့်လေ့လာနိုင်သော မော်ကွန်းတိုက်ဖြစ်သည်။ ယင်းနှစ်မျိုးတွင် နိုင်ငံတော်၏ ပြဋ္ဌာန်းချက်ဖြင့် ဖွင့်လှစ်ထားသော အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမော်ကွန်းတိုက်တို့သည် စုဆောင်းမှုနှစ်ပေါင်း ရှည်လျားလာသည်နှင့်အမျှ တန်ဖိုးကြီးမားသည့် ပညာရတနာသိုက်များဖြစ်လာသည်။

လူသားတို့သည် ငွေကြေးဥစ္စာများကိုရှာဖွေ၍ ရွှေ၊ ငွေ၊ ရတနာဥစ္စာပစ္စည်းများအဖြစ် ပြောင်းလဲစုဆောင်း သိမ်းဆည်းကြသည်။ ပညာဥစ္စာကိုမူ ရှာဖွေလေ့လာစုဆောင်းသိမ်းဆည်းလိုသူ နည်းသည်။ ပညာဥစ္စာဟူသည်ကား လူမခိုးနိုင်၊ မပျက်စီးနိုင်။ စီးပွားဥစ္စာသည်ကား သင်္ခါရသဘောအရ အကြောင်းအမျိုးမျိုးဖြင့် ပျက်စီးခြင်း၊ ကုန်ဆုံးခြင်းသို့ ရောက်နိုင်သည်ကို ဆင်ခြင်ကြရမည်ဖြစ်သည်။ မကုန်ဆုံးနိုင်သော အသိဉာဏ်ရတနာသိုက်ကြီးများ ရှိနေသည်ကိုလည်း သတိမူမိရမည်ဖြစ်သလို စုဆောင်းခြင်း၊ ဆည်းပူးခြင်း၊ လေ့လာခြင်းလည်း ရှိရမည်ဖြစ်သည်။

ပညာဥစ္စာစုဆောင်းခြင်းသည် လေ့လာရန်အတွက်ဖြစ်ပြီး လေ့လာနှင့်စုဆောင်း နှစ်ခုပေါင်း၍ မိမိတို့အကျိုးနှင့် နိုင်ငံအကျိုးကို တိုးတက်အောင်ဆောင်ကြဉ်းပေးကြရမည်ဖြစ်သည်။ လေ့လာမှုဆိုရာ၌ ပါဠိအားဖြင့် သုတ၊ မုခ၊ လေခ ဟူ၍ ကဏ္ဍသုံးခုရှိရာ မြန်မာလိုအားဖြင့် အကြား၊ စကား၊ စာ ဟူ၍ဖြစ်သည်။ ဤတွင် အကြားဟူသည့် သုတနှင့် စကားဟူသည့် မုခတို့သည် တည်မြဲမှု၊ ခိုင်မာမှု၊ ထင်ရှားမှု၊ တိကျမှု အားနည်းသည့် သဘောရှိပြီး လေခ စာသည်သာ တိကျမှု၊ ခိုင်မာမှု၊ ထင်ရှားမှု၊ လက်ဆင့်ကမ်းအမွေပေးဝေနိုင်မှုရှိသည်ကို သိရှိထားရမည်ဖြစ်သည်။

လူတို့ကို အသိဉာဏ်ပညာ လက်ဆင့်ကမ်းအမွေပေးဝေနိုင်သော ကမ္ပည်းမော်ကွန်းရေးထိုးအပ်သည့် မှတ်တမ်းတို့တွင် အစိုးရဌာန အဖွဲ့အစည်းဖြစ်စေ၊ အခြားအဖွဲ့အစည်းတစ်ခုခုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ဆောင်ရွက်သည့် သို့မဟုတ် ရေးသားပြုစုသည့် သို့မဟုတ် လက်ခံရရှိထားသည့် ကမ္ပည်းစာ၊ ပေစာ၊ ပုရပိုက်စာ၊ စာရွက်စာတမ်း၊ စာအုပ်စာတမ်း၊ ပုံနှိပ်စာပေ၊ လက်ရေးစာပေ၊ မြေပုံ၊ ဓာတ်ပုံများ၊ မိုက်ခရိုဖလင်များ၊ ရုပ်သံမှတ်တမ်းများ၊ မင်စာ၊ ကျောက်စာများမှသွင်းယူထားသော အထောက်အထားများ၊ အီလက်ထရွန်နစ်နည်းပညာဖြင့် ဆောင်ရွက်ထားသော မှတ်တမ်းများနှင့် စနစ်တကျစုစည်းထားသည့် အကြောင်းအရာ အချက်အလက်အားလုံး ပါဝင်သည်။ ဗဟုသုတရှာမှီးလိုသော ပြည်သူတို့အနေဖြင့် ပုံမှန်စာကြည့်တိုက်၊ ကိုယ်ပိုင်စာကြည့်တိုက်တို့ကိုသာ အားကိုးအားထားပြုပြီး အသိဉာဏ်ဗဟုသုတများစုဝေးရာ နိုင်ငံတော်၏ ပညာရတနာသိုက်ကြီးနှစ်ခုနှင့် အလှမ်းဝေးနေသည်ဟု ဆိုချင်ပါသည်။

ယနေ့အချိန်ကာလတွင် သုတ၊ မုခ ကဏ္ဍနှစ်ခုတို့သာ ပေါပေါလွယ်လွယ် ကျယ်ကျယ်ပြန့်ပြန့်ရှိနေရာ မတိကျ မရေရာ မခိုင်မာမှုတို့ကြောင့် မှန်ကန်သောအသိဉာဏ်အကျိုးမဖက်ဘဲ အဆိုးဘက်သို့သာ ယိုင်နေသည်ကို မြင်တွေ့နိုင်ကြမည်ဖြစ်သည်။ ထို့ကြောင့် စစ်မှန်သော အသိဉာဏ်ဗဟုသုတများ ပေးဝေနိုင်သော မှတ်တမ်း မှတ်ရာစာများ ထွန်းကားရေး၊ စုဆောင်းရှာဖွေသိမ်းရေး၊ နိုင်ငံသူ နိုင်ငံသားများ လွယ်လင့်တကူ စနစ်တကျလေ့လာနိုင်ရေး ဖြည့်ဆည်းပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တိကျခိုင်မာပြီး အကျိုးများသော စာများအား ရှာဖွေခြင်း၊ ထုတ်ဝေခြင်း၊ စုဆောင်းခြင်းနှင့် လေ့လာခြင်းတို့ကို ဟန်ချက်ညီညီစုပေါင်း၍ တိုင်းပြည်နှင့်လူမျိုး ကောင်းကျိုးများကို ဝိုင်းဝန်းဆောင်ကြဉ်းပေးကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ဩဂုတ်လအတွင်း ပြည်ပသို့တရားဝင် အလုပ်သွားရောက်လုပ်ကိုင်သူ ၃၃၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၂၈၀၀၀ ကျော်ခန့်ထားနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၁**
နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးချင်း ဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမား လုံလောက်စွာခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ဩဂုတ်လအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်အကိုင်ရရှိမှုမှာ အစိုးရအလုပ် ၆၁၆ ဦးနှင့် ပုဂ္ဂလိကအလုပ် ၂၈၃၆၆ ဦး စုစုပေါင်း ၂၈၉၈၂ ဦးကို အလုပ်အကိုင်ရှာဖွေပေးနိုင်ခဲ့သည်။

ဩဂုတ်လအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအနေဖြင့် မလေးရှားနိုင်ငံသို့ ၇၈၆၆ ဦး၊ စင်ကာပူနိုင်ငံသို့ ၂၃ ဦး၊ ကိုရီးယားနိုင်ငံသို့ ၃၉၂ ဦး၊ ထိုင်းနိုင်ငံသို့ ၂၄၅၈၃ ဦး၊ ဂျပန်နိုင်ငံသို့ ၇၆၁ ဦး၊ ယူအေအီးနိုင်ငံသို့ ၂၉ ဦး၊ ဂျော်ဒန်နိုင်ငံသို့ ၁၄၁ ဦး၊ ကာတာနိုင်ငံသို့ ၁၀ဦး စုစုပေါင်း ၃၃၈၀၅ ဦးတို့အား ပြည်ပအလုပ်အကိုင် ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အစားအသောက် ဘေးကင်းရေးဆိုင်ရာဆွေးနွေးပွဲ ကျင်းပမည်




**ရန်ကုန် စက်တင်ဘာ ၁၁**
အစိုးရတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပညာရှင်များအကြား အစားအသောက်ထုတ်လုပ်ရေးနှင့်စပ်လျဉ်းသည့် အခက်အခဲများ၊ အခွင့်အလမ်းများကို ဆွေးနွေးနိုင်ရန်အတွက် အစားအသောက် ဘေးကင်းရေးဆိုင်ရာ ဆွေးနွေးပွဲ (Food Safety Forum 2019) ကို ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ် (Bagan Room)၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

အဆိုပါဆွေးနွေးပွဲကို Myanmar Innovative Life Sciences (MILS) ကုမ္ပဏီ၊ မြန်မာစားသုံးသူများသမဂ္ဂ (Myanmar Cosumer Union) နှင့် အစာအာဟာရဆိုင်ရာ သိပ္ပံနှင့် နည်းပညာအသင်း (FoSTA Myanmar) တို့က ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး METRO Wholesale Myanmar၊ City Mart Holdings Ltd(CHML)၊ မဲခေါင်ဒေသတွင်းနိုင်ငံများအကြား အစိုးရချင်းချိတ်ဆက်ဖွဲ့စည်းထားသည့် Mekong Institute တို့က ကူညီပံ့ပိုးပေးထားကာ လာမည့်စက်တင်ဘာ ၂၈ ရက်တွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အစားအသောက် ဘေးကင်းရေးဆိုင်ရာ ဆွေးနွေးပွဲအား မြန်မာနိုင်ငံတွင် အစားအသောက် စိုက်ပျိုးထုတ်လုပ်ရောင်းချနေသော ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်များနှင့် အရည်အသွေးစမ်းသပ်စစ်ဆေးရေးတာဝန်ရှိသူများ တက်ရောက်လေ့လာပြီး လက်ရှိရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများကို မေးမြန်းဆွေးနွေး အဖြေရှာနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်း၊ နို့နှင့် နို့ထွက်ပစ္စည်းလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ အသင့်စား အစားအစာလုပ်ငန်းများ၊ အဖျော်ယမကာလုပ်ငန်းများ၊ ကိတ်မုန့်၊ ပေါင်မုန့်နှင့် မုန့်အမျိုးမျိုး စသည့် အစားအသောက် ကဏ္ဍပေါင်းစုံမှ တာဝန်ရှိသူ ၄၀၀ ခန့် တက်ရောက်လေ့လာနိုင်ရန် စီစဉ်ထားကြောင်း ယနေ့ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

ဆွေးနွေးပွဲတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၊ စားသုံးသူရေးရာဦးစီးဌာန (DOCA) နှင့် လွှတ်တော်ကော်မတီများမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO) စသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ သံရုံးများမှ အစားအသောက်ဘေးကင်းရေးဆိုင်ရာ ပညာရှင်များ တက်ရောက်ဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုထက်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၁-၉-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၀၀၀ | ၁၂,၀၀၀ | ၁,၄၂၀ | ၁၆,၈၅၄,၀၀၀ |
| MTSH | ၄,၅၀၀ | ၄,၄၀၀ | ၄,၉၈၂ | ၂၂,၂၃၇,၀၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၁၂၅ | ၁,၀၅၀,၀၀၀ |
| FPB | ၂၅,၅၀၀ | ၂၅,၅၀၀ | ၅၈၀ | ၁၄,၇၉၀,၀၀၀ |
| TMH | ၃,၀၅၀ | ၃,၀၅၀ | ၅၂၉ | ၁,၆၁၃,၄၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် စက်တင်ဘာ ၁၁**

ရန်ကုန်(ရွှေဈေး) ၁၂၂၇၀၀၀ မန္တလေး(ရွှေဈေး) ၁၂၂၇၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၇၀/၉၀၀ ကျပ် | ၉၁၀/၉၂၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၆၀/၈၉၅ ကျပ် | ၉၃၀/၉၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၀/၈၀၅ ကျပ် | ၈၃၀/၈၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၈၀/၉၁၀ ကျပ် | ၉၂၅/၉၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၈၅၀/၈၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၆၀/၈၆၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၅၀/၇၅၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၈.၃ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၈၅.၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၄.၇၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၉.၉၂၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၅.၆၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၃၀၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၁၈.၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၇.၉၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၉.၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၀၇.၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်။

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၄၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၄၁၁၂၈၊ ၀၆၇-၃၄၁၁၃၀၊ ဖက်စ် ၀၆၇-၃၄၁၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဟန်ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

# အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၁**
၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/ ၂၀၁၉) ကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စု လွှတ်တော်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ဦးစီးကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကက ယနေ့ အစည်းအဝေးသည် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားမတိုင်မီ ကျင်းပသည့် နောက်ဆုံးအစည်းအဝေးဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီများမှ ဆောင်ရွက်ထားရှိမှုများကို ယနေ့ သဘင်ဆောင်သို့ သွားရောက်ကြည့်ရှုရာတွင် လုပ်ငန်းအားလုံးနီးပါး ပြီးစီးသလောက် တွေ့ရှိရပါကြောင်း၊ နောက်ဆုံး အစည်းအဝေးဖြစ်၍ ဆုံးဖြတ်ရန်ကိစ္စများ ကျန်ရှိသေးပါက တင်ပြဆုံးဖြတ်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးဆောင်ရွက်ရန်များ တင်ပြ**

ဆက်လက်၍ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက ယနေ့အစည်းအဝေးသည် နောက်ဆုံးအစည်းအဝေးဖြစ်၍ လုပ်ငန်းကော်မတီ ငါးခုမှ ဆွေးနွေးဆောင်ရွက်ရန်များ ကျန်ရှိပါက တင်ပြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီများအလိုက် ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကက နိဂုံးချုပ် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၁**
ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စု အစိုးရအဖွဲ့က ပေးပို့လာသော ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ လုပ်ငန်းရှင်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ဗြိတိန် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၁**
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး Mr. Daniel Patrick Chugg နှင့် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဗြိတိန် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ၊ ဗြိတိန်နိုင်ငံမှ မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်သည့် အသက်အာမခံလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ အခွင့်အလမ်းများ၊ Project Bank နှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (PPP) ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **သတင်းစဉ်**

# မိုင်းဖြတ်မြို့နယ်၌ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပေးအပ်

**မိုင်းဖြတ် စက်တင်ဘာ ၁၁**
ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်ကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများမှ ပြည်သူများအား ပဉ္စမအကြိမ်မြောက် ထောက်ပံ့ငွေပေးအပ်ခြင်းကို စက်တင်ဘာ ၇ ရက်က မိုင်းဖြတ်မြို့နယ် နမ့်ကုန်းကျေးရွာအုပ်စု ဟောင်ဟင်ကျေးရွာနှင့် ပါဆန်းကျေးရွာတို့၌ တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် ဝန်ထမ်းများသည် ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်စီမံကိန်းအကြောင်း ရှင်းလင်းပြောကြားပြီး ပဉ္စမအကြိမ်အဖြစ် ကျေးရွာမြစိမ်းရောင်စီမံကိန်းကော်မတီအား တစ်ပိုင်တစ်နိုင်သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီမံကိန်းထောက်ပံ့ငွေကျပ် ၂၆၅ သိန်းကို လွှဲပြောင်းပေးအပ်ကြသည်။

ယခု ပဉ္စမအကြိမ် ထောက်ပံ့ပေးအပ်ရာတွင် စိုက်ပျိုးရေးလုပ်ကိုင်သူ ၁၅ ဦးတို့အား အများဆုံးငွေကျပ်သိန်း ၃၀ နှင့် အနည်းဆုံးငွေကျပ် နှစ်သိန်းတို့ဖြင့် ထုတ်ပေးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

☆ ကျောဖုံးမှ

သကြားစက်လုပ်ငန်း ကုမ္ပဏီအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်တွင်း သကြားလုပ်ငန်းရှင်များ၊ ကြံစိုက်တောင်သူကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် NGO အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက နိုင်ငံတော်အနေဖြင့် ၂၀၁၆ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် နိုင်ငံတော်၏စီးပွားရေးမူဝါဒ ၁၂ ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ဆောင်မည့်မူကို ချမှတ်ခဲ့ပါကြောင်း။

ကြံသီးနှံသည် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် စီးပွားဖြစ်စိုက်ပျိုးသည့် အရေးကြီး စက်မှုကုန်ကြမ်းသီးနှံတစ်ခုဖြစ်ပါကြောင်း၊ ကြံသီးနှံအပြင် မုန်လာဥနီ၊ ပီလောပီနံစသည့် ကုန်ကြမ်းသီးနှံများစွာမှ သကြားထုတ်လုပ်နိုင်သော်လည်း မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားတွင် ကြံသီးနှံကိုသာ သကြားထုတ်လုပ်ရေး၏ ဦးစားပေးကုန်ကြမ်းသီးနှံတစ်ခုအဖြစ် စိုက်ပျိုးကြပြီး ပြည်တွင်းစားသုံးမှုအတွက်သာမက ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရန်အတွက်ပါ ကြံသကြား ထုတ်လုပ်နေကြခြင်းဖြစ်ပါကြောင်း။

**စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးတွင် အထောက်အပံ့ဖြစ်လာမည်**

မြန်မာ့သကြားစက်မှုလုပ်ငန်းသည် ပြည်တွင်းစားသုံးမှု၊ သကြားကုန်ကြမ်းအခြေခံစားသောက်ကုန်လုပ်ငန်းများနှင့် သကြားပို့ကုန်တို့အတွက် အရေးပါသည့် စိုက်ပျိုးရေး အခြေပြုစက်မှုလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ကြံသီးနှံသည် ဘက်စုံသုံးစက်မှုကုန်ကြမ်းသီးနှံဖြစ်ပြီး အဓိကထွက်ကုန်သကြားအပြင် ဘေးထွက်ပစ္စည်းများဖြစ်သည့် တင်လဲရည်၊ ကြံမြှုပ်ချေး၊ ကြံကြိတ်ဖတ်နှင့် ကြံစိုက်ကွင်းထဲမှ ခုတ်သိမ်းပြီး ကြံသီးနှံအကြွင်းအကျန်များကိုလည်း အရက်၊ ဇီဝလောင်စာဆီ၊ သဘာဝမြေသြဇာ၊ စက္ကူ၊ ဘုတ်ပြား၊ အသုံးအဆောင်ပစ္စည်းများ၊ အဆောက်အဦပစ္စည်းများ စသည်တို့ကို ထုတ်လုပ်သုံးစွဲနိုင်သည့်အတွက် စနစ်တကျ စီမံဆောင်ရွက်နိုင်ပါက နိုင်ငံတော်၏စီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးတွင် အရေးကြီးသည့် အထောက်အပံ့ဖြစ်လာမည်ဖြစ်ပါကြောင်း။

နိုင်ငံတစ်ဝန်းတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်း တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ သကြားအခြေခံစားသောက်ကုန်များဖြစ်သည့် အချိုရည်၊ ကော်ဖီမစ်၊ တီးမစ်၊ ကိတ်မုန့်၊ သစ်သီးယို၊ နို့ထွက်ပစ္စည်းများ စားသုံးမှုနှုန်းသည်လည်း မြင့်မားလာခဲ့ပါကြောင်း၊ ထို့ကြောင့် သကြားအခြေခံစားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းအရေအတွက် များပြားလာသကဲ့သို့ ထုတ်ကုန်အမျိုးအစားနှင့် အရည်အသွေးလည်း တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း။

ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိလာခြင်းနှင့်အတူ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာသည်နှင့်အမျှ ကျေးလက်ဒေသများ၏ စားသောက်ကုန်လုပ်ငန်းများသည် အိမ်တွင်းအသေးစားလုပ်ငန်းများမှတစ်ဆင့် စီးပွားဖြစ် စားသောက်ကုန်ထုတ်လုပ်ရေးအဆင့်ကို ပြောင်းလဲလာနိုင်ပါကြောင်း၊ ထို့ကြောင့် ယခုကာလကို လယ်ယာစီးပွားရေးဖွံ့ဖြိုးမှု (Agribusiness Development) အဆင့်ကို တိုးတက်ပြောင်းလဲရန် အရှိန်ယူနေသည့်ကာလဟု ပြောရမည်ဖြစ်ပါကြောင်း။

မြန်မာ့သကြားစက်မှုလုပ်ငန်းအနေဖြင့် ပြည်တွင်းစားသောက်ကုန်လုပ်ငန်း၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ကြံတိုးချဲ့စိုက်ပျိုးရေးနှင့် မိမိတို့စက်ရုံများက အရည်အသွေးမီသကြားများ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ဘေးထွက်ပစ္စည်းများကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေးကိုလည်း စီမံဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ပိုလျှံသကြားများကိုလည်း ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး ကုန်သွယ်ရေးသဘောတူညီချက်များရရှိရန်လည်း ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း။

**✻ ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရေးတွင် ကြံစိုက်တောင်သူများ၏ အကျိုးစီးပွားကို မြှင့်တင်ပေးနိုင်ရေးသည် အဓိကကျ**

**✻ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အဆင့်မြှင့်တင်ဆောင်ရွက်နေသည့် ပညာရှင်များအနေဖြင့် စိုက်ပျိုးနည်း ပညာပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ လက်လှမ်းမီရရှိ စိုက်ပျိုးနိုင်ရေးအပြင် ကြံစိုက်တောင်သူနှင့် သကြားစက်ရုံအကြား ကြံသီးနှံကန်ထရိုက်စိုက်ပျိုးစနစ်တစ်ခုကို တည်ထောင်ဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်ပြီး အပေးအယူမျှတကောင်းမွန်ရန်၊ အဆင်ပြေချောမွေ့စေရန်အတွက် စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ပေးရန်လည်းလို**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ့ကြံသကြားကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှု လေ့လာစဉ်။

ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရေးတွင် ကြံစိုက်တောင်သူများ၏ အကျိုးစီးပွားကို မြှင့်တင်ပေးနိုင်ရေးသည် အဓိကကျပါကြောင်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အဆင့်မြှင့်တင်ဆောင်ရွက်နေသည့် ပညာရှင်များအနေဖြင့် စိုက်ပျိုးနည်းပညာပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ လက်လှမ်းမီရရှိစိုက်ပျိုးနိုင်ရေးအပြင် ကြံစိုက်တောင်သူနှင့် သကြားစက်ရုံအကြား ကြံသီးနှံကန်ထရိုက်စိုက်ပျိုးစနစ်တစ်ခုကို တည်ထောင်ဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်ပြီး အပေးအယူမျှတကောင်းမွန်ရန်၊ အဆင်ပြေချောမွေ့စေရန်အတွက် စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ပေးရန်လည်း လိုအပ်ပါကြောင်း။

ထို့ပြင် မြန်မာ့သကြားစက်မှုလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ကြံစိုက်ပျိုးသူ၊ သကြားထုတ်လုပ်သူ၊ သကြားအခြေခံစက်မှုလုပ်ငန်းများ၊ ရောင်းဝယ်ဖောက်ကားသူများ၊ စားသုံးသူများစသည်ဖြင့် ပါဝင်ပတ်သက်နေသူအားလုံး ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန် အထူးအရေးကြီးပါကြောင်း။

Supply Chain တစ်လျှောက် တစ်နေရာရာတွင် ဟန်ချက်ပျက်ပြားသွားမည်ဆိုပါက နောက်ဆုံးခံစားရသူများသည် အခြေခံအဆင့်ဖြစ်သည့် တောင်သူများပင်ဖြစ်ပါကြောင်း၊ ထိုသို့မဖြစ်ရန်အတွက် “တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ” နှင့်အညီ ထိန်းကျောင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

**လိုအပ်သည့်မူဝါဒပိုင်းဆိုင်ရာများ ကူညီပံ့ပိုးပေးရန်လိုအပ်**

ထို့ကြောင့် ယနေ့ကျင်းပသည့် Sugar Forum တွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး ရလဒ်ကောင်းများ ဖော်ထုတ်၍ ရေတိုရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်အစိုးရ၏ သက်ဆိုင်ရာကဏ္ဍအသီးသီးရှိ ဝန်ကြီးဌာနများကလည်း လိုအပ်သည့်မူဝါဒပိုင်းဆိုင်ရာများ ကူညီပံ့ပိုးပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် မြို့နယ်တိုင်း၊ ကျေးရွာတိုင်းတွင် တောင်သူပညာပေးစံနမူနာပြစိုက်ကွင်းများ ထူထောင်ပြသခြင်း၊ တောင်သူပညာပေးလုပ်ငန်းများ၊ ကွင်းသရုပ်ပြပွဲများ၊ စံပြကွက်များ၊ စမ်းသပ်ကွက်များစိုက်ပျိုးပြသခြင်းတို့တွင် တောင်သူများကိုယ်တိုင်ပါဝင်ပြီး စိုက်ပျိုးပညာရှင်များနှင့်ပူးပေါင်း၍ မိမိဒေသနှင့်ကိုက်ညီသည့် မျိုး၊ စိုက်စနစ် စသည်တို့ကို ရွေးချယ်ဆောင်ရွက်နေမှုအခြေအနေ၊ တောင်သူများ အထွက်နှုန်းတိုးပြီး ဝင်ငွေပိုမိုရစေရန် အထွက်ကောင်းမျိုးများကို ၆၀ ရာခိုင်နှုန်းခန့် ပြောင်းလဲပေးခဲ့မှုအခြေအနေ၊ စဉ်ဆက်မပြတ် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နိုင်ရန် သုတေသနခြံများတွင် မျိုးစပ်ရွေးချယ်ခြင်းလုပ်ငန်းများအပြင် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တစ်သျှူးခေတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်း၊ ဇီဝနည်းပညာခေတ်ခွဲခန်းထူထောင်ခြင်းတို့အပြင် apply ဖြစ်စေမည့် သုတေသနစမ်းသပ်ချက်များကိုလည်း ဆောင်ရွက်နေမှုအခြေအနေတို့အား ရှင်းလင်းပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ကြံသကြားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်သင့်သည့် မူဝါဒများကိုလည်းကောင်း၊ မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုးလင်းက အသင်း၏ဦးတည်ချက်နှင့် ကြံသကြားကဏ္ဍတွင် ပါဝင်ပတ်သက်သူများ၏ အခက်အခဲများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး မြန်မာ့ကြံသီးနှံစိုက်ပျိုးဖြစ်ထွန်းနေမှုနှင့် ကြံသကြားကဏ္ဍ အရေးပါပုံ Video Clip ကို ပြသ၍ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေးဝန်ကြီးများ၊ လွှတ်တော်ရေးရာ ကော်မတီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့နှင့် လည်းကောင်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ NGO အဖွဲ့အစည်းများမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်လည်းကောင်း၊ မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းအလုပ်အမှုဆောင်များနှင့်လည်းကောင်း စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ဟိုတယ်အတွင်း ခင်းကျင်းပြသထားသည့် စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း၊ Kubota Myanmar၊ Delicious Foods Limited၊ Super Coffee Mix၊ Great Wall-Wilmar စသည့် ကုမ္ပဏီများ၏ သကြားနှင့် သကြားအခြေခံစားသောက်ကုန်ပစ္စည်းနှင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် မြန်မာ့ကြံသကြားဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကြံသကြားစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထွက်တိုးနည်းပညာများ ဖော်ထုတ်အသုံးပြုခြင်း၊ ကြံသကြားလုပ်ငန်းတွင် ကန်ထရိုက်လယ်ယာစနစ်အပေါ် လွှမ်းမိုးသောအချက်များနှင့် ကြံတောင်သူများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို ဆန်းစစ်သုံးသပ်ခြင်း၊ ကြံစိုက်ပျိုးထုတ်လုပ်မှု စာရင်းအင်းကိန်းဂဏန်းကောက်ယူစိစစ်ထုတ်ပြန်မှု လုပ်ငန်းများနှင့် ကြံကြိတ်ဝါးထုတ်လုပ်မှုကိန်းဂဏန်းများအပေါ် ဆန်းစစ်သုံးသပ်ခြင်း၊ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်သို့ G to G နှင့် B to B စနစ်ဖြင့် သကြားရောင်းချရန်အတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံ၏ သကြားတိုက်ရိုက်စားသုံးမှုနှင့် သကြားအခြေခံစားသောက်ကုန်လုပ်ငန်းများ၏ သကြားအသုံးပြုမှုကို စစ်တမ်းကောက်ယူဆန်းစစ်ခြင်းနှင့် မြန်မာနိုင်ငံတွင် ဇီဝအီသနောထုတ်လုပ်ရောင်းချရေး အခွင့်အလမ်းများ စသည့်စာတမ်းများကို ဖတ်ကြားခြင်း၊ စာတမ်းများအပေါ် တက်ရောက်လာသူများက အကြံပြုသုံးသပ်ခြင်း၊ မြန်မာ့ကြံသကြားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကို ရှင်းလင်းခြင်းနှင့် ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲတတ်အောင် လေ့ကျင့်သင်ကြားပေးရန်နှင့် အပြင်းစားဆေးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းကို စိစစ်ကြပ်မတ်တားဆီးပေးပါရန် တိုက်တွန်းကြောင်းအဆို ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၁**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု လက်ခံရရှိကြောင်း တင်ပြခြင်းနှင့် အဆိုတစ်ခုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## ဝန်ကြီး ဦးသိန်းဆွေက မယ်စဲ့ BP-13 နယ်စပ်ဂိတ် တရားဝင်ဖွင့်လှစ်ခွင့်ရရှိရေးကို နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်ဆဲဖြစ်

အစည်းအဝေးတွင် ဖရူဆိုမဲဆန္ဒနယ်မှ ဦးပဲ့ဒူ၏ **မယ်စဲ့ဝင်ပေါက် BP-13 မှတစ်ဆင့် လွိုင်ကော်မြို့အထိ ပြည်ပခရီးသွားများ နှစ်ညအိပ် သုံးရက်ခရီးစဉ် သို့မဟုတ် ခြောက်ညအိပ် ခုနစ်ရက်ခရီးစဉ် လည်ပတ်ခွင့်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မယ်စဲ့ BP-13 နယ်စပ်ဂိတ် တရားဝင်ဖွင့်လှစ်ခွင့်ရရှိရေးကို နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနယ်စပ်မှ စစ်ဆေးရေးဂိတ် တရားဝင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အဦဆောက်လုပ်ရန် မြေနေရာရွေးချယ်ခြင်း၊ တင်ဒါခေါ်ယူခြင်းတို့ကို လုပ်ဆောင်ပြီးဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံဘက်မှလည်း ထိုင်းဘုရင့်သစ်တောနယ်မြေအတွင်းတွင် ပါဝင်နေသည့်မြေဧရိယာ ၉ ဒသမ ၇ ကီလိုမီတာကိုလည်း မြေသားညှို၍ ပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီးကြောင်းကိုလည်း သိရပါကြောင်း၊ မယ်ဟောင်ဆောင်ဒေသတွင်းရှိ ပြည်သူများ BP-13 မှတစ်ဆင့် လွိုင်ကော်မြို့အထိ ပြည်ပခရီးသွားများ နှစ်ညအိပ် သုံးရက်ခရီး လည်ပတ်ခွင့်ရရှိရေးအတွက် ခရီးစဉ်ခွင့်ပြုချက်အား ကယားပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စု အစိုးရအဖွဲ့သို့တင်ပြ၍ ခရီးစဉ်အလိုက် ခွင့်ပြုချက်ရရှိပါက ဝင်ရောက်ခွင့်ပြုပါကြောင်း။



ဒုတိယဝန်ကြီး
ဦးလှကျော်



ပွင့်ဖြူမဲဆန္ဒနယ်မှ
ဦးထွန်းထွန်း

ထို့ပြင် မယ်စဲ့ BP-13 မှတစ်ဆင့် လွိုင်ကော်မြို့အထိ ပြည်ပခရီးသွားများ ခြောက်ညအိပ် ခုနစ်ရက်ခရီး လည်ပတ်ခွင့်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ခရီးစဉ်ခွင့်ပြုချက်ရရှိရေးနှင့်စပ်လျဉ်း၍ ထိုင်းနိုင်ငံဘက်မှလည်း အလားတူ အကွာအဝေးအထိ ဝင်ရောက်ခွင့်ပြုနိုင်ခြင်းရှိ၊ မရှိကို နှစ်နိုင်ငံသဘောထားအပြန်အလှန်ညှိနှိုင်း၍ သဘောတူညီမှုရရှိရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်နေဆဲဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ သဘောတူညီချက်ရရှိမည်ဆိုပါက မိမိဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အတိုင်း ဆက်လက်ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၏ **ပွင့်ဖြူမြို့နယ် မုန်းရေအားလျှပ်စစ်စက်ရုံနှင့် ကြီးအုံကြီးဝရေအားလျှပ်စစ်စက်ရုံများမှ ရေအားနည်း၍သော်လည်းကောင်း၊ စက်ပစ္စည်းများချွတ်ယွင်းပျက်စီး၍သော်လည်းကောင်း မလည်ပတ်နိုင်သည့်အခါ စိုက်ပျိုးရေရရှိအောင် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မုန်းချောင်းရေလှောင်တမံနှင့် ကြီးအုံကြီးဝရေလှောင်တမံများတွင် သိုလှောင်ရေပမာဏ လျော့နည်းလာသည့် နွေရာသီကာလများတွင်လည်းကောင်း၊ ရေအားလျှပ်စစ်စက်ရုံများမှ စက်ပစ္စည်းများ ချွတ်ယွင်းမှုတစ်စုံတစ်ရာဖြစ်ပေါ်ခဲ့ပြီး ရေအားလျှပ်စစ်စက်ရုံ မလည်ပတ်နိုင်သည့် အခြေအနေတွင်လည်းကောင်း စိုက်ပျိုးရေပေးဝေရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည့်အတွက် တမံများတွင် ထည့်သွင်းတည်ဆောက်ထားသည့် စိုက်ပျိုးရေထုတ်ပေါက်များမှ ရေထုတ်လွှတ်၍ စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင်၏ **မုံရွာမြို့အောက်ဘက်ရှိ ပေါက်ပင်ရွာချောင်းအား ပိတ်လိုက်သဖြင့် ချင်းတွင်းမြစ်ရေလှျံတက်မှုမရှိတော့သောကြောင့် လယ်ယာမြေများနှင့် သဘာဝအရင်းအမြစ်များ ပျက်စီးနေမှုများကို ထိန်းသိမ်းကာကွယ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ချင်းတွင်းတာနှင့်ဆက်စပ်ပြီး ပေါက်ပင်ချောင်းပေါ်တွင်



ပြည်ထောင်စုဝန်ကြီး
ဦးသိန်းဆွေ



ဖရူဆိုမဲဆန္ဒနယ်မှ
ဦးပဲ့ဒူ

ရေတံခါးများ တည်ဆောက်ပေးထားခြင်းဖြင့် မိုးရာသီကာလ ချင်းတွင်းမြစ်ရေကြီးရေလျှံချိန်တွင် လူနေရပ်ကွက်၊ ကျေးရွာများနှင့် လယ်မြေများ ရေကြီးနစ်မြုပ်စေမှုမှ လျော့ပါးသက်သာစေခြင်း၊ မြစ်ရေမြင့်တက်မှုအပေါ်မူတည်၍ လိုအပ်သလိုထိန်းညှိပြီး ရေသွင်းယူကာ စိုက်ပျိုးရေပေးဝေခြင်းအပြင် ငါး၊ ပုစွန်များလည်း အလွယ်တကူဝင်ရောက်နိုင်ကာ ငါး၊ ပုစွန်သားငါးများစွာ ထုတ်လုပ်နိုင်လျက်ရှိသည့်အတွက် သဘာဝအရင်းအမြစ်များ ထိခိုက်ပျက်စီးမှု မရှိဘဲ ဒေသတွင်း အကျိုးပြုနိုင်လျက်ရှိပါကြောင်း၊ မိုးရာသီကာလ ချင်းတွင်းမြစ်ရေ မြင့်တက်လာမှုအပေါ်မူတည်၍ ချင်းတွင်းတာနှင့် ရေတံခါးများ ထိန်းညှိစီမံခြင်းလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့်အတူ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်း၍ စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၏ **တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ကျေးရွာများတွင် ပြည်သူ့စစ်များကို မည်သည့်အတွက်ကြောင့်ထားရှိပြီး ပြည်သူ့စစ်များ၏ လုပ်ဆောင်ချက်များနှင့် ပြည်သူ့စစ်အဖွဲ့များကို မည်သည့်ဌာနအဖွဲ့အစည်းက တာဝန်ခံမည်ကို သိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်ကလည်းကောင်း၊ ကျောက်ကြီး မဲဆန္ဒနယ်မှ ဦးမြင့်ငွေ၏ **ကျောက်ကြီးမြို့နယ် ညောင်ပင်သာရွာမှ အရှေ့ဘက် ဒိုက်ပုံချောင်းကမ်းပါးအထိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကုန်ထုတ်ကျောက်ချောလမ်း ခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ **စေတုတ္တရာမြို့နှင့် အောက်ဘက်ကျေးရွာများအတွက် မုန်းတမံ အရန်ရေပိုလွှဲအား အမြန်ပြီးစီးအောင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန်၏ **တွန်းဇံမြို့တွင် ပိုးမွေးမြူရေးလုပ်ငန်း ပြန်လည်လုပ်ကိုင်နိုင်ရန် လိုအပ်သည့် အရင်းအနှီး၊ နည်းပညာနှင့် ဈေးကွက်များ ကူညီပံ့ပိုးပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်ကလည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း**ကို လက်ခံရရှိကြောင်းတင်ပြပြီး ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း၏ **စိုက်ပျိုးရေးထုတ်ကုန်အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဂေဟစနစ်မပျက်စီးရေးအတွက် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲတတ်အောင် လေ့ကျင့်သင်ကြားပေးရန်နှင့် အပြင်းစားဆေးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းကို စိစစ်ကြပ်မတ်တားဆီးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## ဓာတုပိုးသတ်ဆေးများကို စနစ်တကျသုံးစွဲတတ်ရန် လွန်စွာအရေးကြီး

လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာက ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍသည် အရေးပါသည့်ကဏ္ဍတစ်ခုအဖြစ်ရှိနေပြီး အထူးသဖြင့် စိုက်ပျိုးရေးကို အခြေခံ၍ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နေသည့် မြန်မာနိုင်ငံအနေဖြင့် ဓာတုပိုးသတ်ဆေးများကို စနစ်တကျသုံးစွဲတတ်ရန် လွန်စွာအရေးကြီးပါကြောင်း၊ ယခုအခါ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲလာခြင်း၊ မိုးရွာသွန်းမှုမမှန်ခြင်းကြောင့် စိုက်ပျိုးသီးနှံများ လျော့ကျလာမှုများ ဖြစ်ပေါ်လာပါကြောင်း။

ထို့ပြင် စိုက်ပျိုးရေးကဏ္ဍတွင် အခြေခံအဆောက်အဦများ သင့်လျော်မှုမရှိခြင်း၊ ငွေကြေးဆိုင်ရာမူဝါဒများ အားနည်းခြင်း၊ ဈေးကွက်လိုအပ်ချက်ရှိနေခြင်း၊ ခေတ်မီစိုက်ပျိုးရေးစနစ်များကို ကျယ်ပြန့်စွာအသုံးချနိုင်မှုမရှိခြင်း၊ လုပ်သာကိုင်သာသည့် ပတ်ဝန်းကျင်ဖန်တီးနိုင်မှု အားနည်းခြင်းနှင့် တောင်သူများ အစုအဖွဲ့ဖြင့် ဆောင်ရွက်မှုမရှိခြင်းတို့ကြောင့် ဓာတုဆေးများကို စည်းကမ်းမဲ့စွာ အလွန်အကျွံသုံးစွဲလာကြပါကြောင်း၊ ထို့ကြောင့် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်သည့်ဥပဒေ၊ နည်းဥပဒေများကို ရေးဆွဲပြဋ္ဌာန်းပြီး အသိပညာပေးလုပ်ငန်းများကိုလည်း မြန်မာဘာသာအပြင် တိုင်းရင်းသားဘာသာစာပေများဖြင့်ထုတ်ဝေခြင်း စသည်တို့ကို ဆောင်ရွက်မှသာ ဓာတုပိုးသတ်ဆေးအန္တရာယ် ကင်းဝေးနိုင်မည်ဖြစ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက အဆိုရှင်သည် ဓာတုပိုးသတ်ဆေးများ နည်းစနစ်မှန်ကန်စွာအသုံးပြုရန်၊ နည်းပညာကို ကျယ်ပြန့်စွာ ပညာပေးရန်တို့ကို ပြောကြားသည့်အတွက် မိမိအနေဖြင့် ထောက်ခံပါကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် အပင်တွင် လိုအပ်၊ မလိုအပ်ကို ချိန်ဆ၍ ဖျန်းသင့်၊ မဖျန်းသင့် စဉ်းစားဆောင်ရွက်တတ်ရန် လိုအပ်ပါကြောင်း၊ ဓာတ်မြေသြဇာမှန်ကန်စွာအသုံးပြုတတ်ရေးအတွက် ပညာပေးရန်နှင့် သဘာဝမြေသြဇာ၊ မြေဆွေးမြေသြဇာနှင့် သစ်ရွက်ဆွေးမြေသြဇာတို့ကို အခြေခံအသုံးပြုရန် လိုအပ်သကဲ့သို့ နိုင်ငံတော်အစိုးရကလည်း မြို့နယ်အလိုက် သဘာဝမြေသြဇာများ ရောင်းချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သင့်ကြောင်းကို အကြံပြုလိုပါကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်သည့် အခြေခံအချက်အလက်များကို အခြေပြုပြီး မိမိရေမြေဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးနည်းစနစ်၊ အထွက်နှုန်းနှင့် အမြတ်အများဆုံးရရှိရေးအတွက် စဉ်းစားတွေးခေါ် ချိန်ညှိသင့်ကြောင်းကို တောင်သူလယ်သမားများ သိရှိရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် ပညာပေးရန်လိုအပ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ) ဦးအတွတ်က ဓာတ်မြေသြဇာသည် အပင်ရှင်သန်ကြီးထွားကာ သီးနှံအထွက် လှုပရန်ဖြစ်ပြီး ပိုးသတ်ဆေးနှင့် အပြင်းစားဆေးများသည် သီးနှံခူးဆွတ်သည့်အချိန်အထိ ပိုးမကိုက်ဘဲ လှပစွာဆက်လက်တည်ရှိရန်အတွက် ဖြစ်ပါကြောင်း၊ ဓာတ်မြေသြဇာကို လိုသည်ထက်ပိုမိုသုံးစွဲခြင်းဖြင့် မြေဆီအရည်အသွေးပျက်စီးနိုင်သကဲ့သို့ ပိုးသတ်ဆေးနှင့်



လဲချားမဲဆန္ဒနယ်မှ
ဦးစိုင်းဥက္ကာ



မအူပင်မဲဆန္ဒနယ်မှ
ဦးစိန်ဝင်း

အပြင်းစားဆေးများကို အလွန်အကျွံသုံးစွဲခြင်းဖြင့်လည်း ဓာတ်ကြွင်းအာနိသင်မှတစ်ဆင့် စားသုံးသူများကို ဒုက္ခရောက်စေမည်ဖြစ်ပါကြောင်း။

## လယ်ယာကဏ္ဍတစ်ခုလုံးကို အသေးစိတ်သုံးသပ်ဖြေရှင်းရမည့် အချိန်အခါရောက်နေပြီဖြစ်

ထို့ကြောင့် လွှတ်တော်က တင်လာသည့်အဆိုအပေါ်စဉ်းစားအဖြေရှာ၊ ရှင်းလင်းတင်ပြနေခြင်းထက် ပြည်ထောင်စုအစိုးရအနေဖြင့် လယ်ယာကဏ္ဍတစ်ခုလုံးကို အသေးစိတ်သုံးသပ်ဖြေရှင်းရမည့် အချိန်အခါရောက်နေပြီဖြစ်ပါကြောင်း၊ မဖြေရှင်းဘဲ ပညာပေးရုံသာဖြစ်နေပါက မိမိတို့လူမျိုးသည် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေး၏ ဒဏ်ကို ခံစားနေရမည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း၊ ကူးစက်ခြင်းမဟုတ်သည့် ရောဂါဆိုးများ၏ နှိပ်စက်မှုကို ခံစားရခြင်းဖြင့် တခြားသောကဏ္ဍများတွင်ပါ မခံစားရသေးမီ ဝန်ကြီးဌာနများအနေဖြင့် မည်သို့ဆောင်ရွက်အကောင်အထည်ဖော်နေသည်ထက် မည်သည့်ရလဒ်များ ရရှိနေပြီဆိုသည့် အဖြေထွက်လာစေရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း၊ မဘိမ်းမဲဆန္ဒနယ်မှ ဦးအောင်မြင့်ရှိန်၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်နှင့် ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်းတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဝန်ကြီးဌာနအနေဖြင့် ပြဋ္ဌာန်းထားသည့် မြေသြဇာဥပဒေတွင် ကော်မတီ၏ ခွင့်ပြုချက်အရ ဓာတ်မြေသြဇာ တင်သွင်းရန် ထောက်ခံချက်၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ ပိုးသတ်ဆေးများ တင်သွင်းခွင့်ထောက်ခံချက်နှင့် ဈေးနှုန်းထောက်ခံချက်တို့ဖြင့် စိစစ်၍ ကုန်သွယ်ရေးဦးစီးဌာနမှ သွင်းကုန်လိုင်စင်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ အကောက်ခွန် ဦးစီးဌာနအနေဖြင့် တင်သွင်းလာသော ကုန်ပစ္စည်းများကို သွင်းကုန်လိုင်စင်ပါ ဖော်ပြချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိကို

**စာမျက်နှာ ၇ သို့**

# အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များအတွက် ဖွဲ့စည်းပုံရာထူးနှင့် ဘဏ္ဍာငွေ သတ်မှတ်ချက်ရရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဖြည့်ဆည်းဆောင်ရွက်ပေးမည်

**နေပြည်တော် စက်တင်ဘာ ၁၁**


ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေတို့ကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတို့အား အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိန်း၏ **ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ထန်တလန်မြို့နယ်၊ ဆူရင်းကျေးရွာအုပ်စု၊ သဘောင်ချောင်း၌ အသေးစားရေအားလျှပ်စစ် ထုတ်လုပ်အသုံးပြုနိုင်ရေးအတွက် ထောက်ပံ့ကူညီပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ချင်းပြည်နယ်အတွင်းရှိ ခရိုင်/မြို့နယ်များ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အဆိုပြုလျာထားနိုင်ရေးအတွက် စီမံကိန်းများရေးဆွဲရာတွင် အကန့်အသတ်ဖြင့် ရရှိသည့် ဘတ်ဂျက်အတိုင်းအတာအတွင်း ခရိုင်/မြို့နယ်အလိုက် အချိုးမျှတစေရေး ဦးစားပေးအစီအစဉ်အလိုက် အသုံးစရိတ်များကို ခွဲဝေလျာထားပေးလျက်ရှိရာ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရေးဆွဲရာတွင် ဒေသ၏ လိုအပ်ချက်များအရ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားသော ထန်တလန်မြို့နယ်၊ ဆူရင်းကျေးရွာအုပ်စု၊ သဘောင်ချောင်းမှ အသေးစားရေအားလျှပ်စစ်ထုတ်လုပ်ရေးကိစ္စအား ဦးစားပေးထည့်သွင်းလျာထားနိုင်ခြင်း မရှိသေးသည့်အတွက် လတ်တလော ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ် ကျေးရွာ (၁၂) ရွာရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)များတွင် အထက်တန်းပြ ဆရာ၊ ဆရာမများ အချိန်မီခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ကျောက်တော်မြို့နယ်ရှိ လင်ကွဲကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)သည် ၂၀၁၈ -၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းအဆင့်တိုးမြှင့်ထားသော ကျောင်းဖြစ်ပြီး ကျန်ရှိသည့် ကျောင်း (၁၁)ကျောင်းသည် ယခုနှစ်တွင် ကျောင်းအဆင့်တိုးမြှင့်ပေးခဲ့ခြင်း ရှိပါကြောင်း၊ ထို့ပြင် သင်ကြားရေးအဆင်ပြေစေရန်အတွက် အလယ်တန်းပြဆရာ ဆရာမများကလည်းကောင်း၊ ကျေးရွာအစီအစဉ်များဖြင့် ပြင်ပဆရာ ဆရာမများ အကူအညီဖြင့်လည်းကောင်း ဆောင်ရွက်နေသည်ကို သိရှိရပါကြောင်း။



ဒုတိယဝန်ကြီး
ဒေါက်တာထွန်းနိုင်



ချင်းပြည်နယ် မဲဆန္ဒနယ်
အမှတ်(၃)မှ ဦးဘွဲ့ခိန်း

သို့သော် အခြေခံပညာဦးစီးဌာနအနေဖြင့် အခြေခံပညာအထက်တန်းကျောင်း (ခွဲ)များအတွက် ဖွဲ့စည်းပုံရာထူးနှင့် ဘဏ္ဍာငွေ သတ်မှတ်ချက်ရရှိပါက အဆိုပါ ကျောင်းများသို့ ရာထူး အတိုး/အပြောင်း လျှောက်ထားသူများအနက် ဆန္ဒပြုဒေသ ရာထူးနေရာ လစ်လပ်မှု၊ ဘာသာရပ်ကိုက်ညီမှု၊ လုပ်သက်ရမှတ် တန်းစီဇယား အနည်း/အများအရ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် ပညာရေးမှူးရုံးအနေဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီး လစ်လပ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အားလုံးအတွက် ဘာသာရပ်လိုအပ်ချက်ကို ကိုက်ညီအောင်ဖြည့်ဆည်းပေးနိုင်ရေး၊ ဆရာ ဆရာမ အင်အားထပ်မံဖြည့်ဆည်းပေးနိုင်ရေးတို့ကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်အတွင်းရှိ မင်းခေါင်- ငမြောင်တောင် လမ်းအား ကတ္တရာလမ်းအဖြစ် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန



ဒုတိယဝန်ကြီး
ဦးဝင်းမော်ထွန်း



ရခိုင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၅)မှ ဦးမြင့်နိုင်

ဒုတိယဝန်ကြီး ဦးကျော်လင်းက လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားသည့် ချောင်းဦးမြို့နယ်ရှိ မင်းခေါင် - ငမြောင်တောင် ကျေးရွာချင်းဆက်လမ်းသည် လမ်းအဆင့်သတ်မှတ်ချက် Class (B) ဦးစားပေး အဆင့်(၁)တွင် ပါဝင်သည့်အတွက် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးရဲမြင့်စိုး၏ **ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်အတွင်း လက်ပံချောင်းကျေးရွာ ချောင်းကူးတံတားအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားသည့် လက်ပံချောင်းကျေးရွာ၏ အလယ်၌ တည်ရှိသော ချောင်းကူးတံတားအား ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိပါက အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ **ရခိုင်ပြည်နယ်အတွင်း အခြေခံလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အားကို အဆောလျင်ဆုံး အပြည့်အဝရရှိနိုင်ရေးအတွက် စီမံဆောင်ရွက်မှုအခြေအနေ (ရခိုင်ပြည်နယ် လျှပ်စစ်မီးရရှိရေး Master Plan) ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်ကလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၏ **စစ်ကိုင်းမြို့နယ်၊ မြင်းဆည်ကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းအတွင်း ဆောက်လုပ်လျက်ရှိသော ကျောင်းဆောင်အား မည်သည့်အချိန်တွင် ပြီးစီးအောင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၏ **ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ လက်ပံရေကျော်ကျေးရွာအုပ်စု၊ ရေကျော်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမည့် ကျောင်းသား/ကျောင်းသူများအား အုတ်ဖိုမြို့နယ်၊ အိုးသည်ကုန်းမြို့စာစစ်ဌာနသို့ ပြောင်းရွှေ့ဖြေဆိုခွင့်ပြုရန် ရှိ၊ မရှိ မေးခွန်း**တို့နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းကလည်းကောင်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ စောယှားဖောင်အွာ၏ **ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင် (ကော့ကရိတ် - အစွန်း - ကြိတ် - ကျိုက်ဒုံ) လမ်းပေါ်ရှိ အစွန်းချောင်း၊ မိဖလိုင်းချောင်း၊ လမ်းဖားချောင်း၊ ကြိတ်ချောင်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တံတားများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်ဇော်ဦး၏ **မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်ရှိ တရနာ-ဘုရားကုန်းလမ်း (၃၉)မိုင်(၇)ဖာလုံ(၉၀)ပေ လမ်းပိုင်းအား လိုအပ်နေသောနေရာတွင် (၁၈) ပေ အကျယ်လမ်းအဖြစ် တိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းမေးခွန်း**တို့နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းကလည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာ ပြန်လည်ဖတ်ကြားရှင်းလင်း

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင်က **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမင်းဆွေက အဆိုပါ ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် အဆိုတင်သွင်းရာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်က ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

## အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်း

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင်က **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမင်းဆွေက အဆိုပါဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် အဆိုတင်သွင်းရာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်က ထောက်ခံသည်။



ဒုတိယဝန်ကြီး
ဦးကျော်လင်း



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၄)မှ ဦးလှဦး

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုကို အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးလားလ်မင်းထန်က **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမင်းဆွေက အဆိုပါဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် အဆိုတင်သွင်းရာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်က ထောက်ခံသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုကို အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့် အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို စက်တင်ဘာ ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်၊ ဟန်လင်းနိုင်(သတင်းစဉ်)**

# အရှေ့တောင်အာရှဒေသနိုင်ငံများမှ ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက် မန်နေဂျာများအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၁**

ကာကွယ်ဆေးနည်းပညာ ဖြစ်ထွန်းတိုးတက်မှုများနှင့်စပ်လျဉ်း၍ Johns Hopkins Medical Institutions၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့၊ CDC၊ PATH၊ John Snow Inc၊ The Chinese University of Hong Kong၊ University of Melbourne တို့မှ ပညာရှင်များနှင့် အရှေ့တောင်အာရှဒေသနိုင်ငံများမှ ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက် မန်နေဂျာများအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။




**အလွန်ကျယ်ပြန့်သောလုပ်ငန်းဖြစ်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ နောက်ဆုံးပေါ်အသိပညာ၊ နည်းပညာများနှင့် အတွေ့အကြုံကောင်းများကို ဆွေးနွေးမျှဝေကြမည်ဖြစ်၍ များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ ထင်ရှားသောတက္ကသိုလ်များ၊ အဖွဲ့အစည်းများ၊ ပညာရှင်များက မတူညီသော ရှုထောင့်အမျိုးမျိုးမှ တင်ပြဆွေးနွေးကြမည်ဖြစ်၍ စဉ်းစားတွေးခေါ်မှုအသစ်များကို ဖြစ်ထွန်းပေါ်ပေါက်စေမည်ဟု ယုံကြည်ပါကြောင်း၊ ကာကွယ်ဆေးထိုးလုပ်ငန်းသည် ကျွမ်းကျင်မှုနှင့်နည်းပညာ၊ ကာကွယ်ဆေးနှင့် ဆက်စပ်ပစ္စည်းများ၊ မတူကွဲပြားခြားနားသော လူမှုစီးပွားပတ်ဝန်းကျင်အခြေအနေများ၊ အအေးလမ်းကြောင်းထိန်းသိမ်းရေးစသည့် အမျိုးမျိုးသော စီမံခန့်ခွဲရေးများကို ပါဝင်ဆောင်ရွက်ရသဖြင့် အလွန်ကျယ်ပြန့်သောလုပ်ငန်းဖြစ်ပါကြောင်း။

ကာကွယ်ဆေးထိုးလုပ်ငန်းနှင့်ပတ်သက်၍ အသုံးချသုတေသနများပြုလုပ်၍ လိုအပ်ချက်များ၊ စိန်ခေါ်မှုများ၊ အားနည်းချက်များကိုဖော်ထုတ်ပြီး ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်စေလိုပါကြောင်း၊ ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ ကိန်းဂဏန်းသတင်းအချက်အလက်များကို စနစ်တကျ ခွဲခြမ်းစိတ်ဖြာလေ့လာဆန်းစစ်ပြီး တွေ့ရှိချက်နှင့် အကြံပြုချက်များကို သက်ဆိုင်သူများသို့ ပြန်လည်ပေးပို့အကြောင်းကြားခြင်း လုပ်ငန်းများကို ကျန်းမာရေးစောင့်ရှောက်မှုစနစ်အဆင့်ဆင့်မှ တာဝန်ရှိသူများက ဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ ဆောင်ရွက်နိုင်သည့် စွမ်းဆောင်ရည်ရှိရန်လည်း လေ့လာသင်ကြားရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ ကျန်းမာရေးအသိပညာအဆင့်အတန်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်း အောင်မြင်မှုတို့သည် တိုက်ရိုက်ဆက်စပ်နေပါကြောင်း၊ ကာကွယ်ဆေးနှင့်ပတ်သက်သော ပြည်သူများ၏ အသိပညာမြင့်မားလာပါက ကာကွယ်ဆေးထိုးစုရပ်များသို့ ပိုမိုလာရောက်ထိုးနှံလာမည်ဖြစ်ပြီး ကာကွယ်ဆေး လွှမ်းခြုံမှုရာခိုင်နှုန်း ပိုမိုမြင့်မားလာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် ရာသီတုပ်ကွေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဆုံဆို့နာရောဂါ၊ ရိုတာဝမ်းပျက်ဝမ်းလျှောရောဂါ၊ သားအိမ်ခေါင်းကင်ဆာ၊ ခွေးရူးရောဂါနှင့် အသည်းရောင်အသားဝါဘီ စသော ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများကို ဘက်စုံသုံးသပ်ဆွေးနွေးသွားကြမည် ဖြစ်သည်။

**သတင်းစဉ်**

❐ စာမျက်နှာ ၅ မှ

အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ခြင်း၊ တရားမဝင်ကုန်ပစ္စည်းများ တင်သွင်းနိုင်သည့် နယ်စပ်တစ်လျှောက်ရှိ ဝင်၊ ထွက်ပေါက်များမှ ဝင်ရောက်မှု မရှိစေရေးအတွက် ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ ဖွဲ့စည်းထားသော တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး အထူးအဖွဲ့များဖြင့် တားဆီးဖမ်းဆီးဆောင်ရွက်လျက်ရှိပါကြောင်း။

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းပြီး ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ဘေးအန္တရာယ် ရှိ၊ မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းနှင့် အန္တရာယ်ရှိသည့် ကုန်ပစ္စည်းများကို သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်းများဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ဈေးကွက်များသို့ သွားရောက်စစ်ဆေးပညာပေးခြင်းလုပ်ငန်းစဉ်ကို ၂၀၁၇ ခုနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

စိုက်ပျိုးရေးဦးစီးဌာနသည် စိုက်ပျိုးရေးထုတ်ကုန် အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ သီးနှံစိုက်ပျိုးရမည့် မျိုးရွေးချယ်ချိန်မှစ၍ အပင်ခူးဆွတ်ရိတ်သိမ်းသည်အထိ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ(GAP) စနစ်ဖြင့် ဆောင်ရွက်ရန်၊ ပိုးသတ်ဆေးသုံးစွဲမှုလျှော့ချရန်၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်များကို ပေါင်းစပ်အသုံးပြုရန်၊ ပိုးသတ်ဆေးများကို စနစ်တကျ လုံခြုံစွာ၊ အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ရန်တို့အတွက် ပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခေတ်ကင်းလွတ်စိုက်ပျိုးနည်းနှင့် သဘာဝပိုးသတ်ဆေးများ အလွယ်တကူ ဖော်စပ်သုံးစွဲနည်းသင်တန်းများ၊ သဘာဝမြေဆွေးပြုလုပ်သုံးစွဲနည်းများကို သင်တန်းများဖွင့်လှစ်လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း၊ နည်းပညာပြန့်ပွားရေးအတွက် တောင်သူပညာပေးသင်တန်းများ အပါအဝင် ဆွေးနွေးပွဲများကိုလည်း ပြည်သူများ သိမြင်နိုင်ရန်အတွက် ပြည်သူလူထုထံသို့ ရောက်အောင် ပုံမှန်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် စိုက်ပျိုးရေးထုတ်ကုန် အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဂေဟစနစ် မပျက်စေရေးတို့အတွက် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ စနစ်တကျ သုံးစွဲတတ်စေရန်အတွက် ပညာပေးမှု၊ လေ့ကျင့်ပေးမှုများကို ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တင်သွင်းဖြန့်ဖြူးမှုအပိုင်းတွင်လည်း ဝန်ကြီးဌာနများက သက်ဆိုင်ရာ ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ကြပ်မတ်တားဆီးရေးလုပ်ငန်းများကို ထိန်းကျောင်းပြီး စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသောကြောင့် အဆိုပါလုပ်ငန်းအစီအမံများနှင့် မိမိတို့ စီမံဆောင်ရွက်နေမှုတို့သည် ညီညွတ်မှုရှိနေသည့်အတွက် အဆိုအား မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က မှတ်တမ်းတင်ပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား မှတ်တမ်းတင်ရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် မှတ်တမ်းတင်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို စက်တင်ဘာ ၁၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်၊ ကျော်ဇင်ထိုက်(သတင်းစဉ်)**

# တောင်ကိုရီးယားနိုင်ငံ SBS Plus ရုပ်သံလိုင်းမှ ဂီတအနုပညာဆိုင်ရာ အစီအစဉ်မှတ်တမ်း ရိုက်ကူး



**ရန်ကုန် စက်တင်ဘာ ၁၁**

တောင်ကိုရီးယားနိုင်ငံ SBS Plus ရုပ်သံလိုင်းမှ ၄၂ ဦး ပါဝင်သော ရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ တောတိုက်မဲ့ရိပ်သာဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ Music Documentary Program အဖြစ် ကလေးငယ်များအား ဂီတအနုပညာ သင်ကြားပေးနေပုံကို ရိုက်ကူးသည်။

အဆိုပါအစီအစဉ်တွင် Yoon Do Hyun၊ Sandara Park၊ Sandeul၊ Kim Jeahwan နှင့် Joo-E စသည့် ကိုရီးယားနာမည်ကြီးအနုပညာရှင်များ ပါဝင်ပြီး မြန်မာနိုင်ငံ၏ အလှအပများကို လေ့လာကြည့်ရှုရင်း စာသင်ခန်းထဲမှ ကလေးငယ်များကို ဂီတအနုပညာများ သင်ကြားပေးမည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း၊ ဂီတနှင့် ထိတွေ့မှုနည်းပါးသော ကလေးငယ်များကို ဂီတနှင့် ရင်းနှီးလာစေရန်နှင့် ယခု Program မှတစ်ဆင့် မြန်မာနိုင်ငံ၏ အလှတရားများနှင့်အတူ ကလေးငယ်များ၏ ချစ်စရာသံပြိုင်တေးများကို ဖော်ထုတ်ပြသပေးနိုင်ရန် ဖြစ်ကြောင်း သိရသည်။

ယင်းအစီအစဉ်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဒီးဒုတ်ရေတံခွန်၊ ဆင်ဖြူမယ်ဘုရား၊ ဦးပိန်တံတားနှင့် ပုဂံညောင်ဦးမြို့ရှိ အထင်ကရနေရာများ၊ ရွှေဂူဘုန်းတော်ကြီးသင်ပညာရေးကျောင်း စသည့် နေရာများတွင် စက်တင်ဘာ ၉ ရက်မှစပြီး စက်တင်ဘာ ၁၈ ရက်အထိ ရိုက်ကူးမည်ဖြစ်သည်။

Music Documentary Program ၏ "My Music Teacher Mingalaba" အမည်ရှိ မှတ်တမ်းဗီဒီယိုကို ကိုရီးယားနိုင်ငံ SBS Plus ရုပ်သံလိုင်း၊ SBS FunE ရုပ်သံလိုင်းနှင့် မြန်မာနိုင်ငံတွင် Free to Air Channel တစ်ခုဖြစ်သော Fortune TV ရုပ်သံလိုင်းများတွင် ထုတ်လွှင့်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးမြင့်အောင် (FDC)**

❍ ရှေ့ဖုံးမှ

ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုမှ ယခုဘဏ္ဍာနှစ်အတွင်း ပြည်တွင်းလုပ်သားများကို အလုပ်အကိုင်ဖန်တီးပေးနိုင်သကဲ့သို့ ပြည်ပလုပ်သား ၄၆၀၀ ကျော်ကိုလည်း အလုပ်အကိုင်ဖန်တီးပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုမှာ ယခုဘဏ္ဍာနှစ် ဆယ့်တစ်လအတွင်း အမေရိကန်ဒေါ်လာ ၃၃၅ ဒသမ ၈၃၄ သန်း အပါအဝင် ကျပ်သန်းပေါင်း ၁၁၁၆၆၁၉ ဒသမ ၄၇၆ သန်း ရရှိထားပြီး ယခင်လုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၂၅ ဒသမ ၅၀၁ သန်းအပါအဝင် ကျပ်သန်းပေါင်း ၁၃၇၃၆၁၉ ဒသမ ၅၁၅ သန်း ရရှိထားကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာလည်း ယခုဘဏ္ဍာနှစ် ဆယ့်တစ်လအတွင်း အမေရိကန်ဒေါ်လာ ၂၅၅၀ ဒသမ ၇၇၃ သန်းရရှိထားပြီး ယခင်လုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၈၇၆ ဒသမ ၃၅၂ သန်း ရရှိထားကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

## စစ်တောင်းမြစ်ရေအခြေအနေ

ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**

## ယူနီကုဒ်စနစ် စတင်ပြောင်းလဲ သုံးစွဲကြပါစို့

- ➢ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်အတွက် e-Government စနစ်၊ စနစ်တကျ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါသည်။
- ➢ e-Government စနစ်၊ စနစ်တကျ တိုးတက်လာရေးအတွက် အစိုးရ၊ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူလူထုအကြား ကောင်းမွန်သောဆက်သွယ်ရေး၊ ရေးသားပြောဆိုသောစနစ် တူညီရေး လိုအပ်ပါသည်။
- ➢ တူညီသော စနစ်ဖြစ်စေရန် နိုင်ငံတကာစံနှုန်း၊ မြန်မာစာ ရေးထုံးများနှင့် ကိုက်ညီသော ယူနီကုဒ်စနစ်သုံး မြန်မာစာစနစ်သို့ စတင်ပြောင်းလဲသုံးစွဲကြပါစို့။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

## ယူနီကုဒ်စနစ် ဘယ်တော့ပြောင်းမှာလဲ

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့မှစ၍ နိုင်ငံတကာ စံချိန်စံညွှန်းအဖွဲ့အစည်း(ISO)၏ ISO/ IEC 10646 စံချိန်စံညွှန်းနှင့် အညီ မြန်မာနိုင်ငံအမျိုးသားစံချိန်စံညွှန်းကောင်စီက မြန်မာနိုင်ငံ၏ စံအဖြစ် သတ်မှတ်ထားရှိသည့် ယူနီကုဒ်စနစ်သုံး မြန်မာစာစနစ်ကို တစ်နိုင်ငံလုံး စတင်ပြောင်းလဲသုံးစွဲသွားမည်ဖြစ်ပါသဖြင့် ပြည်သူ တစ်ရပ်လုံး ပူးပေါင်းပါဝင်ပြောင်းလဲသုံးစွဲနိုင်ရေး တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

# ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၁**

ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၉)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီအနေဖြင့် ရန်ပုံငွေ ရှာဖွေရေး၊ ထိန်းသိမ်းရေး၊ သုံးစွဲရေးလုပ်ငန်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ရန်ပုံငွေခွဲဝေသုံးစွဲမှုများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာမှ လှူဒါန်းမှုများနှင့် နိုင်ငံတကာတွင် ဖြစ်ပွားသည့် ဘေးများအတွက် လှူဒါန်းမှုများကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေသို့ နိုင်ငံတော်မှ နှစ်စဉ်ငွေကျပ်ဘီလီယံ ၂၀ နှင့် အလှူရှင်များ၏ လှူဒါန်းမှုများကိုလည်း ရန်ပုံငွေသို့ ထည့်သွင်းပါကြောင်း၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ အလျင်အမြန်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပွင့်လင်းမြင်သာစွာနှင့် အကျိုးရှိစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် သုံးစွဲလျက်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ရန်ပုံငွေစာရင်းဖွင့်လှစ်ထားရှိမှု၊ အလှူငွေရရှိမှု၊ သုံးစွဲမှုနှင့် စာရင်းစစ်ဆေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**တင်ပြဆွေးနွေး**

ယင်းနောက် လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ရန်ပုံငွေသုံးစွဲမှုများနှင့်စပ်လျဉ်း၍ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ သုံးစွဲဆောင်ရွက်မှုများ၊ စနစ်တကျ ရှိစေရေးဆောင်ရွက်မှုများ၊ Southeast Asia Disaster Risk Insurance Facility (SEADRIF) နှင့်ပတ်သက်၍ ဆောင်ရွက်နေမှုကို တင်ပြဆွေးနွေးကြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အမျိုးသားကော်မတီသို့ ဆက်လက်တင်ပြနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

## သတင်းလမ်းညွှန်

## ၂၀၁၉ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အကြိုပိုစတာ ပြည်သူများအား အသိပညာပေးပြသမည်

၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို "32 YEARS and HEALING" "၃၂ နှစ်ကြာ အောင်မြင်မှု အိုဇုန်းလွှာက သက်သေပြု" ဟူသော ဆောင်ပုဒ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပြည်သူများအကြား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများ တိုးတက်မြင့်မားလာစေရန်အတွက် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ ပိုစတာအား စက်တင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသည် မြန်မာနိုင်ငံ၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်တို့ ပူးပေါင်း၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ကမ္ဘာပေါ်ရှိ သက်ရှိအားလုံးအတွက် အိုဇုန်းလွှာ၏ အရေးပါပုံကို သိရှိကြစေရန်၊ အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင် ဗဟုသုတများ ပြည်သူလူထုထံသို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများတွင် ပြည်သူတစ်ရပ်လုံး တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လာကြစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ သိရသည်။ **မောင်လူမော်**

## အစားအသောက်ဘေးကင်းရေးဆိုင်ရာ ဖိုရမ် ကျင်းပမည်

အစားအသောက်ထုတ်လုပ်ရေးနှင့် စပ်လျဉ်းသည့် အခက်အခဲများ၊ အခွင့်အလမ်းများကို ဆွေးနွေးနိုင်ရန်အတွက် အစားအသောက်ဘေးကင်းရေးဆိုင်ရာ ဖိုရမ်ကို စက်တင်ဘာ ၂၈ ရက်တွင် ကမာရွတ်မြို့နယ်ရှိ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အစားအသောက်နှင့် သက်ဆိုင်သည့် စိုက်ပျိုးထုတ်လုပ်ရောင်းချနေသော ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များနှင့် အရည်အသွေး စမ်းသပ်စစ်ဆေးရေးတို့မှ တာဝန်ရှိသူများ တက်ရောက်မည်ဖြစ်ပြီး လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့် အခွင့်အလမ်းများကို မေးမြန်းဆွေးနွေးကြမည်ဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်း၊ နို့နှင့် နို့ထွက်ပစ္စည်းလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ အသင့်စားအစားအစာလုပ်ငန်းများ၊ အဖျော်ယမကာလုပ်ငန်းများ ၊ ကိတ်မုန့်၊ ပေါင်မုန့်နှင့် မုန့်အမျိုးမျိုး စသည့် အစားအသောက်ကဏ္ဍပေါင်းစုံမှ တာဝန်ရှိသူများလည်း တက်ရောက်ကြမည်ဖြစ်သည်။

ဖိုရမ်တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ လွှတ်တော်ကော်မတီများမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် သံရုံးများမှ အစားအသောက်ဆိုင်ရာ ပညာရှင်များ တက်ရောက်ပြီး ဟောပြောကြမည်ဖြစ်သည်။ **အောင်သူရ**

### ဥရောပရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပမည်

ဥရောပရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၃ ရက် ညနေ ၆ နာရီခွဲမှ ည ၈ နာရီခွဲအထိ ချမ်းမြသာစည်မြို့နယ် ၆၂ လမ်း၊ မနော်ဟရီလမ်းနှင့် ခိုင်ရွှေဝါလမ်းကြားရှိ မင်္ဂလာစင်ထရယ်ပွိုင့်တွင် ကျင်းပသွားမည်ဖြစ်သည်။

### အသည်းနှင့် ကင်ဆာရောဂါများဆိုင်ရာ ဟောပြောဆွေးနွေးပွဲ ကျင်းပမည်

အသည်းနှင့် ကင်ဆာရောဂါများဆိုင်ရာ ဟောပြောဆွေးနွေးပွဲကို စက်တင်ဘာ ၁၅ ရက် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီခွဲအထိ မဟာအောင်မြေမြို့နယ် သိပ္ပံလမ်း၊ ၆၅ လမ်းနှင့် ၆၆ လမ်းကြားရှိ City Hospital တွင် ကျင်းပသွားမည်ဖြစ်သည်။

### နိုင်ငံတကာခရီးသွားဝန်ဆောင်မှုပြပွဲ ကျင်းပမည်

နိုင်ငံတကာခရီးသွားဝန်ဆောင်မှုပြပွဲကို စက်တင်ဘာ ၁၃ ရက်တွင် ချမ်းမြသာစည်မြို့နယ် ၇၃ လမ်း၊ သဇင်လမ်းနှင့် ငုဝါလမ်းကြားရှိ မင်္ဂလာမန္တလေးတွင် ကျင်းပသွားမည်ဖြစ်သည်။

### စီးပွားရေးအသိပညာပေး ဆွေးနွေးပွဲ ကျင်းပမည်

"ယနေ့လုပ်ငန်းရှင်နှင့် မြန်မာ့စီးပွားရေး" ခေါင်းစဉ်ဖြင့် စီးပွားရေးအသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ချမ်းအေးသာစံမြို့နယ် ၃၄ လမ်း၊ ၇၈ လမ်းထောင့်ရှိ ရတနာပုံစူပါစင်တာ (၄)လွှာရှိ MRCCI အသင်း Hall ခန်းမတွင် ကျင်းပသွားမည်ဖြစ်သည်။

### Transformation Leadership Journey ဆွေးနွေးပွဲ ကျင်းပမည်

Transformation Leadership Journey ဆွေးနွေးပွဲကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် လမ်း ၃၀ ထောင့် မန္တလေးဘူတာကြီးရှိ Hotel Marvel ၌ ကျင်းပသွားမည်ဖြစ်သည်။

### ကျန်းမာသောလူနေမှုဘဝပုံစံဖြင့် ဆီးချိုရောဂါကို ကာကွယ်ကုသခြင်း လူထုပညာပေးဟောပြောပွဲ ကျင်းပမည်

ကျန်းမာသောလူနေမှုဘဝပုံစံဖြင့် ဆီးချိုရောဂါကို ကာကွယ်ကုသခြင်း လူထုပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ချမ်းအေးသာစံမြို့နယ် ၇၁ လမ်း၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြားရှိ မြို့တော်ခန်းမတွင် ကျင်းပသွားမည်ဖြစ်သည်။

**တင်ဇာလှိုင် (မြန်/ဆက်)**

# New Media Training and Discussion သင်တန်းဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးတို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် New Media Training and Discussion သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိုင်ငံပိုင်မီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကမီဒီယာများဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စဉ်းစားသည့်အခါ New Media ၏ အရေးပါပုံကို မြင်ရပါကြောင်း၊ New Media သည် လျင်မြန်ခြင်း၊ ပျံ့နှံ့မှုနှုန်းလွယ်ကူမြန်ဆန်ခြင်း၊ သတင်းပမာဏများစွာကို တစ်ပြိုင်နက်ဖြန့်ချိနိုင်ခြင်းနှင့် ထုထည်ပမာဏ၊ နယ်နိမိတ်နှင့် အချိန်ကန့်သတ်ချက်များကို ကျော်လွှားနိုင်ပါကြောင်း၊ သတင်းနှင့်ပတ်သက်၍ မြန်ဆန်မှုသည် အရေးကြီးသည့် လက္ခဏာတစ်ရပ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သမားရိုးကျမီဒီယာမှ New Media သို့ ပြောင်းလဲကြရမည်ဖြစ်ပါကြောင်း။

### တွင်ကျယ်စွာအသုံးပြုနေ

မိမိတို့အနေဖြင့် ပြောင်းလဲရန် ကြိုးပမ်းနေသည့်ကာလ၌ တစ်ဖက်တွင် သတင်းဖတ်ရှုသူများအနေဖြင့် New Media ကို တွင်ကျယ်စွာအသုံးပြုနေကြပြီဖြစ်ပါကြောင်း၊ New Media တွင် ရေးသားဖော်ပြမှုများ၏ ကောင်းကျိုးများနှင့် ဆိုးကျိုးများကို ရောနှောသုံးစွဲနေချိန်တွင် ဆိုးကျိုးများကိုသာ ထောက်ပြကာကွယ်တားဆီးနေရုံဖြင့်မပြီးဘဲ မိမိတို့ကိုယ်တိုင် သတင်းမှန်များ၊ အများပြည်သူအတွက် အကျိုးပြုသည့်သတင်းများကို New Media မှ ထိထိရောက်ရောက်ဖြန့်ချိပေးနိုင်ရန် ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း။

မီဒီယာသည် အသွင်သဏ္ဌာန်နှင့် နည်းပညာများပြောင်းလဲလာသည်နှင့်အမျှ ထုတ်လုပ်ရမည့်ပုံသဏ္ဌာန်များသည် မလွဲမသွေပြောင်းလဲကြရမည်ဖြစ်ပါကြောင်း၊ အများပြည်သူကို မှန်ကန်သည့် သတင်းအချက်အလက်များပေးနိုင်ရေး၊ အများပြည်သူအသိပညာဖွံ့ဖြိုးတိုးတက်ရေး၊ အများပြည်သူကို သန့်ရှင်းသည့်ဖျော်ဖြေမှုများပေးနိုင်ရေးသည် နိုင်ငံပိုင်မီဒီယာများ၏ ရည်ရွယ်ချက်များဖြစ်ပြီး ပြောင်းလဲသွားမည်မဟုတ်ပါကြောင်း၊ အဆိုပါ ရည်ရွယ်ချက်များ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မီဒီယာဆိုင်ရာနည်းပညာအသစ်များကို ကြိုးစားသင်ယူလေ့ကျင့်ခြင်းသည်သာလျှင် ယနေ့သင်တန်း၏ ဦးတည်ချက်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် Minister Counsellor လီရှောင်ရန်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၁၂ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

### တက်ရောက်

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ်များ ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှတာဝန်ရှိသူများ၊ နည်းပြများ၊ ပြန်ကြားရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ သင်တန်းသားသင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် New Media Training and Discussion သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## ပြင်သစ်ရုပ်ရှင်ဇာတ်ကား Vagabond ကို လေ့လာမှုအစီအစဉ် ပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၁၁**

ဒါရိုက်တာ Agnès Varda ၏ လက်ရာကောင်းတစ်ခုဖြစ်သော Vagabond ပြင်သစ်ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၁၅ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှုအစီအစဉ် ပြုလုပ်မည်။

ယင်းအစီအစဉ်ကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ချက်ဖြင့် Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်အဖြစ် (၂၅) ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။

အဆိုပါဇာတ်လမ်းအမျိုးအစားမှာ French Drama Film ဖြစ်ပြီး ၁၉၈၅ ခုနှစ်က Venice Film Festival တွင် Golden Lion Award ဆုရရှိခဲ့ကြောင်း၊ ဇာတ်လမ်းအကျဉ်းမှာ အိမ်ခြေရာမဲ့သွားလာနေသည့် အမျိုးသမီးငယ်တစ်ဦးသည် ဆောင်းရာသီတွင် လမ်းဘေးတစ်နေရာ၌ ကွယ်လွန်ခဲ့ခြင်းဖြင့် ဇာတ်လမ်း အစပြုထားပြီး ၎င်းမကွယ်လွန်မီအခြေအနေများကို နောက်ကြောင်းပြန်ထားသည့် ဇာတ်လမ်းဖြစ်ကြောင်း၊ လွတ်လပ်မှုကို ခုံမင်သော အိမ်ခြေရာမဲ့အမျိုးသမီးငယ်တစ်ဦး၏ အသက်ရှင်နေထိုင်ခြင်းနှင့် သေဆုံးခြင်းကို ဖော်ကျူးထားသည့် ဇာတ်ကားတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၁၁ - ၉ - ၂၀၁၉) ရက်နေ့ ရေပိုလွှဲမှ ရေကျော်သည့် ရေလှောင်တမံများစာရင်း

(၀၆:၀၀)နာရီ ရေအမှတ်

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် (ပေ) ကန်ရေသေ (ပေ) | ရေလှောင်ပမာဏ (ဧကပေ) | ရေအနက် (ပေ) | ရေလှောင်ပမာဏ (ဧကပေ) | မိုးရေချိန် (လက်မ) | ရေပိုလွှဲမှ ရေကျော်အမြင့် (ပေ) |
|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | |
| ၁ | ရေဘုတ်ရေလှောင်တမံ | ဘားအံခရိုင် | ၃၆ | ၂၈၄၇၄ | ၃၇.၆၅ | ၃၂၇၁၀ | ၀.၃၉ | ၁.၆၅ |
| | | လှိုင်းဘွဲ့မြို့ | ၁၉ | ၂၃၇၆ | | | | |
| | | **ချင်းပြည်နယ်** | | | | | | |
| ၂ | လိုင်ဗားရေလှောင်တမံ | ဖလမ်းခရိုင်/ | ၆၈.၈၀ | ၁၈၈၁ | ၆၉.၁၀ | ၁၉၀၂ | ၀.၆၈ | ၀.၃၀ |
| | | ဖလမ်းမြို့ | ၂၆ | ၁၀၃ | | | | |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| ၃ | ရာဇဂြိုဟ်ရေလှောင်တမံ | ကလေးခရိုင်/ | ၁၄၅ | ၅၂၀၀၀ | ၁၄၆.၈၀ | ၅၃၇၁၀ | ၀.၆၆ | ၁.၈၀ |
| | | ကလေးမြို့ | ၈၅ | ၈၀၀၀ | | | | |
| | | **ပဲခူးတိုင်းဒေသကြီး(အရှေ့)** | | | | | | |
| ၄ | ပသီရေလှောင်တမံ | တောင်ငူခရိုင်/ | ၈၀ | ၃၀၅၀၀ | ၈၁.၁၀ | ၃၁၅၄၅ | ၁.၇၀ | ၁.၁၀ |
| | | တောင်ငူမြို့ | ၂၅.၆ | ၁၅၀၅ | | | | |
| ၅ | ရေညိုးရေလှောင်တမံ | တောင်ငူခရိုင်/ | ၅၀ | ၁၅၅၀၀ | ၅၂.၈၀ | ၁၉၆၅၈ | ၁.၇၃ | ၂.၈၀ |
| | | အုတ်တွင်းမြို့ | ၂၂.၈၅ | ၇၂၅ | | | | |
| ၆ | မင်းရဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၃၈ | ၂၃၅၀ | ၃၈.၆၀ | ၂၄၁၀ | ၁.၅၀ | ၀.၆၀ |
| | | အုတ်တွင်းမြို့ | ၂၅ | ၅၀၀ | | | | |
| ၇ | ငမြဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၄၆ | ၂၃၈၀ | ၄၆.၆၀ | ၂၄၆၀ | ၁.၅၀ | ၀.၆၀ |
| | | ဖြူးမြို့ | ၂၇.၅ | ၃၅၀ | | | | |
| ၈ | ဖြူးချောင်းရေလှောင်တမံ | တောင်ငူခရိုင်/ | ၂၁၉ | ၆၃၂၅၃၃ | ၂၂၃.၈၀ | ၇၀၇၁၄၃ | ၀.၉၂ | ၄.၈၀ |
| | | ဖြူးမြို့ | ၁၁၆.၆ | ၂၉၉၅၉ | | | | |
| ၉ | ရဲနွယ်ရေလှောင်တမံ | ပဲခူးခရိုင်/ | ၂၀၅ | ၉၃၁၈၀၀ | ၂၀၅.၇၀ | ၉၄၅၄၆၀ | ၂.၃၈ | ၀.၇၀ |
| | | ကျောက်တံခါးမြို့ | ၈၈.၂ | ၃၄၉၀၀ | | | | |
| ၁၀ | ဘောနီရေလှောင်တမံ | ပဲခူးခရိုင်/ | ၇၃ | ၃၅၂၀၀ | ၇၄.၈၀ | ၃၈၀၈၀ | ၃.၅၄ | ၁.၈၀ |
| | | ဒိုက်ဦးမြို့ | ၃၃ | ၂၄၀၀ | | | | |
| ၁၁ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူးခရိုင်/ | ၄၀ | ၁၁၁၃၀ | ၄၂.၃၀ | ၁၂၁၀၄ | ၂.၁၀ | ၂.၃၀ |
| | | ဒိုက်ဦးမြို့ | ၈ | ၁၄၂၈ | | | | |
| ၁၂ | မခင်းရေလှောင်တမံ | ပဲခူးခရိုင်/ | ၅၂ | ၂၆၁၈၆ | ၅၃.၆၀ | ၂၈၄၄၈ | ၁.၁၀ | ၁.၆၀ |
| | | ပဲခူးမြို့ | ၂၅ | ၂၄၇၆ | | | | |
| ၁၃ | စလက်ထော်ရေလှောင်တမံ | ပဲခူးခရိုင်/ | ၃၉.၅ | ၁၈၉၁၂ | ၄၁.၀၀ | ၂၀၆၇၅ | ၁.၇၇ | ၁.၅၀ |
| | | ပဲခူးမြို့ | ၁၂.၅ | ၇၅၀ | | | | |
| ၁၄ | ရွှေပြည်(၃)ရေလှောင်တမံ | ပဲခူးခရိုင်/ | ၂၈ | ၃၇၀၀ | ၂၉.၀၀ | ၄၁၄၀ | ၁.၈၀ | ၁.၀၀ |
| | | ပဲခူးမြို့ | ၈ | ၄၀ | | | | |
| | | **ပဲခူးတိုင်းဒေသကြီး(အနောက်)** | | | | | | |
| ၁၅ | တောင်ညိုရေလှောင်တမံ | သာယာဝတီခရိုင်/ | ၉၅ | ၂၁၀၀၀၀ | ၉၇.၂၀ | ၂၂၉၆၁၈ | ၀.၅၁ | ၂.၂၀ |
| | | နတ္တလင်းမြို့ | ၅၇.၅ | ၂၁၉၅၀ | | | | |
| ၁၆ | ဘော်ဘင်ရေလှောင်တမံ(၂) (ဘော်ဘင်ချောင်း) | သာယာဝတီခရိုင်/ | ၁၀၀ | ၂၆၅၈၈ | ၁၀၁.၆၀ | ၂၈၀၅၆ | ၀.၅၅ | ၁.၆၀ |
| | | ဇီးကုန်းမြို့ | ၆၅ | ၅၈၄၂ | | | | |
| ၁၇ | ကံတင်ဘီးလင်းရေလှောင်တမံ | သာယာဝတီခရိုင်/ | ၁၀၅ | ၁၃၄၁၇၅ | ၁၀၈.၄၀ | ၁၅၀၇၀၉ | ၄.၁၇ | ၃.၄၀ |
| | | မင်းလှမြို့ | ၅၅ | ၇၅၇၈ | | | | |
| ၁၈ | သဲကောရေလှောင်တမံ | သာယာဝတီခရိုင်/ | ၆၆ | ၅၂၅၀၀ | ၆၉.၁၅ | ၇၁၁၇၅ | ၀.၉၄ | ၃.၁၅ |
| | | လက်ပံတန်းမြို့ | ၄၀ | ၄၁၂၀ | | | | |
| ၁၉ | သုံးဆယ်ရေလှောင်တမံ | သာယာဝတီခရိုင်/ | ၁၃၈ | ၂၃၇၅၂၀ | ၁၃၈.၉၀ | ၂၄၃၈၉၂ | ၄.၆၄ | ၀.၉၀ |
| | | သာယာဝတီမြို့ | ၆၆ | ၈၅၆၀ | | | | |
| ၂၀ | မုကွာရေလှောင်တမံ | သာယာဝတီခရိုင်/ | ၆၄ | ၂၄၁၁၂ | ၆၈.၈၀ | ၃၀၉၁၆ | ၄.၄၈ | ၄.၈၀ |
| | | မင်းလှမြို့ | ၃၄ | ၁၈၆၁ | | | | |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | |
| ၂၁ | တောင်ခင်ရန်းရေလှောင်တမံ | ဂန့်ဂေါခရိုင်/ | ၇၉ | ၁၁၇၂၆ | ၇၉.၁၀ | ၁၁၇၆၂ | - | ၀.၁၀ |
| | | ဂန့်ဂေါမြို့ | ၃၈ | ၁၆၂၄ | | | | |
| ၂၂ | မြစ်သာရေလှောင်တမံ | ဂန့်ဂေါခရိုင်/ | ၁၈၅ | ၃၇၇၆၀၀ | ၁၈၆.၁၅ | ၃၈၅၁၆၇ | - | ၁.၁၅ |
| | | ဂန့်ဂေါမြို့ | ၁၃၅ | ၁၅၂၉၁၅ | | | | |
| ၂၃ | မုန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၄၀ | ၆၂၀၉၀၀ | ၁၄၂.၀၀ | ၆၄၂၀၄၀ | - | ၂.၀၀ |
| | | စေတုတ္တရာမြို့ | ၆၀ | ၉၂၅၀၀ | | | | |
| ၂၄ | မန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၀ | ၁၂၀၀၀၀ | ၁၂၀.၃၀ | ၁၂၄၆၀၀ | - | ၀.၃၀ |
| | | စလေမြို့ | ၆၀ | ၁၀၅၀၀ | | | | |
| ၂၅ | ကြီးအိုကြီးဝရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၃.၅ | ၃၀၂၇၀၀ | ၁၂၇.၂၀ | ၃၃၇၄၈၀ | - | ၃.၇၀ |
| | | မှင်းမြို့ | ၅၆ | ၂၄၃၇၂ | | | | |
| ၂၆ | ဘွက်ကြီးရေလှောင်တမံ | သရက်ခရိုင်/ | ၉၅ | ၇၃၁၉၂ | ၉၅.၁၀ | ၇၃၄၈၇ | ၀.၅၅ | ၀.၁၀ |
| | | အောင်လံမြို့ | ၆၁ | ၁၇၆၁၅ | | | | |
| ၂၇ | ပဒဲရေလှောင်တမံ | သရက်ခရိုင်/ | ၁၀၅ | ၃၂၈၉၀ | ၁၀၅.၅၅ | ၃၃၆၂၆ | ၀.၄၀ | ၀.၅၅ |
| | | အောင်လံမြို့ | ၇၈ | ၈၉၃၀ | | | | |
| | | **မွန်ပြည်နယ်** | | | | | | |
| ၂၈ | ဝါးပါးရေလှောင်တမံ | သထုံခရိုင်/ | ၆၁ | ၄၁၅၀ | ၆၁.၅၀ | ၄၂၂၈ | ၁.၂၀ | ၀.၅၀ |
| | | သထုံမြို့ | ၁၇ | ၁၇၃ | | | | |
| ၂၉ | ကတိုက်ရေလှောင်တမံ | သထုံခရိုင်/ | ၁၂၃ | ၅၄၀၉၂ | ၁၂၄.၀၀ | ၅၅၀၄၃ | ၀.၈၆ | ၁.၀၀ |
| | | ပေါင်မြို့ | ၂၆ | ၁၁၇၅ | | | | |
| ၃၀ | ရွှေနတ်တောင်ရေလှောင်တမံ | မော်လမြိုင်ခရိုင်/ | ၇၄ | ၅၂၅၀ | ၇၄.၇၀ | ၅၃၇၁ | ၀.၈၉ | ၀.၇၀ |
| | | မော်လမြိုင်မြို့ | ၃၄ | ၉၁၀ | | | | |
| ၃၁ | အစင်းရေလှောင်တမံ | မော်လမြိုင်ခရိုင်/ | ၈၂.၈ | ၁၅၄၂၇ | ၈၃.၁၀ | ၁၅၅၇၇ | ၂.၁၆ | ၀.၃၀ |
| | | မုဒုံမြို့ | ၂၅.၅ | ၁၂၆ | | | | |
| | | **ရခိုင်ပြည်နယ်** | | | | | | |
| ၃၂ | ပြိုင်းချောင်းရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၉၆ | ၂၅၂၀၅ | ၉၈.၆၀ | ၂၆၅၀၅ | ၂.၆၀ | ၂.၆၀ |
| | | ကျောက်တော်မြို့ | ၂၆ | ၁၀၅၄ | | | | |
| ၃၃ | ဂရင်ဂျိုင်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၂၆ | ၆၅ | ၂၆.၅၀ | ၆၈ | - | ၀.၅၀ |
| | | မင်းပြားမြို့ | ၁၂ | ၅ | | | | |
| ၃၄ | ကြက်တက်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၀ | ၁၂၀ | ၃၀.၃၀ | ၁၂၄ | - | ၀.၃၀ |
| | | မင်းပြားမြို့ | ၁၀ | ၉ | | | | |
| ၃၅ | ချောက်ချောင်းရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၄၃ | ၁၁၄၀ | ၄၄.၈၀ | ၁၂၅၃ | ၁.၇၀ | ၁.၈၀ |
| | | ကျောက်တော်မြို့ | ၁၇ | ၁၂၀ | | | | |
| ၃၆ | တမန်းဒူးရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၄.၇၅ | ၆၇၈ | ၃၅.၁၅ | ၇၀၇ | - | ၀.၈၀ |
| | | မြေပုံမြို့ | ၁၀.၇၅ | ၇၅ | | | | |
| | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | |
| ၃၇ | ငမိုးရိပ်ရေလှောင်တမံ | ရန်ကုန်(မြောက်ပိုင်း)ခရိုင်/ | ၆၂ | ၁၈၀၀၀၀ | ၆၄.၇၀ | ၂၀၉၈၀၀ | ၂.၂၀ | ၂.၇၀ |
| | | လှည်းကူးမြို့ | ၃၆ | ၁၂၀၀၀ | | | | |
| ၃၈ | တဘူးလှရေလှောင်တမံ | ရန်ကုန်(မြောက်ပိုင်း)ခရိုင်/ | ၈၅ | ၁၉၄၆၀၀ | ၈၇.၃၀ | ၂၀၇၈၀၀ | ၂.၅၀ | ၂.၃၀ |
| | | တိုက်ကြီးမြို့ | ၄၅ | ၂၄၃၂၅ | | | | |
| ၃၉ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန်(တောင်ပိုင်း)ခရိုင်/ | ၁၃ | ၁၇၃၅ | ၁၄.၀၀ | ၁၉၅၅ | ၀.၆၀ | ၁.၀၀ |
| | | ကျောက်တန်းမြို့ | ၂.၅၀ | ၁၅၀ | | | | |
| ၄၀ | စာမဏီအင်းရေလှောင်တမံ | ရန်ကုန်(တောင်ပိုင်း)ခရိုင်/ | ၁၂ | ၅၃၆၄ | ၁၂.၈၀ | ၅၉၂၉ | ၀.၅၆ | ၀.၈၀ |
| | | သန်လျင်မြို့ | ၂ | ၃၂၆ | | | | |
| | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | |
| ၄၁ | နန်ကသူရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၃၈ | ၄၀၄၈၇ | ၁၄၀.၆၀ | ၄၁၇၆၂ | ၀.၈၄ | ၂.၆၀ |
| | | အင်္ဂပူမြို့ | ၅၈ | ၆၆၁၈ | | | | |
| ၄၂ | ကညင်ရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၇၄ | ၁၄၅၀၀၀ | ၁၇၆.၄၀ | ၁၄၉၅၉၅ | ၁.၈၀ | ၂.၄၀ |
| | | အင်္ဂပူမြို့ | ၈၆ | ၂၆၈၈၀ | | | | |



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ အာဆီယံ(၉)နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံ သံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့မှ ကိုယ်စားလှယ်များ မြန်မာနိုင်ငံသို့ပြန်လည်ဝင်ရောက်လာသည့် ဟိန္ဒူမိသားစု(၁၁)ဦးအား တွေ့ဆုံစဉ်။

❍ **အာဆီယံမှ**

ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနေ့ ညနေပိုင်းတွင် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည့် ဟိန္ဒူမိသားစု(၁၁)ဦးအား စစ်တွေမြို့ရှိ ပြည်နယ်အစိုးရဧည့်ဂေဟာ၌ တွေ့ဆုံခဲ့သည်။

**ပြန်လည်အခြေချနေထိုင်လို**

ယင်းသို့တွေ့ဆုံရာ၌ အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့မှ ကိုယ်စားလှယ်များ၏ မေးမြန်းမှုများနှင့်ပတ်သက်၍ ဟိန္ဒူမိသားစုများက ARSA ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်း ၎င်းတို့၏ မိသားစုဝင်များ ဆုံးရှုံးခဲ့ရမှုနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခေါ်ယူခံခဲ့ရမှုအခြေအနေ၊ အိန္ဒိယအစိုးရနှင့် ရခိုင်ပြည်နယ်မှ ဟိန္ဒူဘာသာရေးခေါင်းဆောင်တစ်ဦးတို့၏ အကြောင်းကြားပေးမှုဖြင့် မြန်မာအစိုးရက ၎င်းတို့အား ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ပြန်လည်ခေါ်ယူခဲ့မှု အခြေအနေ၊ ၎င်းတို့အား ဖမ်းဆီးမိပါက သတ်ဖြတ်မည်ဟု ARSA မှ ခြိမ်းခြောက်မှုအခြေအနေ၊ ပြန်လည်ဝင်ရောက်လာပြီးနောက် နေထိုင်ရသည်မှာ လုံခြုံစိတ်ချရမှုအခြေအနေ၊ မောင်တောမြို့၌ ပြန်လည် အခြေချနေထိုင်လိုမှုနှင့် အသက်ရှင်ရပ်တည်နိုင်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်လိုမှုအခြေအနေ၊ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NVC) ကိုင်ဆောင်ထားရှိမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ပြန်လည်ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ၎င်းတို့အတွက် နိုင်ငံတော်အစိုးရနှင့် ကုမ္ပဏီများပူးပေါင်းပြီး မောင်တောမြို့တွင်နေအိမ်များ ဆောက်လုပ်ပေးထားပြီးဖြစ်ကြောင်း၊ မကြာမီမောင်တောမြို့သို့ ပြောင်းရွှေ့ပေးရန်စီစဉ်ထားရှိကြောင်း၊ အသက်မွေးဝမ်းကျောင်းအတွက် အလုပ်အကိုင်များ ဖန်တီးပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ခွင့်ခံရမည့်သူ၏ သက်သေခံကတ်ပြားများ (NVC) ရရှိနိုင်ရေးနှင့် နိုင်ငံသားလျှောက်ထားမှုလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာများနှင့်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယနေ့ နံနက်ပိုင်းတွင် အဆိုပါကိုယ်စားလှယ်အဖွဲ့သည် တစ်ဖက်နိုင်ငံမှ မိမိအစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်လာသည့် မွတ်ဆလင်မိသားစုဝင် (၁၀) ဦးအား စစ်တွေမြို့ရှိ ပြည်နယ်အစိုးရဧည့်ဂေဟာ၌ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာ၌ အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံ သံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့မှ ကိုယ်စားလှယ်များ၏ မေးမြန်းချက်များနှင့်စပ်လျဉ်း၍ ၎င်းမိသားစုများက ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်း၌ နေထိုင်ခဲ့စဉ်က ARSA အဖွဲ့၏ ခြိမ်းခြောက်ခံခဲ့ရကြောင်း၊ ၎င်းတို့၏ ရက်စက်ကြမ်းကြုတ်မှုများကိုလည်း သိရှိခဲ့ရကြောင်း၊ သားသမီးများ၏ ကျန်းမာရေး၊ ပညာရေးနှင့် နေထိုင်စားသောက်ရေးအခက်အခဲများကြောင့် မိမိအစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ပြန်လည်ဝင်ရောက်လာရာတွင် မြန်မာအစိုးရမှ မြန်မာဘက်တွင်နေထိုင်ခဲ့သည့် အထောက်အထားနှင့် အကြမ်းဖက်လှုပ်ရှားမှုများတွင် ပါဝင်ခြင်း ရှိ-မရှိ ဆိုသည့် အချက်(၂)ခုကိုသာ အဓိကစိစစ်ခဲ့ပါကြောင်း၊ တစ်ဖက်နိုင်ငံရှိ စခန်းများတွင် လက်ရှိနေထိုင်လျက်ရှိသူများအနေဖြင့် ARSA ၏ အကြမ်းဖက်မှုများနှင့် ခြိမ်းခြောက်မှုများ ဆက်လက်ခံစားနေရကြောင်း၊ မူလနေရပ်သို့ ပြန်လည်သွားရောက်လုပ်ကိုင်လိုသော်လည်း ARSA ၏ ခြိမ်းခြောက်မှုအန္တရာယ်ကြောင့် သွားရောက်နိုင်မှုမရှိသေးကြောင်းအပါအဝင် တစ်ဖက်နိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် နေထိုင်နေသည့် ၎င်းတို့၏ ဆွေမျိုးသားချင်းများအနေဖြင့် မူလနေရပ်သို့ပြန်လာ၍ အခြေချနေထိုင်လိုသော်လည်း ARSA ၏ ခြိမ်းခြောက်မှုနှင့် လွှမ်းမိုးမှုကြောင့် ပြန်လာနိုင်ခြင်းမရှိသည့်အခြေအနေ၊ NVC ကတ်ရရှိရေးဆောင်ရွက်ခဲ့မှုနှင့် လက်ရှိ NVC ကတ် ကိုင်ဆောင်ထားမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး ၎င်းတို့အတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

**ပြန်လည်နေရာချထားပေးရန် စီစဉ်ထား**

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်အကြား နှစ်နိုင်ငံသဘောတူညီချက်အရ ပြန်လည်ဝင်ရောက်လိုသူ (၂၀၀၀၀)ကျော်အနက် စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် တောင်ပြိုလက်ဝဲစခန်းမှတစ်ဆင့် မိသားစုဝင် (၆)ဦး ထပ်မံ၍ ပြန်လည်ဝင်ရောက်လာခဲ့မှု၊ ၎င်းတို့၏စားဝတ်နေရေးအတွက် စီစဉ်ပေးထားမှုနှင့် ယာယီနေရာချထားပြီးပါက မူလနေထိုင်ခဲ့သည့်နေရာ (သို့မဟုတ်) ၎င်းနှင့်အနီးဆုံးနေရာတွင် ပြန်လည်နေရာချထားပေးရန် စီစဉ်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ယခုကဲ့သို့ လာရောက်တွေ့ဆုံမေးမြန်းပေးသည့် အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့မှ ကိုယ်စားလှယ်များအား ကျေးဇူးတင်ကြောင်း၊ နှစ်နိုင်ငံသဘောတူညီချက်နှင့် ဆောင်ရွက်သည့်အခါတွင် အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် သက်ဆိုင်သည့် UN အဖွဲ့အစည်းများကလည်း လိုအပ်သလို ပူးပေါင်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုကြောင်း နိဂုံးချုပ်ပြောကြားခဲ့သည်။

ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံဆိုင်ရာဂျပန်သံအမတ်ကြီးနှင့်အဖွဲ့သည်လည်း ဩဂုတ် ၂၇ ရက်က ရခိုင်ပြည်နယ်၊ မောင်တောမြို့သို့ သွားရောက်၍ မိမိဆန္ဒအလျောက် တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာခဲ့သည့် နေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံခဲ့ကြောင်းနှင့် နေရပ်စွန့်ခွာသူများ၏ အခက်အခဲ၊ လိုအပ်သည့်အကူအညီများ၊ တစ်ဖက်နိုင်ငံတွင် ရောက်ရှိနေကြသည့် နေရပ်စွန့်ခွာသူများ၏ အခြေအနေများ၊ ဂျပန်အစိုးရအနေဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဆောင်ရွက်ပေးသွားရန်ရှိကြောင်း ဆွေးနွေးပြောကြားခဲ့သည်ဟု သိရသည်။

**သတင်းစဉ်**


# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၀၁)လမ်း၊ ပထမထပ်၊ အမှတ်(၂၄)တွင် ပါတီရုံးချုပ်တည်ရှိသော **ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ (Democracy and Human Rights Party)**သည် ယင်းပါတီ၏ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီ၏ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ**

(Democracy and Human Rights Party)**၏ အလံပုံစံ**



**ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ**

(Democracy and Human Rights Party)**၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# (၁၄)ကြိမ်မြောက် ထွန်းဖောင်ဒေးရှင်း စာပေဆုအတွက် စာအုပ် / စာမူများ ပေးပို့ရန်ဖိတ်ခေါ်

**နေပြည်တော် စက်တင်ဘာ ၁၁**

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သော ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မရှင်ကို ဖွဲ့စည်းကာ ဘာသာရပ်(၁၂)မျိုးခွဲခြားပြီး စာပေဆုများကို နှစ်စဉ်ထိုက်ထိုက်တန်တန်ချီးမြှင့်ပေးလျက်ရှိသည်။

ထွန်းဖောင်ဒေးရှင်းစာပေဆုအတွက် အကျုံးဝင်သော ဘာသာရပ်များမှာ စီးပွားရေး၊ သမိုင်း၊ အတ္ထုပ္ပတ္တိ၊ ကျန်းမာရေး၊ ကလေးစာပေ၊ လူငယ်စာပေ၊ ယဉ်ကျေးမှု၊ ရှေးဟောင်းကျမ်း၊ ရည်ညွှန်းကျမ်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စာပဒေသာနှင့် သုတပဒေသာတို့ဖြစ်ပြီး (အင်္ဂလိပ်၊ မြန်မာ) နှစ်သက်ရာဘာသာဖြင့် ရေးသားတင်သွင်းနိုင်သည်။

စာပေဆုအတွက် အထက်ပါဘာသာရပ်များနှင့်အကျုံးဝင်သော ၂၀၁၈ ခုနှစ်အတွင်း ပထမအကြိမ်ထုတ် စာအုပ်နှစ်အုပ်နှင့် စာမူဆုအတွက် မိမိကိုယ်တိုင်ရေးသားပြုစုထားသော စာမူနှစ်စုံ(လက်နှိပ်စက်၊ ကွန်ပျူတာဖြင့်)ကို စာရေးသူ၏ ကိုယ်ရေးအကျဉ်း၊ လိုင်စင်ဓာတ်ပုံနှစ်ပုံတို့ဖြင့် ပူးတွဲပေးပို့ရန်ဖြစ်သည်။

(၁၄)ကြိမ်မြောက် ထွန်းဖောင်ဒေးရှင်းစာပေဆုအတွက် စာအုပ်/ စာမူတင်သွင်းလိုသူများသည် ထွန်းဖောင်ဒေးရှင်းစာပေဆု ကော်မတီ အမှတ်(၂၃/၂၄)၊ ဇဟိုရ်စည်အိမ်ရာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ (ဖုန်း-၀၉-၇၃၁၀၄၄၈၇)သို့ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ်းလွန်လုပ်ကွက်အမှတ် M-5 တွင် Preparis Geophysical Site Survey Contour လုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်ပါ၍ ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၁၁**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီသည် ကမ်းလွန်လုပ်ကွက်အမှတ် M-5 တွင် Preparis Geophysical Site Survey Contour လုပ်ငန်းများကို MV.JAVA IMPERIA (Call Sign : POZE) ရေယာဉ်ဖြင့် NW-vertex မြောက်လတ္တီကျူ ၁၄ ဒီဂရီ ၅၆ မိနစ် ၃၄ ဒသမ ၄၄ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၃ ဒီဂရီ ၄၇ မိနစ် ၁၃ ဒသမ ၉၉ စက္ကန့်၊ NE-vertex မြောက်လတ္တီကျူ ၁၄ ဒီဂရီ ၅၆ မိနစ် ၃၃ ဒသမ ၈၅ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၃ ဒီဂရီ ၅၀ မိနစ် ၀၁ ဒသမ ၃၆ စက္ကန့်၊ SE- vertex မြောက်လတ္တီကျူ ၁၄ ဒီဂရီ ၅၃ မိနစ် ၅၁ ဒသမ ၁၂ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၃ ဒီဂရီ ၅၀ မိနစ် ၀၀ ဒသမ ၇၃ စက္ကန့်၊ SW- vertex မြောက်လတ္တီကျူ ၁၄ ဒီဂရီ ၅၃ မိနစ် ၅၁ ဒသမ ၇၁ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၃ ဒီဂရီ ၄၇ မိနစ် ၁၃ ဒသမ ၄၀ စက္ကန့်တွင် ၁-၈-၂၀၁၉ ရက်နေ့မှ ၃၁-၈-၂၀၁၉ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသော်လည်း အဆိုပါလုပ်ငန်းများ မပြီးပြတ်သေးပါသဖြင့် ၁၂-၉-၂၀၁၉ ရက်နေ့မှ ၃၀-၉-၂၀၁၉ ရက်နေ့အထိ ထပ်မံဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ၁၂-၉-၂၀၁၉ ရက်နေ့မှ ၃၀-၉-၂၀၁၉ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ (၄)ကီလိုမီတာ ပတ်လည်အတွင်း ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

# အမေရိကန်နိုင်ငံ၌ ကျင်းပသည့် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဖူးပွင့်ရတီခိုင် ပထမဆု ဆွတ်ခူးရရှိ

**ရန်ကုန် စက်တင်ဘာ ၁၁**

အမေရိကန်နိုင်ငံ၌ စက်တင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ ကျင်းပသည့် True Blue - 2019 Golfweek Program Championship ပြိုင်ပွဲတွင် မြန်မာဂေါက်သီးအားကစားမယ် ဖူးပွင့်ရတီခိုင် ပထမဆု ဆွတ်ခူးရရှိခဲ့သည်။

ဖူးပွင့်ရတီခိုင်သည် အမေရိကန်နိုင်ငံရှိ University of North Carolina Wilmington (UNCW) တွင် ပညာသင်ကြားနေသော ကျောင်းသူတစ်ဦးဖြစ်ပြီး အမေရိကန်၌ ကျင်းပလျက်ရှိသည့် ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ အောင်မြင်မှုများလည်း ရယူနိုင်ခဲ့သည်။ ဖူးပွင့်ရတီခိုင်သည် ယခုပြိုင်ပွဲ ပထမနေ့နှင့် ဒုတိယနေ့တွင် ၇၁ ချက်၊ တတိယနေ့တွင် ၆၇ ချက်ဖြင့် သုံးရက်ပေါင်းရိုက်ချက် ၂၀၉ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၇ ချက် လျှော့ရိုက်ကာ ပထမဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ ယခုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကစားသမား ၇၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

**သတင်း-ဇိုးသော်ဇင်**
**ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်**



# မော်လမြိုင်ကျွန်းမြို့နယ် မဘောတွင် ၁၉ မိုင် ၆ ဖာလုံရှည် ရေငန်တားတာ တည်ဆောက်

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မဘောကျေးရွာအုပ်စုတွင် ၁၉ မိုင် ၆ ဖာလုံရှည်လျားသော ကျေးရွာ ၁၁ ရွာရှိ တောင်သူအကျိုးပြု ရေငန်တားတာ တည်ဆောက်ခြင်းနှင့် ကိုယ့်အားကိုယ်ကိုးကျေးရွာ ၁၁ ရွာ ကျေးရွာချင်းဆက်တာလမ်းများ တည်ဆောက်ခြင်းကို ဖေဖော်ဝါရီ ၁၁ ရက်မှစပြီး စက်ယန္တရားများလုပ်ငန်းများဖြင့် ဆောင်ရွက်ခဲ့ကြသည်။

ယင်းရေငန်တားတာ တည်ဆောက်ရာတွင် မိုးရာသီလုပ်ငန်း ခေတ္တရပ်နားချိန်အထိ လေးမိုင်ကျော်ရှိ ရေငန်တားတာနှင့် ကျေးရွာချင်းဆက်တာလမ်းများ တည်ဆောက်ပြီးစီးသွားပြီဖြစ်သည်။

အဆိုပါတောင်သူအကျိုးပြု ရေငန်တားတာ တည်ဆောက်ပြီးစီးသွားပါက အကျိုးပြုလယ်ဧကပေါင်း ၅၄၄၈ ဧက မှာ နွေရာသီတွင် ဆားငန်ရေဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်မည့်အပြင် မဘောကျေးရွာအုပ်စုရှိ ကျေးရွာ ၁၁ ရွာမှာလည်း တစ်ရွာမှတစ်ရွာသို့ ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်သည်။

ယင်းမော်လမြိုင်ကျွန်းမြို့နယ် မဘောကျေးရွာအုပ်စု ရေငန်တားတာ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ပွင့်လင်းရာသီမှစ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

**မော်ကျွန်း-မြင့်အောင်**

# Myanmar International Series ကြက်တောင်ပြိုင်ပွဲ ဆက်လက်ကျင်းပ စက်တင်ဘာ ၁၂ ရက် ကျင်းပမည့်ပွဲစဉ်တွင် သက်ထားသူဇာ ပွဲစဉ်ပါဝင်မည်

**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် Myanmar International Series ကြက်တောင်ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီမှစ၍ ရန်ကုန်မြို့ အမျိုးသားကြက်တောင်အားကစားခန်းမ၌ ဆက်လက်ကျင်းပခဲ့သည်။ စက်တင်ဘာ ၁၂ ရက် ကျင်းပမည့်ပွဲတွင် နာမည်ကြီးကစားသမား သက်ထားသူဇာ ပွဲစဉ်ပါဝင်မည်ဖြစ်သည်။

ယနေ့ကျင်းပမည့် ပွဲစဉ်များတွင် မြန်မာကစားသမားများအနက် အမျိုးသားတစ်ဦးချင်း ဒုတိယအဆင့်တွင် ဇော်လင်းထူးက အဒီ (အင်ဒိုနီးရှား) ကို (၁၀-၂၁) မှတ်၊ (၁၅-၂၁) မှတ်၊ အမျိုးသမီးတစ်ဦးချင်း ပထမအဆင့်တွင် ဇွန်မျိုးသက်က တာဆာရာ (အင်ဒိုနီးရှား) ကို (၂၁-၂၃) မှတ်၊ (၁၁-၂၁) မှတ်၊ ခိုင်သဉ္ဇာက ဂျိုရှီ (အိန္ဒိယ)ကို (၁၁-၂၁) မှတ်၊ (၁၀-၂၁) မှတ်၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ထူးအောင်မျိုးနှင့် ဖုန်းပြည့်နိုင်အတွဲက ထိုင်းအတွဲကို (၁၇-၂၁) မှတ်၊ (၁၅-၂၁) မှတ်၊ ဇော်လင်းထူးနှင့် သူရိန်အတွဲက မလေးရှားအတွဲကို (၁၉-၂၁) မှတ်၊ (၂၁-၁၆) မှတ်၊ (၁၃-၂၁) မှတ်၊ ချမ်းဝင်းဦးနှင့် ဟိန်းစည်သူတိုးအတွဲက အိန္ဒိယအတွဲကို (၁၁-၂၁) မှတ်၊ (၁၄-၂၁) မှတ်ဖြင့် အရေးနိမ့်ခဲ့သည်။ ပြိုင်ပွဲဒုတိယနေ့တွင် ပွဲစဉ်စုစုပေါင်း ၃၃ ပွဲ ကျင်းပခဲ့ပြီး အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဒုတိယအဆင့်၊ နှစ်ယောက်တွဲပြိုင်ပွဲ ပထမအဆင့်နှင့် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်များ ပါဝင်ခဲ့သည်။

တတိယနေ့ကို စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ International Series ကြက်တောင်ပြိုင်ပွဲ၌ ချန်ပီယံဆု အကြိမ်ကြိမ်ရထားသည့် မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာ ပွဲစဉ်ပါဝင်မည်ဖြစ်ပြီး ထိုင်းကစားသမား ဆာရန်ပွန်နှင့် တွေ့ဆုံနေကာ နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ တတိယနေ့တွင် အမျိုးသမီးတစ်ဦးချင်း ဒုတိယအဆင့်၊ အမျိုးသားနှစ်ယောက်တွဲ ဒုတိယအဆင့်နှင့် အမျိုးသား+အမျိုးသမီးနှစ်ယောက်တွဲ ပထမအဆင့်ပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဘုန်းသော်**



**Myanmar International Series ကြက်တောင်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေစဉ်။**

# ဖောင်တော်ဦးဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲ ကျင်းပမည်

**မိတ္ထီလာ စက်တင်ဘာ ၁၁**

မိတ္ထီလာမြို့ (၁၃၆) ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးဘုရားပွဲတော် အထိမ်းအမှတ် မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲကို စက်တင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်များတွင် မြို့မရပ်ကွက် လွတ်လပ်ရေးပန်းခြံတွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်ခြင်းလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုထံမှ သိရသည်။

"သမိုင်းဝင်ဖောင်တော်ဦးဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲကို စက်တင်ဘာ ၁၂ နဲ့ စက်တင်ဘာ ၁၃ ရက် နှစ်ရက်တိုင် လွတ်လပ်ရေးပန်းခြံထဲမှာ ကျင်းပမှာပါ။ မြန်မာ့လက်ရွေးစင် ရွှေတံဆိပ်ဆုရှင် မစုစုလှိုင်၊ ဆီးဂိမ်းရွှေတံဆိပ်ဆုရှင်များဖြစ်တဲ့ မောင်နိုင်အောင်၊ မောင်မင်းဆက်ပိုင်၊ မြန်မာ့လက်ရွေးစင် အောင်ဖြိုးဝေ၊ အောင်မိုးကျော် (ထီလာနွယ်ခြင်းအသင်း)၊ ကျောက်ဆည်မြို့မှ ခြင်းခတ်ကျွမ်းကျင်သူ ကလေးငယ်များ၊ ကျောက်ဆည်မြို့က ထိတ်ထိတ်ကြဲစူပါလင်းအသင်းတို့အပါအဝင် ဒေသခံခြင်းအဖွဲ့ ၁၈ ဖွဲ့တို့ပါဝင်ပြီး ခြင်းအလှခတ်ဖျော်ဖြေသွားမှာပါ"ဟု မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် (ဒိုင်နှင့်နည်းပြ) မိတ္ထီလာမြို့နယ် ခြင်းလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုက ပြောသည်။

အဆိုပါ မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲကို မျိုးဆက်သစ်လူငယ်များ ခြင်းလုံးအားကစားကို ပိုမိုစိတ်ဝင်စားလာပြီး ထူးချွန်သည့်ခြင်းလုံးအားကစားသမားများ ပေါ်ထွက်လာစေရန် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းကို ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး မည်သူမဆို လွတ်လပ်စွာ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ၂၀၁၉ ကမ္ဘာ့ဘိလိယက် Long Up ပြိုင်ပွဲတွင် နေသွေးဦးနှင့် ပေါက်စပူးတွဲတတိယဆုရရှိပြီး ပီတာဂေးလ်ခရစ် ဗိုလ်စွဲ


**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၉ ကမ္ဘာ့ဘိလိယက်နှင့် စနူကာပြိုင်ပွဲ၏ ဘိလိယက် Long Up ပြိုင်ပွဲ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို ယနေ့ နံနက်ပိုင်းမှစ၍ မန္တလေးမြို့ရှိ မန္တလာသီရိအားကစားရုံ၌ ဆက်လက်ကျင်းပသည်။

Long Up ပြိုင်ပွဲအပြီးတွင် ပီတာဂေးလ်ခရစ် (စင်ကာပူ) က ပထမ၊ ပရာပွတ် (ထိုင်း)က ဒုတိယ၊ နေသွေးဦးနှင့် ပေါက်စ(မြန်မာ)က ပူးတွဲတတိယဆု ရရှိခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် မြန်မာကစားသမားနှစ်ဦးစလုံး ရှုံးနိမ့်ခဲ့သောကြောင့် ပူးတွဲတတိယဆုရရှိခဲ့သည်။ နေသွေးဦးသည် ပရာပွတ် (ထိုင်း)ကို (၁၀၀၀-၆၃၀) မှတ်၊ ပေါက်စသည် ပီတာဂေးလ်ခရစ် (စင်ကာပူ) ကို (၁၀၀၂-၆၆၁) မှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ ဗိုလ်လုပွဲတွင် ပီတာဂေးလ်ခရစ် (စင်ကာပူ)က ပရာပွတ် (ထိုင်း)ကို (၁၀၀၀-၇၃၂) မှတ်ဖြင့် အနိုင်ရခဲ့သည်။

150 Up ဘိလိယက်ပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ကစားသမား ၃၉ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**



# (၅၅)နှစ်မြောက် ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း

**ပြင်ဦးလွင် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိလေ့ကျင့်ရေးကျောင်းမှ တပ်ဖွဲ့ဝင်အရာရှိ၊ အခြားအဆင့်တပ်ဖွဲ့ဝင်များသည် (၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံတွင် ယနေ့ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ စုပေါင်းသွေးလှူဒါန်းခဲ့ကြရာ ရဲအရာရှိလေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီးနှင့်အတူ ဒုတိယကျောင်းအုပ်ကြီးနှင့်အဖွဲ့က သွေးလှူဒါန်းကြသည့် တပ်ဖွဲ့ဝင်များကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော တတိယလုပွဲ ပွဲစဉ်များ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၁**

ဝန်ကြီးဌာနပေါင်းစုံဘော်လီဘော (အမျိုးသား/ အမျိုးသမီး) တတိယလုပွဲ ပွဲစဉ်များကို ယနေ့ နံနက် ၈ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B) တွင် ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိသည်။

**အနိုင်ရရှိ**

ယနေ့ယှဉ်ပြိုင်ကစားသော (အမျိုးသမီး)တတိယလုပွဲ ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ (၂၅-၈)မှတ်၊ (၂၅-၁၆)မှတ်၊ (၂၅-၁၀)မှတ်ဖြင့်လည်းကောင်း၊ (အမျိုးသား) တတိယလုပွဲ ပွဲစဉ်အဖြစ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းမှ (၂၅-၁၇)မှတ်၊ (၂၅-၁၉)မှတ်၊ (၂၅-၁၂)မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

**ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမည်**

စက်တင်ဘာ ၁၂ ရက် နံနက် ၈ နာရီခွဲတွင် (အမျိုးသမီး)ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်း၊ စက်တင်ဘာ ၁၃ ရက် နံနက် ၈ နာရီခွဲတွင် (အမျိုးသား) ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဘော်လီဘောအားကစားနည်းကို စိတ်ပါဝင်စားသော မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**ကြေးမုံ**

# အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ဂျွန်ဘော်လ်တန်အား သမ္မတ ထရန့်က ရာထူးမှ ဖယ်ရှား



**ဝါရှင်တန်　စက်တင်ဘာ　၁၁**

အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ဂျွန်ဘော်လ်တန်အား ၎င်း၏ရာထူးမှ ဖယ်ရှားခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က စက်တင်ဘာ ၁၀ ရက်တွင် ၎င်း၏ အင်တာနက် တွစ်တာစာမျက်နှာ၌ ရေးသားဖော်ပြခဲ့သည်။ ၎င်းအား အဆိုပါရာထူးမှ ဖယ်ရှားရခြင်းမှာ ဂျွန်ဘော်လ်တန်၏ ပြင်းထန်သော ရပ်တည်ချက်များနှင့် သဘောတူညီမှုမရှိခဲ့ခြင်းကြောင့် ဖြစ်ကြောင်း သမ္မတ ထရန့်၏ ကြေညာချက်တွင် ဖော်ပြသည်။

အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ဂျွန်ဘော်လ်တန်ထံမှ ရာထူးမှ နုတ်ထွက်လွှာကို မိမိ တောင်းခံခဲ့ကြောင်းနှင့် ၎င်းက စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်း၌ နုတ်ထွက်လွှာအား မိမိထံပေးအပ်ခဲ့ကြောင်း သမ္မတ ထရန့်က တွစ်တာစာမျက်နှာ၌ ရေးသားဖော်ပြခဲ့သည်။

အမေရိကန်သမ္မတက ၎င်းအား ထုတ်ပယ်ခဲ့ခြင်းမဟုတ်ဘဲ ၎င်းကသာ နုတ်ထွက်လွှာတင်သွင်းခဲ့ခြင်းဖြစ်သည်ဟု ဂျွန်ဘော်လ်တန်က ပြောကြားခဲ့သည်။

အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ဂျွန်ဘော်လ်တန်သည် အီရတ်နိုင်ငံအပါအဝင် အခြားသောကိစ္စရပ်များ၌ အမေရိကန်က စစ်ရေးအရ စွက်ဖက်ပါဝင်မှုဖြစ်စေသည့် နိုင်ငံခြားရေးမူဝါဒ ချမှတ်ရာတွင် အဆုံးအဖြတ်ပြုသောနေရာများနှင့် နီးစပ်သော အခြေအနေတွင်ရှိသည်ဟူသော အငြင်းပွားဖွယ်ဖြစ်ရပ်များနှင့် ကြုံတွေ့နေရသူ ဖြစ်သည်။

အမေရိကန်သမ္မတ အိမ်ဖြူတော်တွင် အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ဂျွန်ဘော်လ်တန်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုနှင့်အတူ အကြမ်းဖက်တိုက်ခိုက်မှုဆိုင်ရာ အရေးကိစ္စများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီးများမကြာမီတွင် အမေရိကန်သမ္မတ၏တွစ်တာစာမျက်နှာ၌ ၎င်းအား ရာထူးမှနုတ်ပယ်သည့် ကြေညာချက်ထွက်ပေါ်လာခြင်း ဖြစ်သည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်- ဇော်ဝင်း**

## ဂျပန်နိုင်ငံမှ လွှတ်တင်မည့် လူမဲ့အာကာသကုန်တင်ယာဉ် မီးလောင်မှုကြောင့် လွှတ်တင်ရက်ရွှေ့ဆိုင်း

**တိုကျို　စက်တင်ဘာ　၁၁**

ဒုံးယာဉ်လွှတ်တင်မှုပြုလုပ်မည့်စင်အနီး၌ မီးလောင်ကျွမ်းမှုတစ်ခု ဖြစ်ပွားခဲ့ခြင်းကြောင့် ပစ်လွှတ်ရန် စီစဉ်ထားသည့် ဂျပန်နိုင်ငံမှ လူလိုက်ပါခြင်းမရှိသည့် အာကာသဒုံးကျည်တစ်စင်းအား လွှတ်တင်နိုင်ခဲ့ခြင်းမရှိကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

နိုင်ငံတကာ အာကာသစခန်းယာဉ်(အိုင်အက်စ်အက်စ်)သို့ ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ရေးအတွက် ကိုနိုတိုရီ-၈ အမည်ရှိ ယင်းဒုံးယာဉ်ကို ဒေသစံတော်ချိန် စက်တင်ဘာ ၁၁ ရက် နံနက် ၆ နာရီ ၃၃ မိနစ်တွင် နိုင်ငံတောင်ပိုင်းရှိ တာနဲဂါရှီမာ အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ လွှတ်တင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၃ နာရီထိုးပြီး မကြာခင်အတွင်း အဆိုပါ ဒုံးယာဉ်အား လွှတ်တင်ရန် ပြင်ဆင်ထားသည့် ဒုံးလွှတ်တင်စင်အနီး၌ မီးလောင်မှုတစ်ခုစတင်ဖြစ်ပွားခဲ့ပြီး ယင်းမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်နိုင်ခဲ့ကြောင်း မစ်ဆူဘီရှီ အကြီးစားစက်မှုလုပ်ငန်းက ပြောကြားသည်။

မစ်ဆူဘီရှီကုမ္ပဏီက ၎င်း၏ဒုံးယာဉ်လွှတ်တင်မှုကို မည်သည့်နေ့ရက်တွင် ပြန်လည်လုပ်ဆောင်မည်ဟု သတ်မှတ်ခြင်း မပြုနိုင်သေးဘဲ ယင်းအခြေအနေနှင့်ပတ်သက်ပြီး နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေအား အသိပေးရန်အတွက် သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်သွားဖွယ်ရှိသည်။

ကိုနိုတိုရီ-၈ အမည်ရှိ ဒုံးယာဉ်သည် နိုင်ငံတကာအာကာသစခန်းယာဉ်(အိုင်အက်စ်အက်စ်)ရှိ အာကာသယာဉ်မျိုး၏ နေ့စဉ်သုံးပစ္စည်းများ၊ ဓာတ်ခဲများနှင့် ဂြိုဟ်တုများစသည့် ပစ္စည်းအလေးချိန် ၅ ဒသမ ၄ တန်အား သယ်ယူပို့ဆောင်ပေးသွားမည်ဖြစ်သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ၊　ဘာသာပြန်- ဇော်ဝင်း**

## ရွေးကောက်ပွဲတွင် အနိုင်ရရှိပါက အနောက်ဘက်ကမ်းကို အစ္စရေး သိမ်းပိုက်မည်

**ဂျေရုဆလင်　စက်တင်ဘာ　၁၁**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက လာမည့်ရွေးကောက်ပွဲတွင် ထပ်မံအနိုင်ရရှိပါက အနောက်အာရှရှိ မြေထဲပင်လယ်ကမ်းရိုးတမ်းအနီး ကုန်းတွင်းပိတ်ဒေသတစ်ခုဖြစ်သော အနောက်ဘက်ကမ်းကို တရားဝင်သိမ်းပိုက်ယူမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။

အဆိုပါဒေသတွင် အစ္စရေးနှင့် ပါလက်စတိုင်းတို့ နယ်မြေအငြင်းပွားလျက်ရှိသည်။

စက်တင်ဘာ ၁၇ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲပြီးနောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအစီအစဉ်ကို စတင်မိတ်ဆက်ပြောကြားမည်ဟု မျှော်လင့်ပါကြောင်း အစ္စရေးဝန်ကြီးချုပ်က ဆိုသည်။ အစ္စရေးအနေဖြင့် အနောက်ဘက်ကမ်းနယ်မြေများ သိမ်းပိုက်ယူရန် အမေရိကန်အပါအဝင် ကမ္ဘာ့နိုင်ငံများအား အသိပေးပြောကြားမည်ဖြစ်သည့်အတွက် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအစီအစဉ်သည် အစ္စရေးအတွက် အထူးအခွင့်အရေးတစ်ရပ်ဖြစ်ပါကြောင်း ဝန်ကြီးချုပ် နေတန်ယာဟုက ဆိုသည်။



အစ္စရေးအနေဖြင့် အနောက်ဘက်ကမ်းတွင် ၎င်းဆောက်လုပ်ထားသည့် အဆောက်အအုံ ၁၂၀ ခန့်ကို အတည်ပြုသိမ်းပိုက်မည်ဖြစ်ကြောင်းနှင့် ဂျော်ဒန် တောင်ကြားနှင့် ပင်လယ်သေမြောက်ပိုင်း အပါအဝင် လုံခြုံရေးအတွက် စိုးရိမ်ဖွယ်ရှိသော ဒေသအများအပြားကို သိမ်းပိုက်ယူမည်ဖြစ်သည်ဟု အစ္စရေးဝန်ကြီးချုပ်က မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ဂျော်ဒန်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိဆက်လျက်ရှိသည့် ဂျော်ဒန်တောင်ကြားသည် အနောက်ဘက်ကမ်းဒေသတွင် ၃၀ ရာခိုင်နှုန်းခန့် ပါဝင်သည်။

ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ အတွင်းရေးမှူးချုပ် ဆာဘ်အီရာကတ်က အနောက်ဘက်ကမ်းကို တရားဝင်သိမ်းပိုက်ယူမည့် အစ္စရေး ဝန်ကြီးချုပ်၏ အစီအစဉ်ကို ရှုတ်ချခဲ့သည့်အပြင် ယင်းအစီအစဉ် အထမြောက်အောင်မြင်ခြင်း မရှိစေရန် နိုင်ငံတကာ သို့ အကူအညီတောင်းခံခဲ့သည်။

ကမ္ဘာ့နိုင်ငံများကလည်း အနောက်ဘက်ကမ်းဒေသတွင် အစ္စရေးတည်ဆောက်ထားသော အဆောက်အအုံများသည် တရားဝင်မဟုတ်ကြောင်း ထင်မြင်ယူဆကြသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဆွေးနွေးညှိနှိုင်းမှုများ အဆုံးသတ်သွားပြီဟု အမေရိကန်သမ္မတ ပြောကြားပြီးနောက် အမေရိကန်တပ်ဖွဲ့များအား ဆက်လက်တိုက်ခိုက်သွားမည်ဟု တာလီဘန်အဖွဲ့ သန္နိဋ္ဌာန်ချ



**ကဘူး　စက်တင်ဘာ　၁၁**

အာဖဂန်နစ္စတန်မှ တာလီဘန်အကြမ်းဖက်သောင်းကျန်းသူများနှင့် ဆွေးနွေးမှုများ အဆုံးသတ်သွားပြီဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားခဲ့ပြီးနောက်တွင် အမေရိကန်တပ်ဖွဲ့များအား ဆက်လက်တိုက်ခိုက်သွားမည်ဟု တာလီဘန်အဖွဲ့က စက်တင်ဘာ ၁၀ ရက်တွင် သန္နိဋ္ဌာန်ချခဲ့ပြီး ဆွေးနွေးညှိနှိုင်းမှုများကို စွန့်ခွာသွားခြင်းအတွက် အမေရိကန်တို့ နောင်တရစေလိမ့်မည်ဖြစ်ကြောင်း တာလီဘန်အဖွဲ့က ပြောကြားသည်ဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

အမေရိကန်နှင့် တာလီဘန် ကိုယ်စားလှယ်အဖွဲ့များအကြား တွေ့ဆုံဆွေးနွေးမှုများ ရုတ်တရက် ပျက်ပြားသွားပြီးနောက်တွင် သမ္မတ ထရန့်နှင့် တာလီဘန်အဖွဲ့တို့က တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် တိုက်ခိုက်မည်ဟု ကတိပြုမှုများပြုလုပ်၍ နှစ်ဖက်အကြား၌ စစ်ပွဲနှင့်ဆိုင်သော စကားလုံးများ ပြန်လည်ထွက်ပေါ်လာစဉ် အာဖဂန်နစ္စတန်တစ်ဝန်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများ အပေါ် စိုးရိမ်စိတ်များ မြင့်တက်လာခဲ့သည်။

မိမိတို့တွင် နည်းလမ်း နှစ်ခုရှိကြောင်း၊ တစ်နည်းမှာ အာဖဂန်နစ္စတန်အား အပြီးသတ်သိမ်းယူနိုင်ရေးအတွက် ဂျီဟတ်ဝါဒနှင့် တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ အခြားနည်းလမ်းတစ်ခုမှာ ဆွေးနွေးမှုများနှင့် ညှိနှိုင်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း တာလီဘန်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာမူဂျာဟစ်က အေအက်ဖ်ပီသို့ ပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဆွေးနွေးမှုများကို ရပ်တန့်လိုပါက မိမိတို့အနေဖြင့် ပထမနည်းလမ်းကို လုပ်ဆောင်သွားမည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် များမကြာမီတွင်ပင် နောင်တရစေမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

၁၈ နှစ်ခန့် ကြာမြင့်ပြီဖြစ်သည့် အာဖဂန်နစ္စတန် ပြည်တွင်းစစ်အတွင်းမှ အမေရိကန်တပ်ဖွဲ့များ ပြန်လည်ဆုတ်ခွာရေးအတွက် လမ်းခင်းပေးရန် ရည်မှန်းချက်ဖြင့် အမေရိကန်နှင့် တာလီဘန်အဖွဲ့ကိုယ်စားလှယ်များအကြား တစ်နှစ်နီးပါးကြာ ကျင်းပနေသည့် ညှိနှိုင်းဆွေးနွေးပွဲမှ အမေရိကန်က ထွက်ခွာခဲ့ပြီဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရန့်က သတင်းထောက်များအား ပြောကြားပြီးနောက်တွင် တာလီဘန်အဖွဲ့က ကြေညာချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်- ဇော်ဝင်း**

# ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး အစိုးရအဖွဲ့သစ်စာရင်း တရားဝင်ထုတ်ပြန်



**တိုကျို စက်တင်ဘာ ၁၁**

ဂျပန်ဝန်ကြီးချုပ်က အစိုးရအဖွဲ့သစ်စာရင်းကို တရားဝင်ထုတ်ပြန်လိုက်ပြီဖြစ်သည်။ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ရာထူးနေရာအများစုကို ပြောင်းလဲလိုက်ပြီး အစိုးရအဖွဲ့၌ မျက်နှာသစ်ဝန်ကြီး ၁၃ ဦးအထိ ပါဝင်လာသည်။

ယခုအစိုးရအဖွဲ့သစ်ကို ဇူလိုင်လအတွင်း အထက်လွှတ်တော် ရွေးကောက်ပွဲကျင်းပပြီးနောက် ပထမဆုံးအကြိမ် ပြန်လည်ဖွဲ့စည်းခြင်းဖြစ်သည်။ အဆိုပါ ရွေးကောက်ပွဲတွင် အာဏာရ ညွန့်ပေါင်းပါတီက အမတ်နေရာအချို့ ရှုံးနိမ့်ခဲ့သော်လည်း လွှတ်တော်၌ နေရာအများစုကို ထိန်းချုပ်ထားဆဲဖြစ်သည်။ ဂျပန်အစိုးရအဖွဲ့သစ်တွင် တိုရှိမစ်ဆုမိုတီဂီက နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာခဲ့သည်။ မိုတီဂီမှာ ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆောင်ရွက်မှုနှင့် ဂျပန်-အမေရိကန် ကုန်သွယ်ရေး သဘောတူညီချက်အတွက် ထိပ်တန်း စေ့စပ်ညှိနှိုင်းရေးမှူးအဖြစ် နိုင်ငံတကာစာမျက်နှာတွင် ကမ္ပည်းထိုးခဲ့သူဖြစ်သည်။ ၎င်းမှာ ကာကွယ်ရေးဝန်ကြီးသစ်ဖြစ်လာသည့် တာရိုကိုနို၏ နေရာကို ယူလိုက်ခြင်းဖြစ်သည်။ ရှင်ဇိုအာဘေးက အစိုးရအဖွဲ့ ထိပ်တန်းရာထူးနှစ်နေရာကိုမူ အပြောင်းအလဲမပြုလုပ်ပေ။ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး တာရိုအဆိုနှင့် အစိုးရအဖွဲ့အတွင်းရေးမှူးချုပ် ယိုရှိဟိုင်းဒေဆူဂါတို့ကိုမူ ၂၀၁၂ ခုနှစ်တွင် ရှင်ဇိုအာဘေး စတင်တာဝန်ယူပြီးနောက်ပိုင်း ခန့်အပ်ခဲ့သည့် ယခင်ရာထူးများ၌ ဆက်လက်ထားရှိသည်။

အစိုးရအဖွဲ့တွင် မျက်နှာသစ်တစ်ဦးမှာ ရှင်ဂျီရိုကိုအိဇူမိဖြစ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးအဖြစ် တာဝန်ယူမည်ဖြစ်သည်။ ၎င်းမှာ LDP ပါတီတွင် ထင်ရှားသူတစ်ဦးဖြစ်ပြီး ဝန်ကြီးချုပ်ဟောင်း ဂျူနီချီရိုကိုအိဇူမိ၏ သားတစ်ဦးဖြစ်သည်။ အသက် ၃၈ နှစ်သာရှိသေးသည့် ရှင်ဂျီရိုကိုအိဇူမိမှာ ဒုတိယကမ္ဘာစစ်နောက်ပိုင်း တတိယမြောက် အသက်အငယ်ဆုံးဝန်ကြီး ဖြစ်လာမည်ဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - ကျော်ထိုက်စိုး**

# နယ်နိမိတ်ကိစ္စဆွေးနွေးရန် လာအိုဝန်ကြီးချုပ် ကမ္ဘောဒီးယားနိုင်ငံသို့ သွားမည်



**ဖနောင်ပင် စက်တင်ဘာ ၁၁**

လာအိုဝန်ကြီးချုပ် သောင်လွန်းဆစ်ဆိုလစ်သည် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့် နယ်နိမိတ်ကိစ္စဆွေးနွေးရန်အတွက် စက်တင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံသို့ တရားဝင်အလည်အပတ်ခရီး သွားရောက်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် သတင်းထုတ်ပြန်သည်။

နှစ်နိုင်ငံဝန်ကြီးချုပ်များသည် နှစ်နိုင်ငံအစည်းအဝေးတစ်ခု ကျင်းပမည်ဖြစ်ပြီး ယင်းအစည်းအဝေး၌ ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် နယ်နိမိတ်ကိစ္စများကို ဆွေးနွေးကြမည်ဟု ယင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အစည်းအဝေးကျင်းပပြီးနောက် နှစ်နိုင်ငံဝန်ကြီးချုပ်များသည် ကမ္ဘောဒီးယား-လာအို နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ကြမည်ဖြစ်သည်။ ယင်းနောက် သတင်းစာရှင်းလင်းပွဲ ပြုလုပ်မည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

လာအိုဝန်ကြီးချုပ်၏ တရားဝင် အလည်အပတ်ခရီးစဉ်သည် အိမ်နီးချင်းနှစ်နိုင်ငံအကြား အကျိုးကျေးဇူးများသည့် ပူးပေါင်းဆောင်ရွက်မှု၊ စည်းလုံးညီညွတ်မှု၊ ကာလရှည်ကြာတည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးသည့် အစဉ်အလာဆက်ဆံရေးကို ပို၍ခိုင်မာအောင် မြှင့်တင်ပေးနိုင်မည်ဟု ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အောင်ဇော်လင်း**

# အီရတ်နိုင်ငံ၌ လူအုပ်ပိမှုတစ်ခုဖြစ်ပွား ဘုရားဖူး ၃၁ ဦးသေဆုံး၊ ၁၀၀ ကျော် ဒဏ်ရာရ

**ဘဂ္ဂဒက် စက်တင်ဘာ ၁၁**

စက်တင်ဘာ ၁၀ ရက်က အီရတ်နိုင်ငံ၏ မြို့တော် ဘဂ္ဂဒက်မြို့မှ တောင်ဘက်ရှိ ရှီးယိုက်ဘာသာဝင်တို့၏ အထွတ်အမြတ်ထားသော ကာဘလာမြို့တွင် လူအုပ်ပိမှုတစ်ခုဖြစ်ပွားခဲ့ရာ ရှီးယိုက်ဘုရားဖူး ၃၁ ဦးထက်မနည်း သေဆုံးပြီး ၁၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါမတော်တဆမှုသည် ဘဂ္ဂဒက်မြို့မှ တောင်ဘက်ကီလိုမီတာ ၁၁၀ ခန့်အကွာတွင်တည်ရှိသော ကာဘလာမြို့တွင် ကျင်းပပြုလုပ်သော ရှီးယိုက်ဘာသာဝင်များ၏ အဓိကပွဲတော်ဖြစ်သည့် အရှူရပွဲတော်ဆင်နွှဲရန် အီမမ်ဟူစိန် သာသနာ့နယ်မြေဝင်ပေါက်ထဲသို့ ဘုရားဖူး ထောင်နှင့်ချီဝင်ရောက်ရန် ကြိုးပမ်းနေကြစဉ် ယမန်နေ့ မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လူအုပ်ပိမိမှုကြောင့် သေဆုံးသူဦးရေ ၃၁ ဦးအထိ မြင့်တက်လာပြီး ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအနက် ၁၀ ဦးသည် ဒဏ်ရာပြင်းထန်သည်ဟု ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဆေ့ဖ်အယ်လ်လာဒါက ဆိုသည်။

ရှီးယိုက်ဘာသာဝင်တို့သည် လွန်ခဲ့သည့် အေဒီ ၆၈၀ ခန့်က တမန်တော်မိုဟာမက်၏ မြေးဖြစ်သူ အီမမ်ဟူစိန် ကာဘလာမြို့၌ ကွယ်လွန်ခဲ့သည့်နေ့ အထိမ်းအမှတ်ဖြစ်သော အရှူရပွဲတော်ကို ဆင်နွှဲခြင်းဖြစ်သည်။ ရှီးယိုက်ဘာသာဝင်တို့ စုဝေးရာ အရှူရပွဲတော်သည် အီမမ်ဟူစိန် သေဆုံးခြင်းကို ပြန်ပြောင်းအောက်မေ့သတိရသော ဘာသာရေးပွဲတော်တစ်ခုလည်း ဖြစ်သည်။

အီရတ်နိုင်ငံရှိ ပြည်နယ်အများအပြားနှင့် အီရတ်နိုင်ငံ ပြင်ပမှ ရှီးယိုက်ဘာသာဝင် လေးသန်းကျော်တို့သည် အရှူရပွဲတော်ဆင်နွှဲရန်အတွက် ပြီးခဲ့သည့် ၁၀ ရက်အတွင်း ကာဘလာမြို့သို့ လာရောက်လည်ပတ်ခဲ့ကြကြောင်း တရားဝင် ကိန်းဂဏန်းများအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - ဂျေတီ**

# အာရပ်နိုင်ငံတချို့အပေါ် အစ္စရေးနိုင်ငံ၏ တိုက်ခိုက်မှုများသည် မီးနှင့်ဆော့ကစားခြင်းဖြစ်ဟု အာရပ်အဖွဲ့ချုပ် သတိပေး

**ကိုင်ရို စက်တင်ဘာ ၁၁**

မကြာသေးမီက အာရပ်နိုင်ငံတချို့အပေါ် အစ္စရေးနိုင်ငံ၏ တိုက်ခိုက်မှုများသည် မီးနှင့်ဆော့ကစားနေခြင်းပင်ဖြစ်သည်ဟု အာရပ်အဖွဲ့ချုပ်၏ အတွင်းရေးမှူးချုပ် အာမက်အာဘောလ်ဂိတ်သ်က သတိပေးပြောကြားလိုက်သည်။



အစ္စရေးနိုင်ငံက အာရပ်နိုင်ငံတချို့၌ ယင်းကဲ့သို့သော တိုက်ခိုက်မှုများလုပ်ဆောင်ခြင်း၏ ရည်ရွယ်ချက်မှာ ယခု စက်တင်ဘာ ၁၇ ရက်တွင် ကျင်းပပြုလုပ်မည့် အစ္စရေးနိုင်ငံ၏ ရွေးကောက်ပွဲအတွက် ဝါဒဖြန့်ချိမှုပင်ဖြစ်သည်ဟု ၎င်းက ထပ်မံပြောကြားသည်။

အာရပ်နယ်ပယ်များ၌ အစ္စရေး၏ တိုက်ခိုက်မှုများသည် ဒေသတွင်း လုံခြုံရေးသို့မဟုတ် တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်နိုင်ကြောင်း အာရပ်အဖွဲ့ချုပ်ခေါင်းဆောင်က အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ကျင်းပပြုလုပ်သော အာရပ်အဖွဲ့ချုပ်၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတစ်ရပ်တွင် ထည့်သွင်းပြောကြားသည်။

ပြီးခဲ့သည့် ဩဂုတ် ၂၄ ရက်က ဆီးရီးယားနိုင်ငံ၏ မြို့တော် ဒမတ်စကတ်မြို့မှ အရှေ့တောင်ဘက်ရှိ အက်ကရာဘာကျေးရွာ၌ အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဟစ်ဇ်ဘိုလာအုပ်စုဝင် နှစ်ဦးသေဆုံးခဲ့ပြီးနောက် နှစ်ဖက်အကြား တင်းမာမှုအရှိန်မြင့်မားလာခဲ့သည်။

ထို့အပြင် အစ္စရေးနိုင်ငံသည် ဩဂုတ် ၂၅ ရက်က လက်ဘနွန်နိုင်ငံ၏ မြို့တော် တောင်ဘက် ဆင်ခြေဖုံးအရပ်တွင် အစ္စရေးပိုင် မောင်းသူမဲ့ဒရုန်းလေယာဉ် နှစ်စင်းဖြင့် တိုက်ခိုက်မှု ထပ်မံပြုလုပ်ခဲ့ရာ ဒရုန်းလေယာဉ်တစ်စင်း ပျက်ကျသွားပြီးနောက် တစ်စင်းသည် ဘေရွတ်မြို့တောင်ဘက် ဆင်ခြေဖုံးအရပ်တွင် ပေါက်ကွဲခဲ့ကာ ဟစ်ဇ်ဘိုလာအုပ်စုပိုင် မီဒီယာစင်တာကို ကြီးမားစွာ ထိခိုက်သွားသည်။

ယင်းဖြစ်စဉ်များနှင့် ပတ်သက်၍ ဟစ်ဇ်ဘိုလာအုပ်စုက သီတင်းပတ် တစ်ပတ်ခန့်အကြာတွင် အစ္စရေးနိုင်ငံ၏မြောက်ဘက် အာဗီဗိမ်မြို့၌ အစ္စရေးစစ်ဘက်ယာဉ်တစ်စင်းကို လက်တုံ့ပြန်တိုက်ခိုက်ကာ အစ္စရေးက လက်ဘနွန်နိုင်ငံ တောင်ဘက်ရှိ ဟစ်ဇ်ဘိုလာစခန်းကို လက်နက်ကြီးဖြင့် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# တာချီလိတ်မြို့နယ်အတွင်းမှ မူးယစ်ဆေးဝါး ကျပ်သိန်းပေါင်း တစ်သိန်းဖိုးဖမ်းမိ



**တာချီလိတ် စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ် တာချီလိတ်မြို့နယ် ဝမ်ပုံကျေးရွာအနီးမှ မူးယစ်ဆေးဝါးများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် တာချီလိတ်မြို့နယ်စခန်းမှူး ရဲအုပ်သောင်းထက်အောင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် ဝမ်ပုံကျေးရွာအဝင် မိုင်တိုင် (၃၇) တွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် တာချီလိတ်မြို့နယ် စံဖူးကျေးရွာနေ အိုက်ဝန်းမောင်းနှင်သောယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်အတွင်းမှ မက်သာအက်ဖီတမင်း ကီလိုဂရမ် ၅၀၀ စုစုပေါင်းကာလတန်ဖိုးငွေကျပ် သိန်းပေါင်း တစ်သိန်းဖိုး ရှာဖွေတွေ့ရှိရ၍ ၎င်းအားစစ်မေးရာ အဆိုပါမူးယစ်ဆေးဝါးများကို တာချီလိတ်မြို့နယ် စံဖူးကျေးရွာနေ အိုက်ခိုက်က သယ်ဆောင်ခိုင်းကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် တာချီလိတ်မြို့မရဲစခန်းမှ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူ အိုက်ဝန်းအား ဖမ်းဆီးအရေးယူဆောင်ရွက်ထားပြီး မူးယစ်ဆေးဝါးသယ်ဆောင်ခိုင်းသူ အိုက်ခိုက်အား အမြန်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့**



# ခိုးထားသည့် ဆိုင်ကယ် ၁၈ စီးအား သိမ်းဆည်းရမိ

**ရန်ကုန် စက်တင်ဘာ ၁၁**

ခိုးထားသည့် ဆိုင်ကယ် ၁၈ စီးအား ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ပိုင်ရှင်များအနေဖြင့် လှိုင်သာယာမြို့နယ်နှင့် ထန်းတပင်မြို့နယ်များရှိ ရဲစခန်းများသို့ စုံစမ်းနိုင်ကြောင်း တိုင်းရဲတပ်ဖွဲ့က ယနေ့ ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂ ရက် ညနေပိုင်းက ဆိုင်ကယ်ခိုးမှုများ ကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ ရဲထွင့်ဝေ (ခ)ပိုးကောင်အား (၁၂)ရပ်ကွက် ပေါ်ဆန်းမွှေးလမ်းမပေါ်တွင် Follow me-125 ဆိုင်ကယ်နှင့်အတူ တွေ့ရှိစစ်ဆေးရာ ၎င်းဆိုင်ကယ်အား လှိုင်သာယာမြို့နယ်အတွင်းမှ ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီးနောက် ၎င်းအား အခြားခိုးမှုများ ကျူးလွန်ခဲ့ခြင်း ရှိ၊ မရှိ စစ်ဆေးရာ ၎င်းသည် ဆိုင်ကယ် ၁၈ စီးအားခိုးယူထားကြောင်း ပေါ်ပေါက်၍ ရဲတပ်ဖွဲ့က အမှုများမှ သက်သေခံပစ္စည်း ဆိုင်ကယ်များကို လိုက်လံသိမ်းဆည်း ထားနိုင်ခဲ့သည်။

ဆိုင်ကယ်ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာ ရဲစခန်းများ၌ စုံစမ်းနိုင်ကြောင်းနှင့် ခိုးမှုကျူးလွန်သူ ပိုးကောင်အား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရွှေမြင့်ဦး ( ရွှေပြည်သာ)**

# သန်လျင်၌ တစ်ရက်အတွင်း ယာဉ်နှင့် ဆိုင်ကယ် မတော်တဆမှုကြောင့် နှစ်ဦး သေဆုံး

**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၌ စက်တင်ဘာ ၉ ရက်တွင် ယာဉ်နှင့် ဆိုင်ကယ်များ မတော်တဆဖြစ်မှုကြောင့် နှစ်ဦး သေဆုံးခဲ့ကြောင်း သန်လျင်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က သန်လျင်-ကျောက်တန်းအတိုင်း (စုံစမ်းဆဲ) မောင်းနှင်လာသောဆိုင်ကယ်သည် ကျောက်တန်းမှ သန်လျင်သို့ လွင်မိုးကျော် ဆေးလုံးကြီးကျေးရွာ သန်လျင်မြို့နယ်နေသူ မောင်းနှင်လာသော ဆိုင်ကယ်၏ ဘယ်ဘက်လက်ကိုင်ကို ဝင်ရောက်တိုက်မိရာ လွင်မိုးကျော် မောင်းနှင်လာသည့်ဆိုင်ကယ်သည် မျက်နှာချင်းဆိုင် တစ်ဖက်ယာဉ်ကြောရှိ ခရီးသည်တင်ယာဉ်အား ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ထိုသို့တိုက်မိ၍ ဆိုင်ကယ်မောင်း လွင်မိုးကျော် တွင် ဒဏ်ရာများရရှိပြီး သေဆုံးသွားသဖြင့် သန်လျင်မြို့မ ရဲစခန်းက ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ ညနေ ၆ နာရီ ၁၅ မိနစ်တွင် သန်လျင်မြို့ ဗိုလ်ချုပ်နေဝင်းလမ်းအတိုင်း ပဲခူးစုရပ်ကွက်မှ ဗိုလ်ချုပ်ကျေးရွာသို့ (စုံစမ်းဆဲ) မောင်းနှင်လာသည့် ဆိုင်ကယ်သည် သန်လျင်မြို့ထန်းပင်ကုန်းရပ်ကွက် စနေပတ်ဆွမ်းလောင်းမဏ္ဍပ်အနီးအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းညာဘက်သို့ တိမ်းစောင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့တိမ်းစောင်းသွားခဲ့သဖြင့် ဆိုင်ကယ်မောင်း (စုံစမ်းဆဲ)၏ ဆိုင်ကယ်နောက်တွင် စီးနင်းလာသူ ဒေါ်တင်တင်ဝင်း ဗိုလ်ချုပ်ကျေးရွာ သန်လျင်မြို့နယ်နေသူသည် ဆိုင်ကယ်ပေါ်မှ ပြုတ်ကျသွား၍ သန်လျင် အထွေထွေရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့သည်။ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ထွက်ပြေးတိမ်းရှောင်သွားသူ ယာဉ်မောင်းအား သန်လျင်မြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# တောဆင်ရိုင်း အသေတစ်ကောင် ငပုတောမြို့နယ်တွင် တွေ့ရှိ

**ပုသိမ် စက်တင်ဘာ ၁၁**

ငပုတောမြို့နယ် ထန်းတပင်ကျေးရွာ၏ အနောက်ဘက် ခြောက်မိုင်ခန့် အကွာတွင် စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၃ နာရီက တောဆင်ရိုင်း တစ်ကောင် သေဆုံးလျက်ရှိကြောင်း သိရသည်။

သတင်းအရနယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ မဒေါ်ချောင်း၏ အလယ်တွင် တောဆင်ရိုင်းအမ တစ်ကောင် သေဆုံးလျက်တွေ့ရှိရသည်။ တောဆင်ရိုင်း သေဆုံးမှုအား စုံစမ်းလျက်ကြောင်း တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၀ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၇ ဒသမ ၄၅၀ သန်း)ရှိ ကားအပိုပစ္စည်းနှင့် စားသောက်ကုန်များကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကယားပြည်နယ် ရှားတောမြို့နယ်အပိုင်းမှ တရားမဝင် သစ်တန် ၁၃၀ ကျော် ပိုင်ရှင်မဲ့ သိမ်းဆည်း

**နေပြည်တော် စက်တင်ဘာ ၁၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ် ဖမ်းဆီးရေးကို နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂ ရက်မှ ၈ ရက်အထိ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သစ်တောဦးစီးဌာနများမှ ဖမ်းဆီးရမိသည့် စာရင်းများအရ ကျွန်းသစ် ၁၅၈ ဒသမ ၈၅၃၁ တန်၊ သစ်မာ ၁၉၄ ဒသမ ၀၄၇၄ တန်နှင့် အခြားသစ် ၁၈၅ ဒသမ ၁၉၁၀ တန်ဖြစ်ရာ တရားမဝင်သစ် စုစုပေါင်း ၅၃၇ ဒသမ ၈၂၁၅ တန်၊ ပြစ်မှုကျူးလွန်သူ ၄၃ ဦးနှင့် ယာဉ်/ယန္တရား ၂၃ စီးတို့ကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှုများတွင် စက်တင်ဘာ ၂ ရက်မှ ၃ ရက်အတွင်း ကယားပြည်နယ် ရှမ်း-ကယားနယ်စပ် နမ့်ဟွေလုံချောင်းဘေး ရှားတောမြို့နယ်အပိုင်းမှ ကျွန်း၊ ပျဉ်းကတိုးနှင့် ပိတောက်သစ်လုံး စုစုပေါင်း ၁၃၀ ဒသမ ၆၇၆၀ တန်ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)ဖယောင်းသိုလှောင်ရုံ မီးလောင်မှု ၁၇ ဦးဒဏ်ရာရရှိ

**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်(၁)အတွင်း၌ စက်တင်ဘာ ၁၀ ရက်ည ၇ နာရီခန့်က Level 4 အဆင့်ရှိ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာ၌ ပတ်ဝန်းကျင်စက်ရုံများသို့ မီးကူးစက်ခြင်းမရှိသော်လည်း မီးငြိမ်းသတ်နေစဉ် ပျော်ကျစီးဆင်းသွားသော ဖယောင်းရည်ပူများလောင်ခြင်း၊ ဖယောင်းညှော်နံ့များကြောင့် မီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦး၊ အလုပ်သမားအရပ်သား ငါးဦး စုစုပေါင်း ၁၇ ဦးတို့ အသက်ရှူကျပ်ခြင်းနှင့် ခြေလက်တို့တွင် ဒဏ်ရာများ ရရှိခဲ့ခြင်းတို့ကြောင့် သယံန်းကျွန်းစံပြဆေးရုံနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) ဆေးရုံများသို့ ပရဟိတလူမှုအဖွဲ့ဝင်များက ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ကိုကြီးတင်**

# ပုသိမ်မြို့နယ်၌ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**ရွှေသောင်ယံ စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ မကျီးဇင်ကျေးရွာ ဘောမိရေကျော်ချောင်းဒေသအခေါ်ကြာအင်းချောင်းကမ်းစပ်တွင် တရားမဝင်သစ်ခွဲသားများ တွေ့ရှိကြောင်း သတင်းအရ စက်တင်ဘာ ၉ ရက် မွန်းလွဲ ၃ နာရီတွင် ပုသိမ်နယ်မြေရဲစခန်းမှ ဒု-ရဲအုပ်သန်းထွန်းဝင်းအဖွဲ့နှင့် သာပေါင်းမြို့မရဲစခန်းမှ ဒု-ရဲအုပ်အောင်စိုးမိုးဦးအဖွဲ့က သွားရောက်ရှာဖွေရာ မကျီးဇင်ကျေးရွာနေ ပွေလီ(ခ) ဇော်မျိုးလတ် ပိုင်ဆိုင်သောသစ်များကို အဆိုပါကျေးရွာနေ အစောင့်ဦးတင်ဝင်းနှင့်အတူ တောင်သရက်ခွဲသားဆိုဒ်စုံ ၉၈ ချောင်း (၁၁ ဒသမ ၉၀၇၄ တန်)သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား ပုသိမ်နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုမောင်(ပြန်/ဆက်)**



သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ အထက(၁)အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီခွဲခန့်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်က မူးယစ်ဆေးဝါးအကြောင်းသိကောင်းစရာများ၊ သထုံမြို့မရဲစခန်းမှူး ဒု-ရဲမှူး ဇော်မင်းထွန်းက သက်ငယ်မုဒိမ်းမှုပပျောက်ရေးအတွက် ကျောင်းသားကျောင်းသူ ၄၅၀ ခန့်အား အသိပညာပေး ဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။

လှိုင်ထွန်းအောင်(သထုံ)

**ဥပဒေ ဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွှန်ချမ်းသာ**

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်၏ အာဘော်သာဖြစ်ပါသည်။(စာတည်းအဖွဲ့)*

# ငြင်းခုံခြင်းအနုပညာ

**မေသနပ်ခါး**

လူတိုင်းလူတိုင်းဟာ ငြင်းခုံစရာမရှိ အားလုံးကိုသဘောတူညီညွတ်နေခဲ့ရင် ဒါမှမဟုတ် ခေါင်းညိတ်ခြင်းအမူအရာတစ်ခုကိုပဲ တတ်မြောက်ခဲ့တာဆိုရင် ဘယ်လိုများနေပါလိမ့်မလဲလို့ တစ်ခါတစ်ရံ ကျွန်မတွေးမိတတ်ပါတယ်။ သည်လိုသာဆိုရင်တော့ ဘာစိတ်ဝင်စားစရာမျှမရှိဘဲ သက်မဲ့ကမ္ဘာကို ရောက်နေရသလိုမျိုး ပျင်းရိငြီးငွေ့ဖွယ်အတိ ဖြစ်နေပါလိမ့်မယ်။ တကယ်တော့ လူ့အဖွဲ့အစည်းရဲ့ တိုးတက်ဖြစ်ပေါ်ခြင်းဆိုတာ အသွင်မတူကွဲပြားခြင်းတွေထဲကပဲ ဖော်ဆောင်နိုင်တယ်လို့ ကျွန်မကတော့ ထင်မြင်မိပါတယ်။ ဘယ်နေရာမှာမဆို အတိုက်အခံရှိမှ တိုးတက်မှာပါ။ အဆိုပြုချက်တစ်ခုရှိရင် ပြန်လှန်စစ်ဆေးမေးမြန်းမှု၊ ငြင်းခုံမေးခွန်းထုတ်မှုဆိုတာတွေရှိနေမှသာ မှားယွင်းမှုတွေကို စစ်ထုတ်နိုင်ပြီး ပိုမိုကောင်းမွန်တဲ့ အဖြေကောင်းတစ်ခု ရလာမှာပါ။ ဒါဆိုရင် "ငြင်းခုံခြင်းအနုပညာ"ဆိုတာ လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့နက်မယ့် သိမ်မွေ့တဲ့ပညာရပ်တစ်ခုဖြစ်ကြောင်း ရိပ်မိကြပြီထင်ပါတယ်။

### လေးစားနားလည်ပေး

လူတချို့ဟာ အတိုက်အခံမပြောခြင်းကို ယဉ်ကျေးမှုတစ်ရပ်အနေနဲ့ မြင်ကြတာလည်းရှိပါတယ်။ အားနာတယ်ဆိုခြင်းနဲ့ ကိုယ်ပိုင်ခံယူချက်ဆိုတာဟာ တကယ်တော့ တစ်ဘာသာစီပါ။ ခံယူချက်ကို အားနာခြင်းထဲ ရောချေမပစ်လိုက်ဖို့ လိုပါတယ်။ ဒါဆိုရင် နေရာတိုင်းမှာ အတိုက်အခံတွေပဲပြောရမှာလားဆိုတာက မေးခွန်းတစ်ခု ဖြစ်လာနိုင်ပါတယ်။ ဘယ်နေရာမဆို သူများဘာပြောပြော အမြဲအတိုက်အခံပြောနေရင်တော့ ဘယ်သူမှ လက်ခံမှာ မဟုတ်တာ အသေအချာပါပဲ။ သိပ်မထူးခြားတဲ့အကြောင်းအရာမျိုး ဥပမာ သူက လက်ဖက်ရည်ကောင်းကြောင်းပြောနေချိန်မှာ ကိုယ်က ကော်ဖီကမှ ပိုကောင်းတယ်ထင်နေပေမယ့် ငြင်းနေလို့ အကျိုးရှိလာမယ့် ကိစ္စမျိုးမဟုတ်ပါဘူး။ ကိုယ့်လိုပဲ သူကလည်း သူကြိုက်တာကောင်းတယ်ပြောမှာပဲဆိုတာ နားလည်လက်ခံပေးဖို့လိုပါတယ်။ ကိုယ့်ရဲ့အမြင်ကို ကိုယ်က အမှန်ပဲထင်နေပေမယ့် တစ်ဖက်လူရဲ့အမြင်ကိုလည်း လေးစားနားလည်ပေးဖို့လိုပါတယ်။

နောက်တစ်ခု ရှောင်သင့်တဲ့ငြင်းခုံခြင်းကတော့ ငြင်းလို့အကျိုးယုတ်လာနိုင်တဲ့ အရာတွေပါ။ ဥပမာ ဘာသာရေး၊ လူမျိုးရေးကိစ္စမျိုးတွေကိုသွားငြင်းရင် အကျိုးမရှိလာတဲ့အပြင် လူအချင်းချင်း စည်းလုံးညီညွတ်မှုတောင် ဖရိုဖရဲဖြစ်ပြီး ရန်မီးတောက်နိုင်ပါတယ်။ လူတိုင်းလူတိုင်းမှာ လွတ်လပ်စွာကိုးကွယ်နိုင်တဲ့၊ သက်ဝင်ယုံကြည်နိုင်တဲ့ အခွင့်အရေးတွေ ရှိနေပါတယ်။ ကိုယ်ကိုးကွယ်ရာဘာသာကို ကိုယ်ကိုင်းရှိုင်းရိုသေသလို သူလည်းသူကိုးကွယ်ရာဘာသာကို ယုံကြည်ကိုးကွယ်ပေလိမ့်မယ်။ သည်လိုကိုယ်ချင်းစာတရားနဲ့ အခြားဘာသာဝင်တွေကိုလည်းနားလည်ပေးပါ။ ထပ်တူလေးစားပါ။ ကိုယ်ဟာ ကိုယ်ကိုးကွယ်ရာဘာသာ၊ ကိုယ့်လူမျိုးကို အမြဲကိုယ်စားပြုနေတယ်ဆိုတာ ဘယ်တော့မှ မမေ့ပါနဲ့။ ကိုယ့်ကိုယ်ကိုယ်ယဉ်ကျေးစွာ မြှင့်တင်မှ ကိုယ့်ဘာသာ၊ ကိုယ့်လူမျိုးလည်း အဆင့်အတန်းမြင့်မားလာမှာပါ။ အများသူငါ လေးစားစရာဖြစ်လာမှာပါ။

နောက်တစ်ခုက ကိုးကွယ်ယုံကြည်ရာဘာသာတရားဆိုတာ အငြင်းအခုံ အလောင်းအစားလုပ်ကောင်းတဲ့အရာ မဟုတ်ပါဘူး။

### အမြင်ချင်းဖလှယ်နိုင်

ဒါဖြင့် ဘယ်လိုအရာတွေမှာ ငြင်းရမှာလဲ။ ဒါဟာ သိပ်ကောင်းတဲ့မေးခွန်းတစ်ခုပါ။ ငြင်းလို့ အကျိုးရှိမယ့် အရာတွေကိုပဲ ငြင်းပါ။ လူတစ်ယောက် ပြောလိုက်တဲ့စကားက ကြားလိုက်ရတဲ့သူတွေ အယူမှား၊ အမှတ်မှားသွားနိုင်တဲ့ ကိစ္စမျိုး၊ စနစ်တစ်ခုရဲ့ မူဝါဒခံယူချက်တွေက သွေဖည်သွားနိုင်တဲ့ အရာမျိုး၊ နိုင်ငံတော်တည်ဆောက်ရေးမှာ ပိုအကျိုးယုတ်သွားစေမယ့်အရာမျိုး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပျက်ပြားသွားစေနိုင်တဲ့အရာမျိုး၊ မှတ်ကျောက်တင်နိုင်မယ့် လူပုဂ္ဂိုလ်တစ်စုံတစ်ယောက်ရဲ့ ဂုဏ်သိက္ခာထိခိုက်စေနိုင်တဲ့ မဟုတ်မမှန်အတင်းအဖျင်းမျိုး၊ လူ့ပတ်ဝန်းကျင်တစ်ခုလုံးကို ထိခိုက်စေနိုင်တဲ့ ကောလာဟလမျိုးတွေမှာ ကိုယ့်ဘက်က မှန်နေတာ သေချာရင် ငြင်းပါ။ ချက်နဲ့လက်နဲ့ သက်သေသာဓကတွေနဲ့ ငြင်းပါ။ သည်လိုငြင်းခုံခြင်းကြောင့် မှားယွင်းနေသူက သူ့အမှတ်မှား၊ အတွေးမှား၊ မှားယွင်းနေတာတွေကို သိမြင်လာနိုင်သလို သူ့စကား ကြားရသူအပေါင်းလည်း သူမှားနေတာကို သိလာနိုင်ပါတယ်။ တကယ်လို့သူ့စကားမှာလည်း မှန်တဲ့အပိုင်းတွေရှိနေခဲ့ရင် အချင်းချင်း အမြင်ချင်းဖလှယ်နိုင်သလို မတူကွဲပြားတဲ့ အမြင်ချင်းပေါင်းစပ်လို့ ပိုမိုကောင်းမွန်တဲ့အဖြေတစ်ခု ထွက်လာနိုင်ပါသေးတယ်။

ငြင်းတိုင်းအဖြေထွက်မတဲ့လား။ အပြေးမတတ် ထမင်းငတ်ဆိုသလို အငြင်းမတတ်ရင်လည်း ရန်ဖြစ်ရုံပဲရှိပါလိမ့်မယ်။ ဒါကြောင့်လည်း "ငြင်းခုံခြင်း"ဟာ အနုပညာတစ်ရပ်လို အင်မတန်နူးညံ့ပါတယ်။ အင်မတန်နက်နဲပါတယ်။ ငြင်းခုံဖို့အတွက်ဆိုရင် လုံလောက်တဲ့ အာဟာရပြည့်ဝဖို့လိုပါတယ်။ ဒါမှလည်း အင်နဲ့အားနဲ့ ပိုင်ပိုင်နိုင်နိုင် ငြင်းနိုင်မယ်မဟုတ်လား။ အာဟာရဆိုတာက ငြင်းမယ့်အကြောင်းအရာနဲ့သက်ဆိုင်တဲ့ ဗဟုသုတကိုဆိုလိုတာပါ။ ကိုယ့်မှာ သည်လိုဗဟုသုတ လုံလုံလောက်လောက်မရှိသေးဘဲနဲ့ သူများကို သွားမငြင်းပါနဲ့။ အရင်လေ့လာမှတ်သားလိုက်ပါဦး။ သည်ခေတ်မှာ အင်တာနက်ပေါ်မှာတောင် Google ခေါက်ပြီး ချက်ချင်းလေ့လာလို့ရတဲ့နေရာတွေ အများကြီး ရှိနေပါတယ်။

### အချက်အလက်မှန်ကန်ဖို့လို

မငြင်းခင် ကိုယ်ငြင်းမယ့်အကြောင်းအရာကို ကျေညက်အောင်လေ့လာထားမှသာ ဘာအချက်တွေ၊ ဘယ်လိုအကြောင်းတွေကြောင့် ငြင်းတယ်ဆိုတာ ခိုင်ခိုင်မာမာ ပြောနိုင်ပါလိမ့်မယ်။ တစ်ဖက်ကစကားကို ပြန်လည်ချေပနိုင်ပါလိမ့်မယ်။ ငြင်းတဲ့အခါမှာ ကိုယ့်ငြင်းဆိုချက်ဟာ အချက်အလက်မှန်ကန်ဖို့လိုသလို တရားနည်းလမ်းကျဖို့၊ ရိုးသားဖြောင့်မတ်ဖို့လည်း လိုပါတယ်။ ငါကတော့ ငြင်းချင်လို့ကို ငြင်းတယ်ကွာ။ ဘာကြောင့်ဖြစ်ဖြစ် ငြင်းတော့ ဘာဖြစ်သေးလဲ။ သည်လိုအချိုးမျိုးနဲ့သာ သွားငြင်းရင် ဘယ်သူကမှ ခံနိုင်မှာမဟုတ်လို့ ရန်ဖြစ်ရုံပဲရှိပါလိမ့်မယ်။ မျက်စိပိတ်ငြင်းတာမျိုးက တစ်ဖက်သားကို မလေးစားရာရောက်သလို ရန်စတဲ့ပုံစံမျိုးဖြစ်စေပါတယ်။ ဘာကဘယ်လိုဖြစ်မှန်း ဘာမှဂဃနဏဗဟုသုတရှာမှီးမထားဘဲ ငြင်းခုံခြင်းဟာ အကျိုး မရှိသလို အဓိပ္ပာယ်လည်းမရှိပါဘူး။ ဘေးကမြင်သူတွေက ကိုယ့်ကို အထင်အမြင်သေးစေပါတယ်။ တစ်ဖက်ကအဆိုမှာ မှန်ကန်နေတဲ့ အချက်တွေရှိနေခဲ့ရင်လည်း ဒါကိုပွင့်ပွင့်လင်းလင်း ဝန်ခံရဲရပါလိမ့်မယ်။ သည့်အပြင်ပြောရရင် ကိုယ့်ငြင်းဆိုချက်ဟာ လူအများထောက်ခံဖွယ်ရာ နားလည်လွယ်တဲ့ငြင်းဆိုချက် ဖြစ်ရပါလိမ့်မယ်။ ကိုယ်တစ်ယောက်တည်းနားလည်ပြီး သူများနားမလည်အောင်ငြင်းနေရင် ဘာမျှဗဟုသုတမရှိသူနဲ့ အတူတူပဲ ဖြစ်နေမှာပါ။

### ပညာရ

အခုဆိုရင် လူမှုကွန်ရက်တွေပေါ်မှာ အကြောင်းအရာတစ်ခုကိုအခြေခံလို့ မကြာခဏ အငြင်းအခုံဖြစ်နေကြပါတယ်။ နောက်ပိုင်းမှာ တူရာတူရာလူတွေ စုပေါင်းလို့ အုပ်စုလိုက် ငြင်းခုံကြပါတယ်။ တချို့လူတွေက ချက်နဲ့လက်နဲ့ သူငြင်းရခြင်းအကြောင်းရင်းကို ရှင်းပြတတ်ပါတယ်။ တချို့လူတွေက သူတို့သိတဲ့ဗဟုသုတတွေကို အခြေခံပြီး ထောက်ခံဆွေးနွေးသလို ငြင်းခုံဆွေးနွေးသူတွေလည်း ငြင်းခုံကြပါတယ်။ သည်လိုအခါမျိုးဆိုရင် ပွဲကသိပ်ကြည့်ကောင်းပါပြီ။ သူတို့ရေးထားတာတွေ ဝင်ဖတ်ရုံနဲ့တင် ဗဟုသုတတွေ၊ ကိုယ်မသိသေးတာတွေ အတော်သိရနိုင်လို့ပါ။ သူတို့ ငြင်းခုံတာကိုဖတ်ရင်း ပညာရသလို လေးစားစိတ်လည်းဖြစ်လာရပါတယ်။ တစ်ဦးနဲ့တစ်ဦး ရန်ဖြစ်နေတာ၊ ရန်စနေတာမျိုးမဟုတ်ဘဲ ယဉ်ယဉ်ကျေးကျေး ငြင်းနေကြတာပါ။ လူကြီးလူကောင်းသိပ်ဆန်ပါတယ်။ နောက်ဆုံးမှာ သဘောတူစရာတွေ၊ ညှိနှိုင်းစရာတွေ၊ အကြံပေးချက်တွေနဲ့ အဆုံးသတ်ပုံက တကယ့်အံ့မခန်းတဲ့ ပညာခန်းပါ။

ဒါပေမယ့် လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ သည်လိုလူတွေရှိသလို ငါနဲ့မတူ ငါ့ရန်သူလို့ သဘောထားပြီး အမြင်မတူသူတွေကို မကြားဝံ့မနာသာ ဆဲဆိုရန်ဖြစ်ပြီး ငြင်းနေကြသူတွေလည်း ရှိပါတယ်။ သူတို့ရေးထားတာတွေကိုဖတ်ရင် ဘာပညာခန်းမှ မပါပါဘူး။ ပြောနေတဲ့အကြောင်းအရာနဲ့ ဘာမျှမသက်ဆိုင်ဘဲ တစ်ဖက်နဲ့တစ်ဖက် ဆဲဆိုခြင်း၊ အပုပ်ချခြင်းသက်သက်တွေ ချည်းပါပဲ။ တစ်ခါတလေ ပုဂ္ဂိုလ်ရေးတွေတောင် ပါပါတယ်။ သူလည်း အကျိုးမရှိ၊ ကိုယ်လည်း အကျိုးမရှိတဲ့ အချင်းချင်းသိက္ခာ ကျစေတဲ့ ငြင်းခုံခြင်းမျိုးသက်သက်ပါပဲ။

### အကျိုးကျေးဇူးများ ဖြစ်ထွန်း

သည်နေ့ သိပ္ပံပညာလောကဆိုတာ ငြင်းခုံခြင်းနဲ့ အသက်ဝင်လှုပ်ရှားနေပြီး ရလဒ်အသစ်အသစ်တွေကိုလည်း အမြဲရှာဖွေတွေ့ရှိနေပါတယ်။ ရလဒ်တစ်ခုခုတွေ့ရင်လည်း တွေ့တဲ့နေရာမှာရပ်မထားဘဲ ဆက်လက်သုတေသနပြုမှုတွေနဲ့ တစ်ထစ်ချင်း အောင်မြင်နေတဲ့ လောကကြီးပါ။ လူတစ်ယောက်ယောက် ဒါမှမဟုတ် လူအုပ်စုတစ်စုစုက ဒါက သည်လိုကြောင့်ဖြစ်လာတာပါလို့ သက်သေ အစုံအလင်နဲ့ ပြသလာခဲ့ရင်တောင် ကျန်သူတွေအားလုံးက အသာတကြည် ခေါင်းညိတ်ကြတာမျိုးမဟုတ်ပါဘူး။ တချို့က သူပြောတာမှန်ရဲ့လားလို့ ပြန်စမ်းသပ်စစ်ဆေးနေချိန်မှာ တချို့က တခြားအကြောင်းတွေကြောင့်များ ဖြစ်နိုင်မလားလို့ ရှာဖွေနေကြပါတယ်။ တချို့ကတော့ သည်လိုကြောင့် ဒါဖြစ်လာတာလား၊ ဒါ့ကြောင့် သည်လိုဖြစ်လာတာလား ဆိုတဲ့ ပြောင်းပြန်နိယာမတွေကို လေ့လာကြပါတယ်။ ဒါ့ကြောင့် အကြောင်းအရာတစ်ခုရဲ့ခေါင်းစဉ်အောက်မှာ သုတေသနစာတမ်းပေါင်းများစွာ ထွက်ပေါ်လာရတာပါ။ အချက်အလက်ပေါင်းများစွာ ဆက်လက်ထွက်ပေါ်ခဲ့ရတာပါ။ လူသားတွေအတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်း လာခဲ့ရတာပါ။

### တရားမျှတ

အချုပ်အားဖြင့်ဆိုရရင် လူဆိုတာ အမြဲခေါင်းညိတ်နေလို့မရပါဘူး။ ကိုယ်သဘောမတူတာ၊ တရားမျှတမှုမရှိဘူးထင်တာ၊ လူအများကိုအကျိုးယုတ်စေတယ်လို့ ထင်တာ၊ ကိုယ့်ယုံကြည်မှု ခံယူချက်ကို ထိခိုက်စေတာမျိုးတွေမှာ ငြင်းသင့်ရင် ငြင်းရပါလိမ့်မယ်။ ဟင့်အင်းလို့ ငြင်းခွင့်ရှိပါတယ်။ ဒါပေမယ့် ချက်နဲ့လက်နဲ့၊ အကြောင်းနဲ့ အကျိုးနဲ့ ငြင်းနိုင်ရပါမယ်။ ငြင်းရဲတဲ့သတ္တိလည်း ရှိဖို့လိုပါတယ်။ သူတစ်ပါးက တင်ပြလာတဲ့အမြင်ကိုလည်း သဘောတူတာ၊ မတူတာ အသာထားလို့ လေးစားဖို့လိုပါတယ်။ ဒါမှလည်း အမြင်မတူတာတွေ စုပေါင်းလို့ အဖြေမှန်ထွက်လာမှာပါ။ တိုးတက်ခြင်းကို ရရှိလာမှာပါ။ ဘယ်နေရာမှာမဆို ကြောင်းကျိုးဆီလျော်မှုက အရေးကြီးတာမို့ ငြင်းခုံခြင်းမှာလည်း ကြောင်းကျိုးဆီလျော်စွာ ငြင်းကြပါ။ တရားမျှတစွာ ငြင်းကြပါ။ အာဟာရပြည့်ပြည့်ဝဝနဲ့ ခိုင်ခိုင်မာမာငြင်းကြပါ။ ပညာရှင်၊ ပညာရှိဆန်စွာ ငြင်းကြပါလို့ ပြောရင်းနိဂုံးချုပ်ပါရစေ။ ။

> **လူဆိုတာအမြဲခေါင်းညိတ်နေလို့ မရပါဘူး။ ကိုယ်သဘောမတူတာ၊ တရားမျှတမှုမရှိဘူး ထင်တာ၊ လူအများကို အကျိုးယုတ်စေတယ်လို့ ထင်တာ၊ ကိုယ့်ယုံကြည်မှု ခံယူချက်ကို ထိခိုက်စေတာမျိုးတွေမှာ ငြင်းသင့်ရင် ငြင်းရပါလိမ့်မယ်**

## အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်လှစ်

**မုံရွာ စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးပြီး ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခြေခံမဲဆန္ဒရှင်စာရင်းကို မှန်ကန်တိကျစွာ ကောက်ယူနိုင်ရေး အချက်အလက်များ မှန်ကန်မှုရှိစေရန် ယခုသင်တန်းအား ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်တွင် ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် မုံရွာမြို့နယ်အတွင်း မဲရုံ ၁၅၉ ရုံဖြင့် ဖွင့်လှစ်ပေးခဲ့ကြောင်း မုံရွာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၏ မှတ်တမ်းများအရ သိရသည်။

အဆိုပါသင်တန်းသို့ မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၄ အုပ်စုနှင့် မြို့ပေါ်ရပ်ကွက် ၃၁ ခုတို့မှ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ စာရေး စုစုပေါင်း ၁၇၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားများပပျောက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး



**မန္တလေး စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားများပပျောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီက အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ကလေးအလုပ်သမားများပပျောက်ရေး အရှိန်အဟုန်မြှင့်၍ လုပ်ငန်းကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် လုပ်ငန်းကော်မတီရှစ်ခုမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြသည်။

**သီဟကိုကို**
**(မန္တလေး)**

## အင်ဂျင်နီယာဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဆင်းပွဲကျင်းပ

**ထားဝယ် စက်တင်ဘာ ၁၁**

အင်ဂျင်နီယာဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၄) ဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က ယခုသင်တန်းမှရရှိလိုက်သော ပညာရပ်များကိုအခြေခံပြီး လုပ်ငန်းခွင်တွင် အစဉ်သဖြင့် အရည်အသွေး၊ အရည်အချင်း မြှင့်တင်နိုင်ရေးအတွက် ပွားများတိုးတက်အောင် အသုံးချစွမ်းဆောင်သွားရမှာဖြစ်ကြောင်း၊ ပြည်သူက ယုံကြည်အားကိုးသော ပြည်သူ့ဝန်ထမ်းများဖြစ်အောင် အစဉ်ကြိုးစားအားထုတ်ကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီးက ဆုရသင်တန်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ထားဝယ်ခရိုင် (ပြန်/ဆက်)**



## မြန်မာကျပ်ငွေဖြင့်ရောင်းချမည့် ကျောက်မျက်ပြပွဲ မန္တလေးတွင်ကျင်းပမည်

**မန္တလေး စက်တင်ဘာ ၁၁**

မန္တလေးမြို့တွင် ပထမဆုံးအကြိမ်အဖြစ် ကျောက်စိမ်းကျောက်မျက်ရတနာများအား မြန်မာကျပ်ငွေဖြင့် ရောင်းချမည့် ကျောက်မျက်ပြပွဲကို မန္တလေးမြို့သိပ္ပံလမ်းရှိ မန္တလေးကွန်ဗင်းရှင်းစင်တာတွင် အောက်တိုဘာ ၂၀ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေး) မှ သိရသည်။

မန္တလေးမြို့ရှိ ကျောက်မျက်ရတနာနှင့် ဆက်စပ်လုပ်ငန်းရှင်များ ကျောက်စိမ်း၊ ကျောက်မျက်ကုန်ကြမ်း ရရှိစေရန်၊ ပြည်တွင်းကျောက်စိမ်းအချောထည် လက်ဝတ်ရတနာဈေးကွက် တိုးတက်ထွန်းကားလာစေရန်၊ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ ငွေကြေးလည်ပတ်မှုကောင်းမွန်စေရန်၊ ကျောက်စိမ်းလုပ်ငန်းများ၊ လက်ဝတ်ရတနာထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ တိုးတက်ရရှိစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။



ပြပွဲတွင်ရောင်းချမည့် ကျောက်စိမ်းအရိုင်းဖြတ်သားများကို မြန်မာကျပ်ငွေဖြင့် ရောင်းချမည်ဖြစ်ပြီး အချောထည်များကို နိုင်ငံခြားငွေ၊ မြန်မာကျပ်ငွေ နှစ်မျိုးလုံးနှင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင်ရောင်းချမည့် အရိုင်းဖြတ်သား အချောထည်များနှင့်ပတ်သက်၍ အခွန်စည်းကြပ်မှုများပြုလုပ်နိုင်ရန် ယခုအပတ်အတွင်း အခွန်ဦးစီးဌာနနှင့် တွေ့ဆုံညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေး) မှ သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

## ကလေးငယ်နှစ်ဦးအား အသည်းအစားထိုးခွဲစိတ်ကုသမည်

**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာကလေးအသည်းအစားထိုးကုသမှုအဖွဲ့နှင့် ဂျပန်နိုင်ငံ Kyushu University တို့ပူးပေါင်း၍ အသည်းဝေဒနာရှင် ကလေးငယ်နှစ်ဦးအား ရန်ကုန်ကလေးဆေးရုံကြီး၌ တတိယအကြိမ်မြောက် အသည်းအစားထိုး ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခွဲစိတ်မှုကို ယခုလနောက်ဆုံးပတ်တွင် ခွဲစိတ်ကုသသွားမည်ဖြစ်ရာ ခွဲစိတ်ကုသနေစဉ်ကာလအတွင်း ကုန်ကျမှုများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန နိုင်ငံတော်ရန်ပုံငွေဖြင့်ကုန်ကျခံသုံးစွဲသွားမည်ဖြစ်ပြီး ခွဲစိတ်ပြီးသွေးစစ်ချက်နှင့် ဆက်လက်ကုသစရိတ်များကို အလှူရှင်များက ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ မခွဲစိတ်မီ စမ်းသပ်စစ်ဆေးချက်များအပါအဝင် ကုန်ကျစရိတ်များကို လူနာရှင်များက ကျခံသွားမည်ဖြစ်ကြောင်း သိရသည်။

အသည်းရောဂါဝေဒနာခံစားနေရသော ခွဲစိတ်ကုသမည့် ကလေးငယ်နှစ်ဦးမှာ အသက်တစ်နှစ်လေးလအရွယ်ရှိသည့် မောင်ဘုန်းမြင့်မြတ် (အသည်းကင်ဆာဝေဒနာရှင်) ဖြစ်ပြီး ဒုတိယတစ်ဦးမှာ မွေးရာပါ သည်းခြေပြွန်မရှိသည့်ရောဂါဝေဒနာခံစားနေရသော အသက်တစ်နှစ်ငါးလရှိ မောင်မြတ်ဘုန်းထက်တို့ဖြစ်ကြောင်း သိရသည်။

"ဒီနေ့ကတော့ အသည်းကင်ဆာဝေဒနာခံစားနေရတဲ့ မောင်ဘုန်းမြင့်မြတ်အတွက် ခွဲစိတ်ဖို့လိုအပ်တဲ့ ကုန်ကျစရိတ်တွေကို လှူဒါန်းတဲ့ပွဲလေးဖြစ်ပါတယ်။ မခွဲစိတ်မီ စမ်းသပ်စစ်ဆေးချက်များ၊ ခွဲစိတ်ပြီးနောက် စမ်းသပ်စစ်ဆေးချက်များအပါအဝင် ရေရှည်စွဲသောက်ရမယ့်ဆေးများအတွက် ကုန်ကျစရိတ်များလိုအပ်နေပါတယ်။ ဒါတွေကို အလှူရှင်များက ပါဝင်လှူဒါန်းပေးတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်" ဟု စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက ရန်ကုန်ကလေးဆေးရုံကြီး၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ရန်ကုန်ကလေးဆေးရုံ အုပ်ကြီး ဒေါက်တာစုစုဒွေးက ပြောသည်။

အသည်းကင်ဆာရောဂါဝေဒနာ ခံစားနေရသည့် မောင်ဘုန်းမြင့်မြတ်အတွက် အသည်းအစားထိုးကုသရန် လိုအပ်သည့်အသည်းကို မိခင်ဖြစ်သူက လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း၊အဆိုပါကလေးငယ်မှာ အသည်းကင်ဆာရောဂါဝေဒနာကို ကိုးလသားအရွယ်ကတည်းက ခံစားနေရကြောင်းနှင့် ယခုခွဲစိတ်ရာတွင် လိုအပ်သောကုန်ကျစရိတ်များအတွက် လင်းသန့်မေတ္တာ ကလေးကင်ဆာဖောင်ဒေးရှင်းမှ ဒေါက်တာဝင်းမာဟန်နှင့် အခြားသောအလှူရှင်များက ပေးအပ်လှူဒါန်းခဲ့ခြင်းလည်းဖြစ်သည်။

"သားလေးမောင်ဘုန်းမြင့်မြတ်က ကိုးလသားအရွယ်ကတည်းက အသည်းကင်ဆာဝေဒနာကို ခံစားနေရပါတယ်။ အခုလိုကုသဖို့အတွက် ဝိုင်းဝန်းကူညီပေးကြတဲ့သူအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ကလေး၏ဖခင် ဦးဖြိုးမင်းသူက ပြောသည်။

၂၀၁၉ ခုနှစ်တွင် ဂျပန်နိုင်ငံ Kyushu University မှ Professor Dr Taguchi ဦးဆောင်သော ဂျပန်နိုင်ငံမှ ဆေးပညာရှင်အဖွဲ့နှင့် မြန်မာနိုင်ငံရှိ အသည်းအစားထိုးကုသရေးအဖွဲ့တို့ ပူးပေါင်း၍ ကလေးအသည်းအစားထိုးကုသခြင်းကို ဆောင်ရွက်လျက်ရှိရာယခုခွဲစိတ်မှုသည် တတိယအကြိမ်မြောက်ဖြစ်ကြောင်းလည်း သိရသည်။

**ပွင့်သစ္စာ**

## တက္ကသိုလ်များဆိုင်ရာ ဘောလုံးနည်းပြသင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာဘောလုံးလောကဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နည်းပြကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ တက္ကသိုလ်များဆိုင်ရာ ဘောလုံးနည်းပြသင်တန်း အမှတ်စဉ်(၁/၂၀၁၉) ဖွင့်ပွဲကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသည်။

"ဘောလုံးလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က လေးနှစ်စီမံကိန်းချပြီးတော့ ဆောင်ရွက်နေတာရှိပါတယ်။ အဲဒီထဲက အခန်းကဏ္ဍတစ်ခုဖြစ်တဲ့ နည်းပြတွေကို အသိပညာမြှင့်တင်ဖို့ဆိုတဲ့ ကဏ္ဍအနေနဲ့ နည်းပြသင်တန်းတွေကို မြန်မာနိုင်ငံအနှံ့ မြို့ပေါင်း ၃၀ မှာ ဖွင့်လှစ်ဖို့ စီစဉ်ထားပါတယ်။ ဒီထဲကမှ ရန်ကုန်တက္ကသိုလ်က မြို့ပေါင်း ၃၀ ထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သင်တန်းနည်းပြဆရာ ဦးရဲဝင့်သူက ပြောသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၁၀ ရက်မှ ၁၅ ရက်အထိ ခြောက်ရက်ကြာ သင်တန်းသား ၃၁ ဦးအား သင်ကြားပို့ချသွားမည်ဖြစ်ရာ သင်တန်းသားများအား ဘောလုံးနည်းပြလိုင်စင် ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အေးမင်းသူ**



ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဆန်းဦးနှင့် နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ်သက်ဇော်ဦးတို့သည် စက်တင်ဘာ ၈ ရက် ညနေ ၅ နာရီတွင် လမ်းမတော်မြို့နယ် အမှတ် (၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြည်သူများအား မှုခင်းအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

# ရတနာပုံတက္ကသိုလ်အား ဆေးလိပ်ငွေ့ကင်းစင်ရေးနယ်မြေအဖြစ် သတ်မှတ်ကြေညာ

**မန္တလေး စက်တင်ဘာ ၁၁**

မန္တလေးမြို့ရှိ ရတနာပုံတက္ကသိုလ်အား ဆေးလိပ်ငွေ့ကင်းစင်နယ်မြေအဖြစ် ကြေညာခြင်းအခမ်းအနားကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရတနာပုံတက္ကသိုလ်၌ ကျင်းပသည်။

"South East Asia Tobacco Control Alliance(SEATCA) အဖွဲ့အစည်းနဲ့ ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး ရတနာပုံတက္ကသိုလ်ကို ဆေးလိပ်ငွေ့ကင်းစင်ကြောင်း နယ်မြေအဖြစ် သတ်မှတ်နိုင်ဖို့အတွက် ဆောင်ရွက်ခဲ့ပါတယ်။ စီမံချက်ကိုတော့ ၂၀၁၈ ခုနှစ်က စတင်ပြီးတော့ ကျောင်းအတွင်းမှာ သုတေသနတွေ၊ လေ့လာချက်တွေလုပ်ပြီးလို့ ခုလိုမျိုးကြေညာနိုင်တာ ဖြစ်ပါတယ်" ဟု ရတနာပုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက ပြောကြားသည်။

ဆေးလိပ်သောက်သုံးမှု အန္တရာယ်ကြောင့် နောင်မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများအတွက် ရောဂါဖြစ်ပွားစေခြင်းနှင့် အသက်အန္တရာယ်များ မထိခိုက်စေရန် ကာကွယ်ရမည်ဖြစ်ကြောင်း သိရှိနားလည်လာစေရန်၊ ကျောင်းသားကျောင်းသူများသည် ဆေးလိပ်သောက်သုံးခြင်းကို ရှောင်ရှားရန်အတွက် လိုအပ်သောအသိပညာများ၊ ဗဟုသုတများတိုးပွားလာစေရန် အခါအားလျော်စွာ ပညာပေးခြင်းများကို ဆောင်ရွက်ရန်၊ ဆေးလိပ်သောက်သုံးခြင်းကို ရှောင်ရှားခြင်းကြောင့် နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုများ၊ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ကျောင်းသား ကျောင်းသူများအား ကျန်းမာပျော်ရွှင်ပြီး ဉာဏ်ရည်ထက်မြက်သော လူမှုဘဝကိုပိုင်ဆိုင်နိုင်၍ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အဆင့်အတန်း မြင့်မားလာစေရန် ရည်ရွယ်ချက် မူဝါဒများ ချမှတ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"ရတနာပုံတက္ကသိုလ်ကို ဆေးလိပ်ငွေ့ကင်းစင်တဲ့ တက္ကသိုလ်အဖြစ် ကြေညာပြီးတဲ့အတွက် တက္ကသိုလ်အတွင်းမှာ ဆေးလိပ်သောက်မှုတွေ မရှိအောင် တက္ကသိုလ်အတွင်းမှာရှိတဲ့ ဆိုင်တွေမှာ ဆေးလိပ်မရောင်းချဖို့ အသိပေးထားပါတယ်။ မှောင်ခိုဆေးလိပ်ရောင်းချမှုတွေ ရှိပါကလည်း တားဆီးနိုင်ဖို့အတွက် ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေ ပူးပေါင်းပါဝင်ပေးဖို့ လိုပါတယ်"ဟု ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်မောင်နိုင်က ပြောသည်။

ရတနာပုံတက္ကသိုလ်သည် အထက်မြန်မာပြည်အတွင်းရှိ တက္ကသိုလ်များအနက် လာရောက်ပညာသင်ကြားသည့် ကျောင်းသား ကျောင်းသူအများဆုံးဖြစ်ပြီး နေ့သင်တန်းတက်ရောက်သည့် ကျောင်းသားကျောင်းသူ ၂၀၀၀၀ ကျော်၊ အဝေးသင် တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူ ၄၀၀၀၀ ကျော် စုစုပေါင်း ၆၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**





## ရွှေဘုန်းပွင့်ဘုရားကြီးစာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်အသင်းသို့ ငွေလှူဒါန်း

**ပြည် စက်တင်ဘာ ၁၁**

ပြည်မြို့ ရွှေဘုန်းပွင့်ဘုရားကြီး စာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်အသင်းသို့စက်တင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီက စာရေးဆရာကြီး ဦးသိန်းဖေမြင့်အားရည်စူး၍ မိခင် ဒေါ်ခင်ကြည်ကြည်အား အမှူးထား၍ သမီး ဒေါက်တာကြည်သာမြင့် (အငြိမ်းစားပါမောက္ခ)တို့က ဒုတိယအကြိမ် အလှူတော်ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ ရွှေဘုန်းပွင့်ဘုရားကြီး စာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်အသင်းမှ အမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်ရွှေဝင်း (ပြည်)**

## (၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကြိုဆို

**မော်လမြိုင်ကျွန်း**

(၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မော်လမြိုင်ကျွန်းမြို့မရဲစခန်း မြို့မရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုမောင်နှင့် ရဲတပ်ဖွဲ့ဝင်များက မြို့ဦးစေတီတော်၌လည်းကောင်း၊ ကျိုက်ပိရဲစခန်းမှ ရဲအုပ်ထွန်းလှနှင့် ရဲတပ်ဖွဲ့ဝင်များက ကမ်းနားကျောင်းတိုက် ဘုန်းတော်ကြီးကျောင်းဝင်း၊ လှိုင်ဘုန်းရဲစခန်းမှ ရဲအုပ်အေးမင်းဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် ဓမ္မိစ္ဆိတာရုံဘုန်းတော်ကြီးကျောင်းဝင်းတို့တွင် စက်တင်ဘာ ၈ ရက် နံနက် ၇ နာရီက သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ **မော်ကျွန်း-မြင့်အောင်**

**ချောင်းဦး**

(၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်း ဦးဆောင်၍ စက်တင်ဘာ ၁၁ ရက် နံနက် ၈ နာရီက ချောင်းဦးမြို့ ပြည်သူ့ဆေးရုံကြီးအတွင်း/အပြင်ရှိ ချုံနွယ်၊ ပေါင်းမြက်များအား ရှင်းလင်းခဲ့ကြပြီး ရေနုတ်မြောင်းများ တူးဖော်ပေးခဲ့ကြသည်။ **အိအိအောင်(ချောင်းဦး)**

**ရန်ကုန်**

(၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေကြောင်းရဲတပ်ဖွဲ့ အမှတ် (၃) ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ ခွဲမှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဌာနတွင် စုပေါင်းသွေးလှူခဲ့ကြကြောင်း သိရသည်။ **ကိုကြည်**



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်မျိုးတင့်နှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုများသည် စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက ဆွာမြို့တိုက်နယ်ဆေးရုံဝင်းအတွင်း ပေါင်းမြက်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရန် စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



# ရေကြောင်းပညာတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူများအား ပညာသင်ဆုပေးအပ်

**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(သီလဝါ) (MITT)မှ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဆိပ်ကမ်းအင်ဂျင်နီယာဘာသာရပ်မှ နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများအား ပညာသင်ဆုပေးအပ်ပွဲကို အဆိုပါတက္ကသိုလ် ပါမောက္ခချုပ်အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်က အမှာစကားပြောကြားခဲ့ပြီး MITT မှ အထွေထွေမန်နေဂျာ ဦးမင်းကြည်က MITT Scholarship ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။ ထူးချွန်ကျောင်းသား ကျောင်းသူ ၁၀ ဦးအား တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၂၀၀ ပေးအပ်ချီးမြှင့်ခဲ့သည်။

MITT အနေဖြင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဆိပ်ကမ်းအင်ဂျင်နီယာ နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူ ၁၀ ဦးအား နှစ်စဉ်ရွေးချယ်ပြီး တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀၀ စီ ပေးအပ်ချီးမြှင့်ခဲ့ကာ ၂၀၁၆ ခုနှစ်မှစတင်၍ အမေရိကန်ဒေါ်လာ ၂၀၀ သို့ တိုးမြှင့်ပေးအပ်ခဲ့ကြောင်း၊ ထို့ပြင် ၂၀၀၇ ခုနှစ်မှစတင်၍ ဆိပ်ကမ်းအင်ဂျင်နီယာ ကျောင်းသားများအနက် အထူးချွန်ဆုံးကျောင်းသားတစ်ဦးအား MITT ၏ မိခင်ကုမ္ပဏီဖြစ်သော Hutchison Port Holding မှ ရွှေတံဆိပ်ဆုနှင့် ငွေသားအဖြစ် အမေရိကန်ဒေါ်လာ ၁၀၀၀ ကို မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပေးအပ်ချီးမြှင့်ခဲ့ရာ ယခုနှစ်အထိ ၁၃ ကြိမ် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကိုထက်**



## ပန်းတောင်းမြို့နယ် အခြေခံပညာကျောင်းများတွင် စာပေဟောပြောပွဲများကျင်းပ

**ပန်းတောင်း စက်တင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ပညာရေးမှူးရုံးနှင့် မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်း၍ အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းများတွင် စက်တင်ဘာပထမပတ်မှစ၍ စာပေဟောပြောပွဲများ ကျင်းပလျက်ရှိသည်။

ပန်းတောင်းမြို့နယ်အတွင်းရှိ စာရေးဆရာ စာရေးဆရာမ ၁၅ ဦးတို့က အခြေခံပညာအထက်တန်းကျောင်း ၂၀ နှင့် အခြေခံပညာအလယ်တန်းကျောင်း ၃၂ ကျောင်း စုစုပေါင်း ၅၂ ကျောင်းတို့တွင် ကျောင်းသားများစာဖတ်ရှုနိုင်မြင့်မားရေး၊ စာရိတ္တမြင့်တင်ရေး၊ အထွေထွေဗဟုသုတတိုးပွားရေးတို့အတွက် စက်တင်ဘာပထမပတ်မှစတင်ကာ နိုဝင်ဘာလအထိ တစ်ကျောင်းလျှင် စာရေးဆရာ သုံးဦးကျစီ ဟောပြောလျက်ရှိသည်။ **အောင်မြင့်(ပန်းတောင်း)**

## မြို့မကျောင်း ရာပြည့်သဘင်အကြို စာပေဟောပြောပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၁**

မြို့မကျောင်း ရာပြည့်သဘင်အကြိုအဖြစ် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲကို စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် သံတမန်လမ်းရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (မြို့မ) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့မ အမျိုးသားကျောင်းသားဟောင်း စာရေးဆရာများဖြစ်ကြသည့် ဆရာညိုထွေး၊ ဆရာမ မစန္ဒာနှင့် ဆရာမောင်ဆွေသက်တို့က မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ခေါင်းစဉ်ဖြင့် ဟောပြောကြသည်။

ဆရာမ မစန္ဒာက "မြို့မကျောင်းက အစဉ်အလာကြီးတဲ့ကျောင်းပါ၊ ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ကြီးနဲ့အတူ ပေါ်ပေါက်ခဲ့တဲ့ကျောင်းဆိုတော့ ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့်နဲ့ မြို့မကျောင်း နှစ် ၁၀၀ ပြည့်ပြီဆိုတော့ အင်မတန်ကို ဂုဏ်ယူစရာကောင်းပါတယ်။ ဆရာ ဆရာမတွေက ကျောင်းစာတင်မကဘူး၊ ဘက်စုံယဉ်ကျေးမှု၊ ပေါင်းသင်းဆက်ဆံရေး အကုန်လုံးကို ဝါယမစိုက်ပြီး သင်ကြားပေးခဲ့ပါတယ်" ဟု ပြောကြားသည်။

စာပေဟောပြောပွဲဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ခဲ့သည့် မြို့မကျောင်းသားဟောင်း စာရေးဆရာမောင်မိုးယံက "မြို့မကျောင်းမှာ စာပေသင်ကြားခဲ့တဲ့ ကျောင်းသားဟောင်းကြီးတွေဖြစ်တဲ့ စာရေးဆရာကြီး၊ ဆရာမကြီးတွေက သူတို့ကျောင်းမှာနေထိုင်ခဲ့ရတဲ့ အတွေ့အကြုံတွေ သူတို့ဘဝရပ်တည်မှုတွေ၊ သူတို့ကို ပညာသင်ကြားပေးခဲ့ကြတဲ့ ဆရာကြီး ဆရာမကြီးများရဲ့ ဆုံးမဩဝါဒတွေကို မျိုးဆက်သစ်ကျောင်းသား ကျောင်းသူတွေကို လက်ဆင့်ကမ်းအမွေပေးတဲ့ ရည်ရွယ်ချက်နဲ့ စာပေဟောပြောပွဲ ကျင်းပခြင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

**မင်းသစ်** (MNA)

## သဘာဝဘေးဒဏ်ခံရသူများအတွက် ကိုရီးယားနိုင်ငံမှ ဆန် ၈၂ ဒသမ ၂ တန် ပေးအပ်လှူဒါန်း



**ပဲခူး စက်တင်ဘာ ၁၁**
ပဲခူးတိုင်းဒေသကြီးအတွင်း သဘာဝဘေးဒဏ်များကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ပြည်သူများအတွက် အာဆီယံ+၃ အရေးပေါ်ဆန်ရိက္ခာကူညီရေး အစီအစဉ်အရ ကိုရီးယားနိုင်ငံမှ လှူဒါန်းသည့် ဆန် ၈၂ ဒသမ ၂ တန်အား တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၉ ရက် ညနေ ၃ နာရီခွဲက ကျင်းပသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က အမှာစကားပြောကြားခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ APTERR အတွင်းရေးမှူးရုံး အကြီးအကဲ Mr. CHNAPITHYA တို့က ဆန်ထောက်ပံ့လှူဒါန်းရခြင်းကို အသီးသီးရှင်းလင်းပြောကြားခဲ့ပြီး တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၁**
နေပြည်တော်မိသားစု ပရဟိတအသင်း၏ (၄၉)ကြိမ်မြောက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက ဇဗ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် မဟာဓမ္မရာဇာ (၂၇)တောင်ပြည့် စေတီတော်မြတ်ကြီး ကိုင်းကလေးသိဒ္ဓိရတနာ မိုးကုတ်ဝိပဿနာကျောင်းတိုက်အတွင်းတွင် ပရဟိတအသင်းဝင် ၃၀ တို့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်းနှင့် နေပြည်တော်မိသားစု ပရဟိတအသင်းအနေဖြင့် တစ်လလျှင် တနင်္ဂနွေနှစ်ပတ် နေပြည်တော် ရှစ်မြို့နယ်အတွင်းရှိ ဘုရား၊ စေတီ၊ ဘုန်းကြီးကျောင်းများသို့ အလှည့်ကျ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ အခါကြီး၊ ရက်ကြီးများတွင် အထင်ကရ ဘုရားများသို့ ဆွမ်း၊ ဆီမီး၊ ပန်းဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**



## အရောင်းအဝယ်အေးစက်နေသည့် မန္တလေး ကားဈေးကွက်

**မန္တလေး စက်တင်ဘာ ၁၁**
မန္တလေးကားဈေးကွက်တွင် ကားအမျိုးအစားအလိုက် ယေဘုယျသတ်မှတ်နှုန်းမရှိဘဲ ကြိုက်ရောင်းကြိုက်ဝယ် ဈေးနှုန်းများဖြင့်သာ အရောင်းအဝယ်ပြုလုပ်နေခြင်းကြောင့် ကားဈေးနှုန်းများကြီးမြင့်ကာ အရောင်းအဝယ်မှာ အေးစက်နေကြောင်း လမ်း ၆၀ မဟာအောင်မြေမြို့နယ် ကားရောင်းဝယ်ရေးစခန်းရှိ ကားဝယ်ရောင်းလုပ်ကိုင်သူများက ပြောကြားသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၏ ယာဉ်လမ်းကြောအခြေအနေအရ နိုင်ငံတော်မှ ဘယ်မောင်းစနစ်ကို သတ်မှတ်လိုက်သည့်အပြင် ပြည်တွင်းသို့ ဘယ်မောင်းကားများကိုသာ တင်သွင်းခွင့်ပြုလိုက်သည့်အတွက် လက်ရှိပြည်တွင်း၌ အသုံးပြုနေသော ညာမောင်းကား ဈေးနှုန်းများမှာ တဖြည်းဖြည်းမြင့်တက်လာမှုနှင့်အတူ အရောင်းအဝယ်များလည်း နည်းပါးလာခဲ့ကြောင်း သိရသည်။

“မြန်မာပြည်မှာ သုံးစွဲမှုအများဆုံးက ဂျပန်နိုင်ငံထုတ် ညာမောင်းကားတွေပဲ ဖြစ်တယ်။ ဒီကားတွေက ခိုင်ခံ့ပြီး အရည်အသွေးကောင်းတဲ့အတွက် ကားဈေးကွက်မှာ ဒီကားတွေပဲ အရောင်းအဝယ်ဖြစ်နေတယ်။ အခုလို တင်သွင်းခွင့်မပြုတဲ့အတွက် ဂျပန်ညာမောင်းကားတွေ ဈေးတက်ကုန်တာပေါ့။ အရင်ကလို ကားအမျိုးအစားအလိုက် ယေဘုယျ သတ်မှတ်ဈေးနှုန်းပုံစံမျိုး မရှိတော့ဘဲ ကြိုက်ဈေးရမှ အရောင်းအဝယ်ဖြစ်နေကြတဲ့အတွက် ဈေးကွက်ပျက်လာပြီး အရောင်းအဝယ်လည်း ပါးလာတယ်။ အရင်ကဆို ခွေးဘီလူးကားက သိန်း ၇၀ နဲ့ ၈၀ ကြားရှိပေမယ့် အခုဆို သိန်း ၁၀၀ ကျော်မှ အရောင်းအဝယ်ဖြစ်တဲ့ သဘောမျိုးဖြစ်နေတယ်” ဟု လမ်း ၆၀ မဟာအောင်မြေ ကားရောင်းဝယ်ရေးစခန်းမှ ဝယ်ရောင်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

မန္တလေးကားဈေးကွက်တွင် ကားအမျိုးအစားအလိုက် လက်ရှိအရောင်းအဝယ်ဖြစ်နေသည့် ကားဈေးနှုန်းများအနေဖြင့် Hijet ခွေးဘီလူးကားမှာ သိန်း ၁၃၀ ဝန်းကျင်၊ ဟွန်ဒါဖစ် ၁၃၀၀ စီစီမှာ သိန်း ၁၈၀ ကျော်နှင့် ၂၀၀ ကြား၊ AD Van nissan အမျိုးအစားကားမှာ သိန်း ၁၆၀ ကျော်၊ Toyota Harrier အမျိုးအစားကားမှာ သိန်း ၂၀၀ ကျော်နှင့် Light Truck အမျိုးအစား ဇုန်ထုတ်ကားမှာ သိန်း ၇၀ နှင့် ၈၀ ကြားဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## တိုတိုထွာထွာဖတ်စရာ

### တောင်သူများထံ မြေယာလျော်ကြေးပေး

**ကဝ**
ကဝမြို့နယ် ညောင်ပင်ကျေးရွာအုပ်စု ရွှေလှေရေထိန်းတံခါးစီမံကိန်းကာလအတွက်သိမ်းဆည်းခဲ့သော လယ်မြေ ၁၀ ဒသမ ၁၉ ဧကအတွက် မူလပိုင်ရှင်တောင်သူများထံသို့ လျော်ကြေးငွေကျပ် ၂၀၃၈၀၀၀၀ ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၇ ရက်တွင် ကဝမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကြိုင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းအောင်နှင့် မြို့နယ်ကော်မတီဝင်များ၊ မူလပိုင်ရှင် တောင်သူလယ်သမားများ တက်ရောက်ကြကြောင်းသိရသည်။

**ကြေးမုံ**

### မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**မုဒုံ**
မုဒုံမြို့နယ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းမြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲကို စက်တင်ဘာ ၁၀ ရက် နံနက် ၁၀နာရီ က မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ကျင်းပသည်။

မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးရန်နိုင်က စီမံကိန်းဆောင်ရွက်မှုလုပ်ငန်းများ၊ တွေ့ကြုံရသောအခက်အခဲနှင့် အားနည်းချက်၊ အားသာချက်များအပေါ် သုံးသပ်ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

## အရည်အသွေးမြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနည်းပညာဆိုင်ရာသင်တန်း ဖွင့်လှစ်

**ပဲခူး စက်တင်ဘာ ၁၁**
စိုက်ပျိုးရေးဦးစီးဌာနနှင့် မဲခေါင်-လန်ချန်းအထူးရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော မြေနိမ့်ကော်ဖီရိုဘတ်စတာ (Robusta) အရည်အသွေးမြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု နည်းပညာဆိုင်ရာသင်တန်းကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက ပဲခူးမြို့ အင်းတကော်ရှိ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း(၁၀ မိုင်)သင်တန်းကျောင်း၌ ဖွင့်လှစ်ရာ ကော်ဖီ-ရာသီသီးနှံဌာနခွဲညွှန်ကြားရေးမှူး ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။



Nestle’ Myanmar Ltd. မှ ထိုင်းနိုင်ငံသားပညာရှင်က စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ သုံးရက်ကြာ ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ ကော်ဖီခြံ ၁၂ ခြံမှ ကော်ဖီနည်းပညာရှင် ဝန်ထမ်းများ၊ ပဲခူး၊ တနင်္သာရီ၊ မန္တလေး တိုင်းဒေသကြီးများနှင့် ရှမ်း၊ ကချင်၊ ကယား၊ ကရင်ပြည်နယ်များမှ ကော်ဖီစိုက်တောင်သူများ တက်ရောက်လေ့လာကြသည်။

မြန်မာတစ်နိုင်ငံလုံး၌ ကုန်းမြင့်ကော်ဖီစိုက်ဧက ၄၀၀၀၀ ခန့်နှင့် မြေနိမ့်ကော်ဖီစိုက်ဧက ၁၀၀၀၀ ခန့်ရှိသဖြင့် စုစုပေါင်း ကော်ဖီဧက ၅၀၀၀၀ ခန့်ရှိသည်။

မြန်မာနိုင်ငံတွင် ကော်ဖီသောက်သုံးမှုပမာဏမှာ နှစ်စဉ်မြင့်တက်လာလျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ပမှ ကော်ဖီတန်ချိန် ၁၂၅၀၆ တန် အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၅ သန်းဖိုး ပြည်တွင်းသို့ တင်သွင်းခဲ့ရသည်။

ကော်ဖီများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် သွင်းကုန်အစားထိုးနိုင်မည့်အပြင် ကော်ဖီစိုက်တောင်သူများ ဝင်ငွေတိုးတက်ရရှိပြီး လူနေမှုဘဝ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**



ပန်းဘဲတန်းမြို့မရဲစခန်းမှူး ဒု-ရဲမှူးအောင်ဇော်မိုးသည် စက်တင်ဘာ ၇ ရက်က ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းရုံးခန်း၌ မှုခင်းကျဆင်းရေး၊ နယ်မြေလုံခြုံရေးအသိပညာပေးဟောပြောနေစဉ်။

**ကြေးမုံ**

## မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းရှိ တံတားပြင်ဆင်နေစဉ် ခေတ္တလမ်းပိတ်ထားမည်

**ဆွမ်ပရာဘွမ် စက်တင်ဘာ ၁၁**
ကချင်ပြည်နယ် ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့နယ်အတွင်း မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း မိုင်တိုင် (၁၁၂/၁-၂)ကြားရှိ တံတားအမှတ် (၂/၁၁၂) ရေကျချောင်းတံတားအရှည် ပေ ၄၀ (D/S Bailey) တံတားကို တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)မှ D/S Bailey ထိုးခြင်း၊ Steel Decking ခင်းခြင်းလုပ်ငန်းများနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ရာ လုပ်ငန်းစတင်ဆောင်ရွက်မည့် စက်တင်ဘာ ၁၂ ရက် နံနက် ၆ နာရီမှ ညနေ ၆ နာရီခန့်အထိ လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း ခေတ္တလမ်းပိတ်ထားမည်ဖြစ်ကြောင်း တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)မှ သိရသည်။

**ဖုန်ကန်(ပူတာအို)**

# တိုင်းရင်းသား ပုံပြ ပုံပြင်စာအုပ်ပေးအပ်ပွဲ မော်လမြိုင်၌ ကျင်းပ



**မော်လမြိုင် စက်တင်ဘာ ၁၁**
တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ KG ကလေးငယ်များအတွက် တိုင်းရင်းသားပုံပြ ပုံပြင်စာအုပ်ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက မော်လမြိုင်မြို့ မင်းရွာကျေးရွာရှိ မွန်ပြည်နယ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ ကျင်းပသည်။

ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးရွှေမြင့်၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး စောအောင်မြင့်ခိုင်နှင့် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်တို့က အမှာစကားအသီးသီးပြောကြားကြသည်။

ထို့နောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မွန်မွန်အေးက တိုင်းရင်းသားကလေးငယ်များအတွက် ပုံပြ ပုံပြင်စာအုပ်များကို ထုတ်ဝေရခြင်းမှာ တိုင်းရင်းသားကလေးငယ်များသည် မိမိတို့၏ ဘာသာစာပေကို သင်ကြားရာတွင် ပိုမိုစိတ်ဝင်စားမှုရှိစေရန်နှင့် တတ်မြောက်မှု လွယ်ကူစေရန် ရည်ရွယ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ စာပေဖွံ့ဖြိုးတိုးတက်စေရန် တစ်ဖက်တစ်လမ်းမှ ဖော်ဆောင်ခြင်းလည်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားပုံပြ ပုံပြင်စာအုပ်များနှင့်စပ်လျဉ်း၍ Unicef မှ Education Officer ဦးသက်နိုင်က ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မွန်တိုင်းရင်းသားစာပေ ပုံပြ ပုံပြင် ၁၀ မျိုးအတွက် အုပ်ရေ ၁၆၀၀၀၊ စကောကရင်စာပေ ပုံပြ ပုံပြင် ၁၀ မျိုးအတွက် အုပ်ရေ ၂၄၀၀၊ ဗမာတိုင်းရင်းသားစာပေ ပုံပြ ပုံပြင်ရှစ်မျိုးအတွက် ၄၄၈ အုပ်တို့ကို တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများက သက်ဆိုင်ရာတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များထံသို့ ပေးအပ်ခဲ့သည်။ **ခရိုင် (ပြန်/ဆက်)**

# နေပြည်တော် မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ) သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၁၁**
နေပြည်တော်မီးသတ်ဦးစီးဌာနမှ ဖွင့်လှစ်သော ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ) သင်တန်း ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်နယ်မြေမီးသတ်စခန်း၌ ကျင်းပသည်။

နေပြည်တော်မီးသတ်ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးဇော်လင်းထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားကာ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ခြင်းစွမ်းရည်ပြသမှုတို့ကို နေပြည်တော်မီးသတ်ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးဇော်လင်းထွန်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြသည်။



အဆိုပါသင်တန်းကို နေပြည်တော်အတွင်းရှိ မြို့နယ်များတွင် ရေဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့် ခေတ်မီရှာဖွေကယ်ဆယ်ရေး ပစ္စည်းများကို စနစ်တကျ ကိုင်တွယ်အသုံးပြုတတ်စေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ကြောင်းနှင့် သင်တန်းသို့ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုကိုရှုပ (နေပြည်တော်)**

# ဟားခါး-ဖလမ်း-ကလေးလမ်းတွင် ကျောက်တောင်ပြိုကျ

**ဟားခါး စက်တင်ဘာ ၁၁**
ဟားခါး-ဖလမ်း-ကလေးလမ်း ၁၇၉ ကီလိုမီတာမှ ၁၈၀ ကီလိုမီတာအကြားတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စက်တင်ဘာ ၁၁ ရက် နံနက် ၆ နာရီက အလျား ၄၁ မီတာ၊ အနံ ၁၂ ဒသမ ၅ မီတာ၊ အမြင့် ၁၀ ဒသမ ၅ မီတာရှိသော ကျောက်တောင်ပြိုကျမှုကြောင့် ခေတ္တလမ်းပြတ်တောက်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ကျောက်တောင်ပြိုကျမှုကြောင့် လမ်းပြတ်တောက်မှုကို မြို့နယ်လမ်းဦးစီးဌာနက ဖယ်ရှားရှင်းလင်းလျက်ရှိကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**



# ပြည်ပလေ့လာရေးခရီးစဉ် စေလွှတ်နိုင်ရေး ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာနှင့် ICT ဖြေဆို

**မြင်းမူ စက်တင်ဘာ ၁၁**
ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ စေလွှတ်နိုင်ရေးအတွက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့်တို့တွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာနှင့် ICT ဘာသာရပ်ဖြေဆိုပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

မြင်းမူမြို့နယ်အတွင်းရှိ အထက်တန်းကျောင်း သုံးကျောင်းနှင့် မူလတန်းလွန်ကျောင်း တစ်ကျောင်းတို့မှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၂ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။ **အောင်စိုးဖေ (မြင်းမူ)**

## တိုတိုထွာထွာဖတ်စရာ

### အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**ရန်ကုန်**
ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပညာ့အလင်းခေတ်မီစာကြည့်တိုက်တွင် စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီက အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အထိမ်းအမှတ် ဟောပြောပွဲ ကျင်းပသည်။

ကျောက်တံတားမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြလှစံက အဖွင့်အမှာစကားပြောကြားပြီး မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာက အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အကြောင်း အသိပညာပေးဆွေးနွေးဟောပြောကာ ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ **မြို့နယ် (ပြန်/ဆက်)**

### စာအုပ်စာစောင်ချစ်မြတ်နိုးသူအသင်း စာဖတ်ဝိုင်းကျင်းပ

**မင်းဘူး**
စာရေးဆရာဖေမြင့်၏ အပြောင်းမြောက်ဆုံး ဘဝတစ်ခုတည်ဆောက်ခြင်း စာအုပ် စာဖတ်ဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီက မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျင်းပသည်။

စာအုပ်စာစောင်ချစ်မြတ်နိုးသူအသင်းဝင်များက စာရေးဆရာဖေမြင့်၏ အပြောင်းမြောက်ဆုံး ဘဝတစ်ခုတည်ဆောက်ခြင်းစာအုပ်ထဲမှ အကြောင်းအရာများကို ကဏ္ဍအလိုက် ဖတ်ကြားဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။ **ကျော်စိုးဝင်း(မင်းဘူး)**

### လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်စေရေး ဆောင်ရွက်

**ရန်ကုန်**
ရန်ကုန်အရှေ့ပိုင်းခရိုင် စည်ပင်သာယာရေးကော်မတီ (ပန်းဥယျာဉ်ဌာန) နှင့် မြို့နယ်လျှပ်စစ်ဌာနတို့ပူးပေါင်း၍ စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ဗျိုင်းရေအိုးစင်လမ်းတစ်လျှောက်ရှိ လျှပ်စစ်ဓာတ်အားလိုင်းကြိုးများနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းပေးခဲ့သည်။

ရပ်ကွက်နေပြည်သူတစ်ဦးက "မြို့နယ်လျှပ်စစ်ဌာနနဲ့ မြို့နယ်စည်ပင်တို့ ပူးပေါင်းပြီး အခုလို သစ်ပင်သစ်ကိုင်းတွေ ခုတ်ထွင်ရှင်းလင်းပေးတာဟာ လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်နိုင်မှုကို ကြိုတင်ကာကွယ်ရာလည်းရောက်ပါတယ်" ဟု ပြောသည်။ **နိုင်လင်းအောင် (တာမွေ)**

### ရွှေဘိုပေါ်ဆန်းစပါး ဧက ၂၇၃၉၇၀ စိုက်ပျိုး

**မုံရွာ**
၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မိုးစပါးစိုက်ရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ခရိုင်ခုနစ်ခုအတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တွင် ရွှေဘိုပေါ်ဆန်းစပါးမျိုး ဧက ၂၇၃၉၇၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောကြားသည်။

ယခုဘဏ္ဍာနှစ် မိုးစပါးစိုက်ရာသီတွင် ရွှေဘိုပေါ်ဆန်းစပါးမျိုးစိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းခရိုင်ရှိ မြို့နယ်နှစ်ခုတွင် ၅၅၈ ဧကအားလည်းကောင်း၊ မုံရွာခရိုင်ရှိမြို့နယ်သုံးခုတွင် ၃၀၂၆ ဧကအားလည်းကောင်း၊ ယင်းမာပင်ခရိုင်ရှိ မြို့နယ်သုံးခုတွင် ဧက ၂၀ အားလည်းကောင်း၊ ရွှေဘိုခရိုင်ရှိ မြို့နယ်ခြောက်ခုတွင် ၂၅၃၅၈၃ ဧကအားလည်းကောင်း၊ ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ်တစ်ခုတွင် ၁၃၉၅၈ ဧကအားလည်းကောင်း၊ ကသာခရိုင်ရှိ မြို့နယ်နှစ်ခုတွင် ၁၃၆ ဧကအားလည်းကောင်း၊ ကလေးခရိုင်ရှိ မြို့နယ်နှစ်ခုတွင် ၂၆၈၉ ဧကအားလည်းကောင်း စုစုပေါင်း ဧက ၂၇၃၉၇၀ စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

### တိရစ္ဆာန်ကျန်းမာရေးလုပ်သား မွမ်းမံသင်တန်းဖွင့်

**ဂန့်ဂေါ**
တိရစ္ဆာန်ကျန်းမာရေးလုပ်သား မွမ်းမံသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီခွဲတွင် ဂန့်ဂေါခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ ကျင်းပသည်။

သင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်၍ သင်တန်းကာလမှာ ငါးရက်ဖြစ်ကြောင်း သိရသည်။ **စိန်ကျော်**



## ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား ဒီကလန်ရိုက်အား မန်ယူက ပေါင်သန်း ၉၀ ဖြင့် ခေါ်ယူမည်

မန်ယူအသင်းဟာ ဝက်စ်ဟမ်းအသင်းရဲ့ကွင်းလယ်ကစားသမား ဒီကလန်ရိုက်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေပြီး ပြောင်းရွှေ့ကြေး ပေါင်သန်း ၉၀ နဲ့ ခေါ်ယူဖို့စီစဉ်နေတယ်လို့သိရပါတယ်။ မန်ယူအသင်းအနေနဲ့ နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ကစားသမားတချို့ခေါ်ယူခဲ့ပေမယ့် လာမယ့်ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းမှာတော့ ကွင်းလယ်ကစားသမားကို ဦးစားပေးခေါ်ယူမယ်လို့လည်း ဆိုပါတယ်။

ဝက်စ်ဟမ်းကွင်းလယ်ကစားသမား ဒီကလန်ရိုက်အနေနဲ့ မန်ယူအသင်းကို ပြောင်းရွှေ့ကစားမယ်ဆိုပါက အိုးထရက်ဖို့ဒ်ကို ပြောင်းရွှေ့ကစားခဲ့တဲ့ကစားသမားတွေထဲမှာ တန်ဖိုးအမြင့်ဆုံး ကစားသမားဖြစ်လာမှာလည်း ဖြစ်ပါတယ်။ မန်ယူအသင်းဟာ လက်စတာစီးတီးအသင်းရဲ့ နောက်တန်းကစားသမား မာကွိုင်ယာကို နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ပြောင်းရွှေ့ကြေးပေါင်သန်း ၈၀ အထိပေးပြီး ခေါ်ယူခဲ့တာလည်းဖြစ်ပါတယ်။

## ချယ်လ်ဆီးအသင်းက နောက်တန်းကစားသမား အီမာဆန်အား စာချုပ်သစ်ချုပ်ဆိုမည်

ချယ်လ်ဆီးအသင်းဟာ အသင်းအတွက်အားထားရတဲ့ နောက်တန်းကစားသမား အီမာဆန်ကို စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။ ဘရာဇီးနွယ်ဖွား အီတလီကြယ်ပွင့် အီမာဆန်ဟာ ချယ်လ်ဆီးအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၂ ခုနှစ် ဇွန်လမှာ ကုန်ဆုံးမှာဖြစ်ပေမယ့် ချယ်လ်ဆီးအသင်းကတော့ ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းမှာ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်း နည်းပြ ဆာရီကလည်း နောက်တန်းကစားသမား အီမာဆန်ကို ခေါ်ယူဖို့စိတ်ဝင်စားနေပြီး ဆာရီဟာ ချယ်လ်ဆီးအသင်းမှ နောက်တန်းကစားသမားအီမာဆန်ရဲ့ခြေစွမ်းကို သဘောကျခဲ့တာ ဖြစ်တယ်လို့လည်း ဆိုပါတယ်။ ချယ်လ်ဆီးအသင်းနည်းပြသစ်ဖြစ်တဲ့ လမ်းပတ်ကလည်း နောက်တန်းကစားသမား အီမာဆန်ကို ရောင်းချမှာမဟုတ်ဘဲ စာချုပ်သစ်ချုပ်ဆိုဖို့ဆန္ဒရှိနေတာ ဖြစ်ပါတယ်။

နောက်တန်းကစားသမား အီမာဆန်ဟာ ၂၀၁၈ ခုနှစ် ဇန်နဝါရီအပြောင်းအရွှေ့ကာလက ပြောင်းရွှေ့ကြေးပေါင် ၁၈ သန်းနဲ့ ချယ်လ်ဆီးအသင်းကို ရောက်ရှိလာခဲ့ချိန်ကစလို့ စတမ်းဖို့ဒ်ဘရစ်ချ်မှာ ၃၉ ပွဲပါဝင်ကစားပေးထားပြီး ဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ အီမာဆန်ကို စာချုပ်သစ်ချုပ်ဆိုဖို့ ဆန္ဒရှိနေတဲ့အပြင် တောင်ပံကစားသမား အိုဒိုအီကိုလည်း စာချုပ်သစ်ချုပ်ဆိုဖို့ပြင်ဆင်လျက်ရှိပြီး အိုဒိုအီဟာ တစ်ပတ်လုပ်ခလစာပေါင် ၁၈၀၀၀၀ နဲ့ ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုဖို့လည်း နီးစပ်နေပြီလို့ သိရပါတယ်။

**ငွေကြယ် - စုစည်းသည်**

## မန်ယူအသင်းဂိုးသမား ဒေးဗစ်ဒီဂီယာ တစ်ပတ်ပေါင် ၂၉၀၀၀၀ ဖြင့် စာချုပ်သစ်ချုပ်ဆိုမည်



မန်ယူအသင်းရဲ့ အားထားရတဲ့ဂိုးသမား ဒေးဗစ်ဒီဂီယာဟာ စာချုပ်သစ်ချုပ်ဆိုဖို့သဘောတူညီထားပြီး စာချုပ်သစ်ချုပ်ဆိုပါက တစ်ပတ်လုပ်ခလစာပေါင် ၂၉၀၀၀၀ ရရှိမှာလည်း ဖြစ်ပါတယ်။ ဂိုးသမား ဒီဂီယာဟာ လာမယ့်နွေရာသီအပြောင်းအရွှေ့ကာလ အတွင်းမှာ စာချုပ်သက်တမ်းကုန်ဆုံးမှာလည်း ဖြစ်ပါတယ်။

ဂိုးသမား ဒီဂီယာဟာ မန်ယူအသင်းကို ၂၀၁၁ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ရောက်ရှိလာတာဖြစ်ပါတယ်။ မန်ယူအသင်းအနေနဲ့ တိုက်စစ်ပိုင်းမှာအားထားရတဲ့ တိုက်စစ်မှူး မာရှယ်လ်ကို ကာလရှည်စာချုပ်တစ်ရပ်ချုပ်ဆိုထားခဲ့ပြီ ဖြစ်ပါတယ်။

# အနုပညာ

## ချန်းရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ် အောက်တိုဘာ ၁ ရက်တွင် စတင်ထုတ်လွှင့်မည်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "EXO" အဖွဲ့ဝင်တစ်ဦးဖြစ်သူ ချန်းဟာ သူ့ရဲ့တစ်ကိုယ်တော် တေးအယ်လ်ဘမ်သစ်ကို လာမယ့် အောက်တိုဘာ ၁ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ချန်းရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်ဟာ မီနီတေးအယ်လ်ဘမ် ဖြစ်ပါတယ်။ တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မယ့်ရက်ကို ထုတ်ဖော်ပြောကြားခဲ့ပြီး တစ်ဆက်တည်းမှာပင် တေးအယ်လ်ဘမ်အတွက် မျက်နှာဖုံးပုံကိုလည်း ထုတ်ဖော်ပြသခဲ့ပါတယ်။ " EXO " ရဲ့တွစ်တာစာမျက်နှာပေါ်ကနေ တစ်ဆင့် ဖော်ပြခဲ့တဲ့ မျက်နှာဖုံးပုံဟာ ပန်းချီရေးဆွဲထားတဲ့ပုံ ဖြစ်တာကိုလည်း တွေ့ရပါတယ်။

ချန်းဟာ သူ့ရဲ့ အသံကောင်းမွန်မှုကြောင့် အဖွဲ့ဝင်တွေအကြား ကျော်ကြားသူတစ်ဦးလည်း ဖြစ်ပါတယ်။ သူ့ရဲ့မီနီတေးအယ်လ်ဘမ်မှာ တေးသီချင်း ခြောက်ပုဒ် ပါဝင်နေတာဖြစ်ပြီး ဒီတေးအယ်လ်ဘမ်သစ်မှာတော့ ချန်းရဲ့အဆိုစွမ်းရည်ကို အပြည့်အဝ တွေ့မြင်ခံစားကြရမှာလည်း ဖြစ်ပါတယ်။

ချန်းဟာ သူ့ရဲ့ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်" April And A Flower " ကို ပြီးခဲ့တဲ့ ဧပြီလအတွင်း စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ အဆိုပါ တေးအယ်လ်ဘမ်ဟာ စတင်ထုတ်လွှင့်ချိန်မှာ နိုင်ငံပေါင်း ၃၃ နိုင်ငံက iTunes တေးဂီတဇယားတွေကို ဦးဆောင်နိုင်ခဲ့ပြီး အောင်မြင်တဲ့ တေးအယ်လ်ဘမ်တစ်ခုဖြစ်ခဲ့ပါတယ်။ မကြာမီမှာတော့ တစ်ကိုယ်တော် တေးအယ်လ်ဘမ်သစ် ထွက်ရှိလာမှာဖြစ်ပြီး ဒီတေးအယ်လ်ဘမ်ဟာ ပထမဆုံး တေးအယ်လ်ဘမ်ပြီးနောက် ခြောက်လအကြာမှာ ထုတ်လွှင့်မယ့် တေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။



## " Charlie's Angels " တေးဗီဒီယိုကို လှစ်ဟပြလိုက်တဲ့ အရီရန်နာဂရန်းဒ်

တစ်ချိန်က အလွန်ကိုကျော်ကြားခဲ့တဲ့ တိုက်ခိုက်ရေးရုပ်ရှင်တစ်ကားဖြစ်တဲ့ " Charlie's Angels " ကို ပြန်လည်ဆန်းသစ်ရိုက်ကူးထားတဲ့ ရုပ်ရှင်မှာ အရီရန်နာဂရန်းဒ်သီဆိုထားတဲ့ ဇာတ်ဝင်တေးလည်း ပါဝင်နေပါတယ်။ ဒီဇာတ်ဝင်တေးအတွက် တေးဗီဒီယိုကို လာမယ့် စက်တင်ဘာ ၁၃ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားရင်း အရီရန်နာဂရန်းဒ်က တေးဗီဒီယိုကိုလည်း လတ်တလောမှာ အစမ်းသဘော ထုတ်လွှင့်ပြသခဲ့ပါတယ်။

အရီရန်နာဂရန်းဒ်က " Charlie's Angels " မှာ ပါဝင်တဲ့ ဇာတ်ဝင်တေးတစ်ပုဒ်ဖြစ်တဲ့ " Don't Call Me Angel " မှာ ပါဝင်သီဆိုထားတာ ဖြစ်ပါတယ်။ ဒီတေးသီချင်းမှာ သူနဲ့အတူ အခြားသော ပေါ့ပ်ကြယ်ပွင့်တွေဖြစ်ကြတဲ့ မိုင်လီဆိုင်းရပ်စ်၊ လာနာဒယ်ရေးတို့လည်း တွဲဖက်သီဆိုထားတာ ဖြစ်ပါတယ်။ စက်တင်ဘာ ၁၀ ရက်မှာ အရီရန်နာဂရန်းဒ်က သူ့ရဲ့တွစ်တာစာမျက်နှာပေါ်မှာ " Don't Call Me Angel " တေးဗီဒီယိုကို စမ်းသပ်ထုတ်လွှင့်ပေးခဲ့ပါတယ်။ ခုနစ်စက္ကန့်သာ ကြာမြင့်တဲ့ ဒီအစမ်းတေးဗီဒီယိုမှာ အရီရန်နာဂရန်းဒ်၊ မိုင်လီဆိုင်းရပ်စ်နဲ့ လာနာဒယ်ရေးတို့ဟာ အနက်ရောင် နတ်သမီးဝတ်စုံတွေကို ဝတ်ဆင်ထားတာ တွေ့မြင်ခဲ့ရပါတယ်။

" Charlie's Angels " ရုပ်ရှင်ကိုတော့ လာမယ့် နိုဝင်ဘာ ၁၅ ရက်မှာ စတင်ပြသသွားမှာဖြစ်ကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

**အေးပြည့်- စုစည်းသည်**

## ချစ်သူနဲ့အတူ နယူးယောက်မှာ အလည်အပတ်ထွက်ခဲ့တဲ့ ဂျနီဖာလောရန့်စ်



ကျော်ကြားတဲ့ ဟောလိဝုဒ်ကြယ်ပွင့် ဂျနီဖာလောရန့်စ်ဟာ ချစ်သူနဲ့ အများရှေ့အလည်အပတ်ထွက်တာ တွေ့ရခဲသူဖြစ်ပါတယ်။ ဒါပေမယ့် လတ်တလောမှာ သူနဲ့စေ့စပ်ထားတဲ့ချစ်သူ ကွတ်ခ်မာရွှန်နေးနဲ့ နယူးယောက်ရဲ့ လမ်းတွေပေါ်မှာ လက်ချင်းတွဲကာ အလည်အပတ်ထွက်ခဲ့တာကို တွေ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၂၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အော်စကာဆုရှင် မင်းသမီး ဂျနီဖာလောရန့်စ်နဲ့ ကွတ်ခ်မာရွှန်နေးတို့ဟာ မကြာသေးမီကမှ စေ့စပ်ကြောင်းလမ်းခဲ့ကြတာပါ။ လတ်တလော နယူးယောက်မှာ အလည်အပတ်ထွက်ကြရာမှာ နေ့လယ်စာအတူစားကာ စကားတွေပြောရင်း လမ်းတွေလည်း အတူလျှောက်ခဲ့ကြပါတယ်။ ဒီလို ချိန်းဆိုတွေ့ဆုံရာမှာ သူတို့နှစ်ဦးဟာ တစ်ဦးကိုတစ်ဦး လက်တွဲမဖြုတ်ဘဲ ရှိနေတာကိုလည်း တွေ့ရပါတယ်။





# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ဓမ္မစကြာမြန်မာဋီကာ



စာရေးသူ ဓမ္မာစရိယဦးအောင်ကျော်မိုး (အနန္တာနန္ဒ) စီစဉ်ရေးသားသည့် ဓမ္မစကြာမြန်မာဋီကာ စာအုပ်ထွက်ရှိလာသည်။

တရားနာရသောအရသာ၊ တရားဟောရသောအရသာ၊ တရားအားထုတ်ရသောဝိပဿနာ ပီတိအရသာ၊ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ နိဗ္ဗာန်အရသာများသည် သံသရာဝဋ်၏အဆုံးကိုပြသော အရဟတ္တဖိုလ်ဟူသော အဆုံးရှိ၏။ အမတရသ- မအို၊ မနာ၊ မသေရာ နိဗ္ဗာန်ဟူသော ရသဓာတ်ရှိ၏။ ထို့ကြောင့် အရသာအားလုံးထက် တရားအရသာကအမြတ်ဆုံးဟုဆိုရသည်။ ဓမ္မရသ- ဓမ္မစကြာ မြန်မာဋီကာသဖွယ် ဤစာစုများသည် ဓမ္မစကြာပါဠိကို အဋ္ဌကထာ-ဋီကာလာသည့်အတိုင်း မြန်မာစာဖတ်သူတို့ သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ရေးသားထားသည်။

**စာအုပ်ကို-မဇ္ဈိမစာပေ၊ အမှတ်- ၂၃၇၊ ပထမထပ်-ဝဲ၊ ၃၉-လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၀၁ ၈၃၉၂၈၃၅ နှင့် ၀၉ ၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။**

## မြန်မာနှင့် အိန္ဒိယ ကိုလိုနီလက်အောက်အတွေးအခေါ်နှင့် ပညာရပ်ပိုင်းဆိုင်ရာ သွင်ပြင်လက္ခဏာတချို့





စာရေးသူ စိုးမြတ်နွယ် (ဘာသာပြန်) စီစဉ်ရေးသားသည့် မြန်မာနှင့် အိန္ဒိယ ကိုလိုနီလက်အောက် အတွေးအခေါ်နှင့် ပညာရပ်ပိုင်းဆိုင်ရာ သွင်ပြင်လက္ခဏာတချို့ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မြန်မာနိုင်ငံသားများ၏ သိသင့်သိထိုက်သည့် အကြောင်းအရာများ၊ အတွေးအခေါ်အယူအဆများ၊ သမိုင်းကြောင်းများ အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ သုံးသပ်ချက်များလည်းဖော်ပြထားသဖြင့် နိုင်ငံရေးသမားများ၊ စာပေသမားများ၊ တက်ကြွလှုပ်ရှားသူများ၊ ကျောင်းသားလူငယ်များနှင့် လူတန်းစားမရွေး ဖတ်ရှုနိုင်စေရန် မြန်မာဘာသာပြန်ဆိုထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

**စာအုပ်ကို-ဂျာနယ်လစ်စာပေ၊ အမှတ်-၈၁၃၊ ဒုတိယထပ်၊ နွယ်သာကီအိမ်ရာ၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၃၁၄၀၃၅၃ နှင့် ၀၉ ၄၄၃၁၄၀၃၅၃ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**

## လူငယ်တွေအတွက် အောင်မြင်မှု အတွေးစကား ၇၇





စာရေးသူ အကြီးကိုကို(ကသာ) စီစဉ်ရေးသားသည့် လူငယ်တွေအတွက် အောင်မြင်မှု အတွေးစကား ၇၇ စာအုပ်ထွက်ရှိလာသည်။

လူတစ်ယောက်တွင် တစ်ရက်လျှင် ၂၄နာရီစီပိုင်ဆိုင်ထားပြီး ယင်းကဲ့သို့ ပိုင်ဆိုင်ထားသည့်အချိန်များကို အကောင်းဆုံး အကျိုးရှိရှိ အသုံးချနိုင်သည့် သူသည် ရှေ့ကိုရောက်ရှိခြင်း၊ အောင်မြင်မှုပန်းတိုင်ကို ဆုပ်ကိုင်ထားနိုင်မည်ဖြစ်သည်။ သင်မျှော်မှန်းသည့်ပန်းတိုင်ကို မနက်ဖြန်လို့ သတ်မှတ်လိုက်ပါ၊ သင်သည် မနေ့ကလည်း ဘာမျှအားမစိုက်ခဲ့ဘူး၊ အခုလက်ရှိပိုင်ဆိုင်နေသည့် ဒီနေ့ကိုလည်း အကျိုးရှိရှိအသုံးမချနိုင်ခဲ့လျှင် သင့်အနာဂတ်၏ အိပ်မက်ဖြစ်သည့် မနက်ဖြန်ဆိုသည့် ပန်းတိုင်သည်လည်း လှပလာမည် မဟုတ်ပါ၊ လောကကြီးတွင် လူတိုင်းအောင်မြင်လိုကြသည်။ အောင်မြင်လိုပါက အတွေးအခေါ်လှပပါစေ၊ သင်ပိုင်ထားသည့် တစ်ရက်ကို အကောင်းဆုံးအသုံးချရမည်ဖြစ်ကြောင်း ရေးသားထားသည်။

**စာအုပ်ကို-၇၇၇၇ စာပေ၊ ၃၈ လမ်းပလာဇာ၊ ၃၈ လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၂၅၀၂၆၅၉၂၅ မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**

## မရေးတတ်ရေးတတ်ရေးတဲ့ကဗျာ





ကဗျာစာပေဖတ်ရှုလိုသူများအတွက် စာရေးသူအော်ကျူး စီစဉ်ရေးသားသည့် မရေးတတ်ရေးတတ်ရေးတဲ့ကဗျာစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ရုပ်သေးရုပ်လေးများ၊ လူမိုက်တစ်ယောက်ရဲ့ဒဿန၊ ပြီးဆုံးခြင်း၊ ဆေးပေါင်းခမယ့်ကတိ၊ ဆူး၊ သောကလည်ပြန်၊ လမ်းခွဲညဝေဒနာ၊ တမ်းတခြင်း၊ အချစ်ဆုံးမုန်းသူ၊ ထာဝရမဟုတ်တဲ့တစ်ခါက၊ တကယ်တော့၊ နေရာဟောင်း၊ တစ်ခန်းရပ်မှတ်တမ်း၊ ဖက်တွယ်ခြင်း၊ ဇာတ်နာသူ တစ်ယောက်အကြောင်း စသည် ကဗျာပုဒ်ရေ ၇၀ကျော်ပါရှိသဖြင့် ကဗျာဖတ်ရှုလိုသူများအတွက် ရည်ရွယ်၍ စာရေးသူ၏ ရင်တွင်းခံစားမှုများကို ရေးသားထားခြင်းဖြစ်သည်။

**စာအုပ်ကို-ခင်မြတ်သူစာပေ ဖုန်း-၀၉ ၉၆၄၀၈၂၁၆၄ နှင့် ၀၉ ၇၃၀၈၂၁၆၄ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**

## မဇ္ဈိမနိကာယ် အနှစ်ချုပ်




ဒေါက်တာအရှင်သူရိယ Ph.D (Philosophy) ပြုစုရေးသားသော မဇ္ဈိမနိကာယ် အနှစ်ချုပ် စာအုပ်ထွက်ရှိလာပြီဖြစ်သည်။

မြတ်ဗုဒ္ဓဝါဒ၏ အခြေခံကျင့်စဉ်ဖြစ်သော မဇ္ဈိမပဋိပဒါလမ်းစဉ်နှင့် မဂ္ဂင်ရှစ်ပါး၊ သတိပဋ္ဌာန်လေးပါး ပဋိစ္စသမုပ္ပာဒ်တရားတို့ တိကျမှန်ကန်ပုံ၊ ရုပ်တရား၊ နာမ်တရားတို့၏ အနှစ်မဲ့သဘော နိဗ္ဗာန်၏သဘာဝနှင့် နိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ်၊ ကိလေသာတဏှာတို့၏ ပူပြင်းနှိပ်စက်တတ်ပုံ၊ ဈာန်သမထဝိပဿနာ၏ အေးငြိမ်းပုံစသော ဗုဒ္ဓ၏အတွေးအခေါ်၊ ဓမ္မသဘာဝများစွာတို့ကို အကျယ်တဝင့် ဆွေးနွေးတင်ပြထားသည့်အပြင် အိန္ဒိယနိုင်ငံ ဘာသာရေးသမားအသီးသီးတို့၏ အယူဝါဒနှင့် အကျင့်အကြံများကိုလည်း သိရှိနိုင်မည်ဖြစ်၍ ဖတ်ရှုလေ့လာသင့်သောစာအုပ်ဖြစ်သည်။

**စာအုပ်ကို-မြတ်မျိုးမြန်မာစာပေ၊ အမှတ်(၂-ခ)၊ တရုတ်ကျောင်းလမ်း၊ သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**

## ကျောင်းသားလူငယ်နှင့် စာဖတ်ခြင်း





ကျောင်းသားလူငယ်များ စာဖတ်ခြင်းအလေ့အထကိုမဖြစ်မနေ ဆောင်ရွက်သင့်ကြောင်း စာရေးသူ ရွှေဒါးမောင်မြင့်ထွန်း (အမျိုးသားစာပေဆုရ) စီစဉ်ရေးသားသည့် ကျောင်းသားလူငယ်နှင့် စာဖတ်ခြင်းစာအုပ် ထွက်ရှိလာသည်။

ယနေ့ကျောင်းများ (တက္ကသိုလ်များအပါအဝင်) တွင် ကျောင်းစာကိုချည်း သင်ကြားနေရုံမျှဖြင့် မပြည့်စုံနိုင်ကြောင်း၊ ကျောင်းတွင်သင်ကြားသည့် ကျောင်းသင်ခန်းစာ ဘာသာရပ်များအပြင် ပြင်ပလောက၌ လူတစ်ယောက်၏ဘဝတွင် တွေ့ကြုံရင်ဆိုင်လာရမည့် လူမှုဆက်ဆံရေး၊ စီမံခန့်ခွဲရေး၊ ပေါင်းသင်းဆက်ဆံရေး၊ တာဝန်ဝတ္တရားများ၊ ဘဝနေနည်း၊ ဘဝပြဿနာ ဖြေရှင်းနည်း၊ ပြည်သူ့နီတိဆိုင်ရာ၊ ဒီမိုကရေစီဆိုင်ရာ၊ လူ့အခွင့်အရေးဆိုင်ရာ အသိပညာများကိုပါ လေ့ကျင့်သင်ကြားပေးသင့်ကြောင်းနှင့် အောင်မြင်တိုးတက်လိုသူတိုင်း စာပေကို ဖတ်ရှုလေ့လာသင့်ကြောင်း ရေးသားထားသည်။

**စာအုပ်ကို-အောင်သပြေစာပေ၊ အမှတ်-၅၀၃/၁၊ စုမြတ်သရဖီလမ်း၊ မအူစုရပ်ကွက်၊ ဒါးပိန်မြို့၊ လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၉၅၃၉၉၈၈၆ နှင့် ၀၉ ၇၈၅၁၇၅၃၉၀ တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိသည်။**

## အနုသယကံ့ကော်




၂၀၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ်အဖြစ် စာရေးသူ မောင်ရင့်ကျူး (မြောင်းမြ) စီစဉ်ရေးသားသည့် အနုသယကံ့ကော်စာအုပ် ထွက်ရှိလာသည်။

ရန်ကုန်တက္ကသိုလ် ကံ့ကော်မြိုင်တန်း(ကံ့ကော်တော) အနံ့အသက်နှင့် အရိပ်အငွေ့ကို တက္ကသိုလ်ကျောင်းသား ကျောင်းသူတိုင်း ခံစားကြရသည်။ တက္ကသိုလ်၏ အရိပ်အာဝါသက ပညာရှာမှီးရာ၊ ပညာသင်ကြားဆည်းပူးရာဝန်းကျင်အဖြစ် အေးမြလှသည်။ မြက္ခန်းညိုညို ကံ့ကော်တောနှင့် သစ်ပုပ်ပင်ကြီးက ညိုမှိုင်းနေအောင်အေးမြလှသည်။ အုံ့ဆိုင်းနေသည့် ပိန္နဲပင်ကြီးများနှင့် ရေတမာပင်တန်းများက ကံ့ကော်တောကို သဘာဝအလှအပများဖြင့် အားဖြည့်ထားကြောင်း စာရေးသူ နှစ် ၂၀ ကျော် ကာလအတွင်း တက္ကသိုလ်ကျောင်းသားဘဝ၏ ခံစားမှုများကို စာဖတ်သူများ သိရှိနိုင်စေရန် ဖော်ကျူးရေးသားထားသည်။

**စာအုပ်ကို-Media Data ဖုန်း ၀၉ ၇၇၉၀၀၀၄၀၅ မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။**

## ကင်ဆာဘေး ဝေးကြစေ




ကင်ဆာနှင့်ပတ်သက်သည့်အကြောင်းအရာများကို လေ့လာလိုသူများအတွက် စာရေးသူ ပေါက်ပေါက်စီစဉ်ရေးသားသည့် ကင်ဆာဘေး ဝေးကြစေ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကင်ဆာရောဂါအမျိုးအစားများနှင့် ရောဂါလက္ခဏာများ၊ ကလေးများတွင် အဖြစ်များသောသွေးကင်ဆာ၊ အမျိုးသားများတွင် အဖြစ်များသော လျှာ၊ ခံတွင်း၊ ဆီးကျိတ်ကင်ဆာများ၊ အမျိုးသမီးများတွင် အဖြစ်များသော ရင်သားကင်ဆာ၊ သားအိမ်ခေါင်း ကင်ဆာ၊ မမျိုးဥအိမ်ကင်ဆာများ၊ ကင်ဆာကို ကုသနိုင်သော သဘာဝကုထုံးများ၊ အဆိပ်ဖြေနည်းများ၊ ကင်ဆာကို ခုခံပေးမည့် ယောဂကျင့်စဉ်များ၊ ရှောင်ရှားရမည့် ကင်ဆာဖြစ်စေနိုင်သော အစားအစာများ၊ ဆင်ခြင်ရမည့် အမူအကျင့် အနေအထိုင်များ စသည့်ကင်ဆာနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရေးသားထားသည်။

**စာအုပ်ကို-ရန်အောင်စာပေ၊ အ-ထ-က (၁) ရန်ကင်းကျောင်းရှေ့ ဆိုင်အမှတ်(H)၊ ၁၂ လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၀၉၅၁၇၉၃၉၈၊ ၀၉၇၃၂၄၃၈၅၁ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**

# ဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး) ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို) ဖြစ်ရမည်။

(ခ) ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးရ။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၃၀ ထက် မကျော်ရ။

(ဃ) (M.B.B.S) သို့မဟုတ် (B.D.S) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(မူရင်း)အား တင်ပြနိုင်ရမည်။

၂။ သက်ဆိုင်ရာတက္ကသိုလ်မှ (Grading Certificate) အမှတ်စာရင်းပါရှိရမည်။

၃။ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

၄။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ (မူရင်း)နှင့် ပတ်စပို့အရွယ်ဓာတ်ပုံ ၃ ပုံ ပူးတွဲတင်ပြရမည်။

၆။ တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၇။ လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမ ကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်။

၈။ လျှောက်လွှာကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး၊ အောက်တိုဘာလ ၂၅ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**သို့ ပေးပို့ကြရမည်။

၉။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီ ပေးပို့သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာ တင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်း မေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိုင်းနန္ဒာ

**ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ စိုက်ပျိုးရေးဦးစီးဌာန**
**(B.Agr-78)**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရန်နိုင်လမ်းသွယ် (၁၂)လမ်း၊ အမှတ် (၁၆၇/၆)နေ ဒေါ်သီတာအောင်၏ချစ်လှစွာသောခင်ပွန်း ဦးစိုင်းနန္ဒာ ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ စိုက်ပျိုးရေးဦးစီးဌာန (B.Agr-78)သည် ၁၀-၉-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပြီး ကောင်းရာသုဂတိလားပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

**ဦးလှကျော် (ဒုတိယဝန်ကြီး)၊ ဇနီး ဒေါ်သန်းသန်းငွေ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်နီ
### အသက် (၈၉) နှစ်

ရန်ကုန်တက္ကသိုလ်၊ သတ္တဗေဒကျောင်းသူကျောင်းသားဟောင်း များ၏ လူမှုကူညီစောင့်ရှောက်မှုအသင်းကို အစစအရာရာကူညီစောင့် ရှောက် လှူဒါန်းပေးသော ဦးဝင်းအောင်နီ (ဒုရဲမှူး-ငြိမ်း၊ ၁၉၇၈)၏ ဖခင် ဦးမောင်မောင်နီ ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်**
**သတ္တဗေဒကျောင်းသူကျောင်းသားဟောင်းများ၏**
**လူမှုကူညီစောင့်ရှောက်မှုအသင်း**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိုင်းနန္ဒာ

**ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ စိုက်ပျိုးရေးဦးစီးဌာန**
**(B.Agr-78)**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရန်နိုင်လမ်းသွယ် (၁၂)လမ်း၊ အမှတ် (၁၆၇/၆)နေ ဒေါ်သီတာအောင်၏ချစ်လှစွာသောခင်ပွန်း ဦးစိုင်းနန္ဒာ ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ စိုက်ပျိုးရေးဦးစီးဌာန (B.Agr-78)သည် ၁၀-၉-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပြီး ကောင်းရာသုဂတိလားပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

**ဒေါက်တာရဲတင့်ထွန်း (ညွှန်ကြားရေးမှူးချုပ်)နှင့်**
**စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ လမ်း ဒါယိကာမကြီး**
## ဒေါ်သန်းကြည် (၈၉)နှစ်

လယ်ဝေးမြို့နေ (ဦးမြ-ဒေါ်အေးသုန်)တို့၏ သမီး၊ ချောက်မြို့နေ (ဦးမြို့-ဒေါ်သင်းမြိုင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့ သဃ်ာန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၃)ရပ်ကွက်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ်(၂၇)နေ [ဗိုလ်မှူးကြီးအောင်ဝင်း(ငြိမ်း)]၏ ဇနီး၊ ဒေါ်ငွေငွေဝင်း-[ဒုတိယဗိုလ်မှူးကြီးအုန်းဟန်-(ငြိမ်း)]၊ ဗိုလ်ကြီးသန်းထွဋ်ဝင်း(ငြိမ်း)-ဒေါ်မေရီစိန်၊ ဒုတိယဗိုလ်မှူးကြီးကြည်ထွဋ်ဝင်း(ငြိမ်း)၊ ဒေါ်သွဲ့သွဲ့ဝင်း-ဗိုလ်မှူးကြီးစိုးကြည်(ငြိမ်း)၊ ဒေါ်နွဲ့နွဲ့ဝင်း-ဦးထွန်းထွန်းဦး၊ ဒေါက်တာခင်ခင်ဝင်း (ရူပဗေဒဌာန-ရန်ကုန်တက္ကသိုလ်)-ဦးတင်မောင်ကြည်၊ ဒေါ်လဲ့လဲ့ဝင်း-ဦးရဲမြင့်၊ ဒေါ်မို့မို့ဝင်း-ဦးသက်လွင်၊ ဦးမင်းထွဋ်ဝင်း-ဒေါ်ချိုနှင်းအေးတို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသမိခင်ကြီး၊ မဝိုင်းဝိုင်းဟန်-ကိုမျိုးသူရိန်၊ မမေအိဟန်-ကိုစည်သူဝင်း၊ ဒေါက်တာလမိုး၊ မောင်ဇော်ထွဋ်ဝင်း- ဒေါက်တာရွှေဆုမွန်၊ မဝါဝါဝင်း-ဗိုလ်မှူးလင်းထင်၊ မောင်ကျော်မိုးသက်-မအေးသီရိအောင်၊ မစိုးပြည့်စုံဝင်း-မောင်စိုင်းပြေစိုးဦး၊ မောင်စိုးမြတ်ထွန်း၊ မခိုင်ငြိမ်းသန့်၊ မောင်အောင်မိုးသက်၊ မအိမို့သက်တို့၏ ချစ်လှစွာသောအဘွား၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၀-၉-၂၀၁၉ (အင်္ဂါနေ့) နံနက် ၈း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစိုင်းနန္ဒာ (လင်းခေး)

**ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ စိုက်ပျိုးရေးဦးစီးဌာန**
**(B.Agr-78)**
### အသက် (၆၈) နှစ်

(ဦးနန္ဒ-ဒေါ်နန်းဥ)တို့၏ သားကြီး၊ (ဦးအုန်းသောင်-ဒေါ်တင်ကြည်)တို့၏ သားသမက်၊ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရန်နိုင်လမ်းသွယ် (၁၂)လမ်း၊ အမှတ် (၁၆၇/၆)နေ ဒေါ်သီတာအောင်၏ ချစ်လှစွာသောခင်ပွန်း၊ စိုင်းဥက္ကာ-မပြည့်ဖြိုးစံ၊ နန်းခမ်းဆိုင်တို့၏ဖခင်၊ နန်းလင်းလဲ့အိဗိုလ်၏အဘိုး ဦးစိုင်းနန္ဒာ(လင်းခေး) သည် ၁၀-၉-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကား များ နံနက် ၉း၃၀ နာရီတွင် ထွက်ပါ မည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၉-၂၀၁၉ (စနေနေ့) နံနက် ၉ နာရီမှ ၁၁နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌ အိပ်ပျော်ခြင်း**
## Pu Dal Za Mang
### အသက် (၆၄) နှစ်

ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ တိုက်(၄)၊ အခန်း (၁၀၁)၊ (၂)လမ်း၊ (အေဘလောက်)နေ (Pu Thang Khaw Mang-Pi Kham Do Niang)တို့၏သားထွေး၊ (Rev.Hau Do-Pi Vum Za Awi)တို့၏ သားသမက်၊ (Pi Man Dim)၏ချစ်လှစွာ သောခင်ပွန်း၊ Nu Niang Ngaih Lun-Pa Kham Lian Pau (USA)၊ Pastor Mang Lian Pau (သင်းအုပ်၊ ကျောက်မဲအေဂျီ)- Nu Vung Khen Lun (လယ်ပြ၊ နမ္မတူ)၊ Nu Awi Nuam Cing-Pa Dongh Khan Khual (USA)၊ Nu Do Lam Niang-Pa Cin Do Pau တို့၏ချစ်လှစွာသောဖခင်ကြီး၊ မြေး ကိုးယောက်တို့၏အဘိုး Pu Dal Za Mang သည် ၁၀-၉-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄း၁၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ သဖြင့် ၁၂-၉-၂၀၁၉ (ကြာသတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်း ပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်၊ ပိတောက်ကွေ့ Word of Hope (AG) ဘုရား ကျောင်း၊ မောန္ဒေလဘုရားကျောင်းရှေ့မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ကြူကြူ (မင်းဘူး)
**U.S.A (California)**
### အသက် (၉၄) နှစ်

မင်းဘူးမြို့နေ ဦးဘစိန်-ဒေါ်သိန်းတို့၏တစ်ဦးတည်းသောသမီး၊ San Jose (California USA)-(ဗိုလ်မှူးကျော်မြင့်)၏ဇနီး၊ ဦးကျော်ဒိုက်-(NawEstella)၊ ဒေါ်နွယ်နွယ်ကျော်မြင့်-(Robert Allen)၊ ဦးမျိုးကျော်မြင့်-ဒေါ်ဥမ္မာဝင်း၊ ဒေါ်နီလာကျော်မြင့်၊ (လူလူကျော်မြင့်)- Margaret Hannen ၊ မေမမကျော်မြင့်-Phil၊ ဖြူဝါကျော်မြင့်- Richard Cheung တို့၏ မွေးသမိခင်၊ ဖြူစင်မျိုးကျော်မြင့်၊ ဥမ္မာမျိုးကျော်မြင့်၊ သီရိမျိုးကျော်မြင့်၊ Ollie and Nick တို့၏အဘွား၊ ဇေယျာမြင့်၊ သူရိန်ဝင်း၊ သော်မြင့်တို့၏ဘွားဘွားကြီး ဒေါ်ကြူကြူ သည် ၉-၉-၂၀၁၉ ရက် ညနေတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေး ရပ်နီး ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း၊ လမ်းဒါယိကာမကြီး**
## ဒေါ်ထိုလျှမ် (ခ) ဒေါ်မြသီ (ခရမ်းမြို့)
### အသက် (၉၃) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့ အမှတ် (၂)၊ ကမ်းနားလမ်းနေ (ဦးဖိုးလု-ဒေါ်ကျင်အေး)တို့၏သမီး၊ (ဦးဒေါင်တန်း-ဒေါ်ချို)တို့၏သမီးချွေးမ၊ ဦးတုတ်၏ ချစ်လှစွာသောဇနီး၊ ဦးသိန်းသန်း-ဒေါ်ခင်အေး၊ ဒေါ်လှလှ၊ ဦးကျင်စိုး၊ ဒေါ်ခင်အေးဝင်း၊ ဦးတင်ရွှေ၊ ဦးကျော်ဝင်းတို့၏မွေးသမိခင်၊ မြေး လေးယောက်၊ မြစ် ငါးယောက်တို့၏ဘွားဘွားကြီး ဒေါ်ထိုလျှမ်(ခ)ဒေါ်မြသီသည် ၁၁-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ခရမ်းမြို့ တရုတ်သုသာန်သို့ ပို့ဆောင်၍ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၉-၂၀၁၉ ရက် နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမုတ်ဆိတ် (ခ) ဦးပင့်ကွင် (ဖျာပုံ)
### အသက် (၈၁) နှစ်

ဖျာပုံမြို့ (၅)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၁၁) နေ ဦးစစ်အောင်-ဒေါ်ကျင်မေတို့၏သား၊ ဒေါ်စန်းစန်းရီ (ခ) ဒေါ်ရှုဝင်း၏ ခင်ပွန်း၊ ကိုသိန်းလင်း၊ မလှလှဝင်း၊ ကိုသောင်းလင်း၊ ကိုဝေလင်း၊ မယုမေ၊ မမေသင်းနွယ်တို့၏ ဖခင်၊ မြေးငါးယောက်တို့၏အဘိုး ဦးမုတ်ဆိတ်(ခ)ဦးပင့်ကွင်သည် ၁၁-၉-၂၀၁၉ ရက်တွင် ကွယ်လွန်သွား ပါသဖြင့် ၁၃-၉-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ဖျာပုံမြို့ (၈)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၇၁) နေအိမ်မှ တရုတ်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်ဦးသဒ္ဒါ (မင်းပြား)
### အသက် (၇၅) နှစ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ရွှေလောင်းလမ်း၊ တိုက်(၃၅)၊ ဒုတိယ ထပ်၊ နှစ်လွှာ(ခေါင်းရင်းခန်း)နေ မင်းပြားမြို့ (ဦးအောင်ကျော်ဖြူ-ဒေါ်အိုဇာဖြူ)တို့၏ သမီးကြီး၊ (ဦးမောင်ရွှေဦး)၏ဇနီး၊ ဒေါ်မသန်းရီ၊ ဒေါ်သန်း သန်းကြည်၊ ဒေါ်ခင်အေးကြည်၊ Dr.ငွေငွေရွှေ (ခေတ္တ-စင်ကာပူ)၊ ဒေါ်စိုး သန္တာမြင့် (Accountant၊ မြန်မာ့ဖွဲ့မာန်ကုမ္ပဏီ)တို့၏မွေးသမိခင်သည် ၁၁-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၉-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသန်းလွင်

**လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
### အသက် (၆၄) နှစ်

ရန်ကုန်မြို့ မြေနီကုန်းနေ [ဦးမောင်မောင်ကြီး (နိုင်ငံ့ဂုဏ်ရည်ဒုတိယ ဆင့်၊ မော်ကွန်းဝင်ဒုတိယဆင့်)-ဒေါ်ကျင်မြိုင်]တို့၏သားကြီး၊ ဦးတင်လှိုင်-ဒေါ်ကြူကြူလွင် (လက်ထောက်အထွေထွေမန်နေဂျာ၊ ဘဏ္ဍာရေး၊ မြန်မာ့ သစ်လုပ်ငန်း-ငြိမ်း)၊ [ဒေါ်ဖြူဖြူလွင်(တိုင်းရင်းဆေး-ငြိမ်း)]တို့၏ မောင်၊ ဒေါ်ဝါဝါချို (Medical Technologist)၊ (ဦးအုန်းလွင်)၊ ဒေါ်အေးအေးချို (တိုင်းရင်းဆေး-ငြိမ်း)၊ ဦးမောင်မောင်လွင်-ဒေါ်သင်းသင်းဝါ၊ ဗိုလ်ကြီး အောင်အောင်လွင်(ငြိမ်း) (O.T.S-88)-ဒေါ်ချိုမီကံ၊ ဦးညီညီလွင် (လက်ထောက် အထွေထွေမန်နေဂျာ၊ မြန်မာ့စာတိုက်လုပ်ငန်း)-ဒေါ်သန္တာဝင်း တို့၏အစ်ကို၊ တူ/တူမ ၁၇ ယောက်တို့၏ ဦးလေး/ဘကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉) ရပ်ကွက်၊ သခင်ဗဟိန်းလမ်း၊ အမှတ်(၅၁၂)နေ ဒေါ်ခင်ဆွေယု(မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)၏ခင်ပွန်း၊ ဦးထင်လင်းနောင် (Graphic Designer)-ဒေါ်ငြိမ်းငြိမ်းအေး၊ ဦးနိုင်လင်းအောင်(A.B-MV-Tian Shan)၊ မအိမွန်ဖြိုး(Skynet)တို့၏ ချစ်လှစွာသောဖခင်၊ မသည်းအိန္ဒြေဦး၊ မသည်း အိန္ဒြေချို၊ မောင်လင်းသုတဦးတို့၏အဘိုး ဦးသန်းလွင်သည် ၁၁-၉-၂၀၁၉ ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကား နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန် သူအားရည်စူး၍ ၁၇-၉-၂၀၁၉ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးထွန်းရွှေ (သထုံ)

**ဒုရဲမှူး (ငြိမ်း)၊ အင်းစိန်မြို့နယ် ပန်းချီအသင်း (ဥက္ကဋ္ဌ)**
### အသက် (၈၁) နှစ်

ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ သီရိမင်္ဂလာလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အမှတ်(က/၈)နေ (ဦးဘသွင်-ဒေါ်ရွှေ)တို့၏သား၊ (ဦးပန်းညွှန့်-ဒေါ်နှင်းရွှေ)တို့၏သားသမက်၊ (ဦးအောင်ကြီး-ဒေါ်မြရီ)၊ ဦးမင်းနောင်-ဒေါ်ခင်သန်းနွဲ့၊ ဦးအောင်သန်း-(ဒေါ်တင်တင်အေး)တို့၏ညီ/မောင်၊ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ (ဦးထွန်းမြင့်ဦး)၊ (ဦးထွန်းမြင့်ကျော်)-ဒေါ်နုကေသွယ်အောင်၊ ဒေါ်ခင်ချိုမြင့် (AwRa Trading Co., Ltd)၊ (ဦးထွန်းမြင့်ဇော်)၊ ဦးကျော်မျိုးနိုင်-ဒေါ်ခင်စန္ဒာထွန်း(AwRa Trading Co.,Ltd)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်မင်းထက်အောင်ကျော်(WYU)၊ မောင်သြရထွန်း(MIU)၊ မအိန္ဒြာကျော်(ဒဂုံတက္ကသိုလ်)၊ မအမရာဦး(ISM, G-9)တို့၏ဘိုးဘိုးကြီး ဦးထွန်းရွှေ(သထုံ)သည် ၁၀-၉-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁း၃၅ နာရီတွင် ဝိတိုရိယ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၉-၂၀၁၉ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး အရိုးကောက်ရေမျှောမည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅ နာရီတွင် ထွက်ပါ မည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ နတ်လမ်း၊
## ရေချမ်းစင် သာသနာ့ဒါယကာကြီး
# ဦးသင်းအောင်(ခ)ဦးတလုပ်ကြီး(ပန်းတနော်)
## အသက် (၇၅) နှစ်

ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ သစ်ယာလမ်း၊ အမှတ် (၁၂)နေ (ဦးဘတင်-ဒေါ်စိန်မယ်)တို့၏သား၊ (ဦးဘသောင်း-ဒေါ်မြတင်)တို့၏ သားသမက်၊ ဒေါ်အေးသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသီဟထွန်း-ဒေါ်ဖြူဖြူသင်း(ပန်းတနော်ဆိုင်-သီရိမင်္ဂလာဈေးသစ်)၊ ဦးကျော်လင်းအောင်-ဒေါ်ခင်သီတာနိုင် ("UC" Car Co.,Ltd)၊ ဗိုလ်ကြီးဖြိုးဝေစိုး(ငြိမ်း)-ဒေါ်ပို့ပို့သင်း (ပန်းတနော်စတိုး)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မောင်မင်းစည်သူ၊ မောင်သက်နောင်စိုး(အထက-၄၊ အလုံ)၊ မအေးချမ်းမြတ်(ခ) UC (အထက-၁၊ ဒဂုံ)တို့၏ ဘိုးဘိုးကြီးသည် ၁၀-၉-၂၀၁၉ (အင်္ဂါနေ့) ည ၇း၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အနိစ္စ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သန်းကြည် (မော်ကျွန်း)
### အသက် (၉၇) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့ (၂)ရပ်ကွက်၊ သဇင်လမ်းနေ [ဦးဂျေစီဒက်(မြို့နယ်ပြည်သူ့ဆေးရုံဆေးစပ်ဆရာ-ငြိမ်း)]၏ဇနီး၊ ဒေါ်အေးအေးစန်း (အထက်တန်းပြ-ငြိမ်း၊ မော်ကျွန်း)၏ မွေးသမိခင်သည် ၉-၉-၂၀၁၉ (တနင်္လာနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ မော်ကျွန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကျော်အေး (၇၉) နှစ်

**(ရွှေတောင်မြို့နယ်အသင်း)**
**(ဗိုလ်ချုပ်ဈေးကုန်ပဒေသာဆိုင်)**
**ဇဟာန်းမြို့နယ် ကုန်သွယ်ရေး-ငြိမ်း**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၊ (၂၈)လမ်း၊ (အလယ်ဘလောက်)၊ အမှတ်(၁၂၁)၊ (ပ)ထပ်နေ ဒေါ်အေးကြင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်စိုးမင်း-ဒေါ်သီဂီထွန်း၊ ဦးဇော်လင်းအောင်-ဒေါ်လဲ့လဲ့မင်းတို့၏ ချစ်လှစွာသော ဖခင်၊ မောင်အောင်ခန့်ဇော် (G-7၊ အထက-၁၊ ဒဂုံ)၊ မောင်အောင်ကောင်းကျော် (G-7၊ အထက-၁၊ ဒဂုံ)တို့၏ ချစ်လှစွာသောအဘိုးသည် ၁၀-၉-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် ဗဟိုရဲစည်အထူးကုဆေးရုံ၌ ကွယ်လွန် သွားပါသဖြင့် ၁၂-၉-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေး သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါ မည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ယွေ
### အသက် (၈၃) နှစ်

လှိုင်လင်ခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးလွင်ဦး (ပ/၃၉၅၂)၏ဖခင် ဦးတင်ယွေသည် ၈-၉-၂၀၁၉ ရက် ညနေ ၄ နာရီတွင် မော်လမြိုင်မြို့နယ်၊ ရွှေနတ်တောင်ကျေးရွာ နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**ထွေအုပ်အပတ်စဉ် (၁၅) သူငယ်ချင်းများ**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ့ကြံသကြားကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ့ကြံသကြားကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ (Sugar Forum-2019) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၁**

မြန်မာ့ကြံသကြားဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ (Sugar Forum-2019) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေးဝန်ကြီးများ၊ လွှတ်တော်ရေးရာ ကော်မတီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆

# အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့မှ ကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့ ရခိုင်ပြည်နယ်သို့ သွားရောက်ခဲ့ပြီး တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် နေရပ်စွန့်ခွာသူများနှင့်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင် ဦးဆောင်သည့် အာဆီယံ(၉)နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့မှ ကိုယ်စားလှယ်များသည် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၀ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိရာ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❍

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင် ဦးဆောင်သည့် အာဆီယံ(၉)နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့မှ ကိုယ်စားလှယ်များ တစ်ဖက်နိုင်ငံမှ မိမိအစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်လာသည့် မွတ်ဆလင်မိသားစုဝင်များအား တွေ့ဆုံစဉ်။**

